# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၀၇၈)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂ ရက်တွင် “၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ” ကို *စာမျက်နှာ ၃ ကော်လံ ၁* ❒

# ကိုဗစ်-၁၉ ကာလအတွင်း ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအပေါ်မူတည်ပြီး သင်္ဘောခရီးစဉ်များ ပြောင်းလဲပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသော ကာလမှစ၍ ယနေ့အချိန်ထိ ရန်ကုန် (ပန်းဆိုးတန်း–ဒလ) ကူးတို့ဆိပ်ကမ်း၌ အနယ်နယ်အရပ်ရပ်မှ ခရီးသည်များ သွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် ရန်ကုန်မြစ်အတွင်း၌ ချယ်ရီ သင်္ဘောသုံးစင်းဖြင့် အလှည့်ကျပို့ဆောင် ပြေးဆွဲပေးလျက်ရှိရာ လက်ရှိအချိန်တွင် သင်္ဘောခရီးစဉ် အချိန်များအား ခရီးသည် သွားလာမှု (အနည်းအများ) အခြေအနေပေါ် မူတည်ပြီး အချိန်ပြောင်းလဲသတ်မှတ်၍ ပြေးဆွဲပေးလျက်ရှိကြောင်း ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးမြစ်ဝကျွန်းပေါ် ဌာနခွဲမှ သိရသည်။

“ ကျွန်တော်တို့ ခရီးစဉ်နဲ့ ခရီးသည် သွားလာမှုအဆင်ပြေမှု ရှိ မရှိ နေ့တိုင်း ဆင်းပြီးတော့ စစ်ဆေးတယ်။ လိုအပ်ချက် တွေကို ပြင်ဆင်နိုင်အောင်ပါ။ ခရီးသည်တွေ များလာရင် ခွဲပြီးပို့ဆောင်နိုင်အောင် စီစဉ် ထားတာရှိပါတယ်။ လက်ရှိခရီးသည် အခြေ အနေကိုလည်း ကြည့်ရပါတယ်။ ပုံမှန် အခေါက်ရေ ၄၆ ခေါက်အတိုင်း ပြန်မဆွဲနိုင် သေးတာက နံနက်ပိုင်းနဲ့ ညနေပိုင်း ရုံးတက် ရုံးဆင်းချိန်တွေမှာ ခရီးသည်များပါတယ်။ နေ့လယ်ပိုင်း အချိန်မှာတော့ ခရီးသည်နည်း တာကို တွေ့ရပါတယ်။ အခုချိန်ကတိုင်းဒေသ ကြီးနဲ့ ပြည်နယ်တွေ ကျော်လွန်သွားလာခွင့် မရှိသေးတဲ့အခါကျတော့ သင်္ဘောခရီးစဉ်က *စာမျက်နှာ ၅ ကော်လံ ၁* ❍




C B BANK
Best Digital Bank 2020
By ASIAMONEY
အနာဂတ် ငွေပေးချေမှု ပုံစံအသစ်
CB CARD+
The Future of Payments
www.cbbank.com.mm | 24h Contact Center : 01 231 777 0
Download it from GOOGLE PLAY
Download it from APP STORE

# ဒီမိုကရေစီ တာဝေးပြေးလမ်း

ဒီမိုကရေစီ ပိန်းပိတ်မှောင်ကျ ခေတ်ကာလကို ဆန့်ကျင်တော်လှန်ကြရင်း၊ တရွေ့ရွေ့ပြောင်းလဲ လင်းလက်ပျို့အာလာကာ ခေတ်သစ်ကို စတင် ချင်းနင်းလာပြီဖြစ်သော်လည်း ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီ နိုင်ငံတော်ဟူ၍ ဂုဏ်ဖော် ကြွေးကြော်လို့မရသေးသည့် အခြေအနေ ဖြစ်ပါသည်။

ရွေးကောက်ပွဲများပြုလုပ်ပြီး ပြည်သူ့ကိုယ်စားလှယ်များကို မဲပေးရွေးချယ်နိုင်ခဲ့ပြီဆိုသော်လည်း လွှတ်တော်များ၊ အစိုးရအဖွဲ့များကို ပြည်သူ့ကိုယ်စားလှယ်များ၏ အင်အားသက်သက်ဖြင့် ဖွဲ့စည်းထူထောင်လို့ မရသေး။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု အခြေခံဥပဒေက ဆိုထားသော်လည်း လက်တွေ့ဘဝတွင် အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံက ညီညီမျှမျှ ဆင်းသက်လာတာ မဟုတ်သေး။ ထိုထိုဤဤသော ထင်ရှားမြင်သာလှသော အကြောင်းကြောင်းကို ထောက်ရှု၍ ယနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် လေးနက်မှု၊ အခြေအမြစ်ခိုင်မာမှုတို့ကို ချင့်ချိန် တွေးဆနိုင်ပါမည်။

လက်ငင်းကာလတွင် အာဏာရှင်စနစ်ဟောင်း၏ အရိပ်အငွေ့တို့က လွှမ်းမိုးထားဆဲ။ စနစ်ဟောင်းကို ဦးဆောင်လည်ပတ်ခဲ့သော ယန္တရားကြီး၏ အစိတ်အပိုင်းအသီးသီးက စနစ်သစ်ယန္တရားတွင်လည်း ဆက်လက် ပါဝင်လည်ပတ်နေဆဲဟုဆိုလျှင် မမှားနိုင်ပါ။ တစ်နည်းအားဖြင့် ဆိုရလျှင်၊ ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ် ပြည့်ပြည့်ဝဝ အားကောင်းကောင်း အခြေကျကျ ခိုင်ခိုင်မာမာ မဖြစ်သေးသည်ကား အမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့်ပင် ပြည်သူ့ကိုယ်စားလှယ်များသည်လည်းကောင်း၊ ဒီမိုကရေစီအင်အားစုများသည် လည်းကောင်း၊ ဒီမိုကရေစီလိုလားသော ပြည်သူလူထုအစိတ်အပိုင်းအသီးသီးသည် လည်းကောင်း စနစ်သစ်ထူထောင်ရေး ခါးတောင်းကျိုက်ကို ဖြုတ်လို့မရသေးဟု ဆိုချင်ပါသည်။

အာဏာရှင်စနစ်ဟောင်း၏ အကြွင်းအကျန်များ ကင်းစင်ရေး၊ ဒီမိုကရေစီ စနစ်သစ် အုတ်မြစ်ခိုင်မာတောင့်တင်းရေးဟူသည် နတ်ရေကန်တွင်း ပစ်ချလိုက်သလို ချက်ချင်းပြောင်းလဲ လှပသစ်လွင်သွားလိမ့်မည်ဟု မျှော်မှန်းလို့ မရနိုင်ပါ။

ဆက်ရမည့်ခရီးကား ခံတပ်ကြီးများ၊ ကတုတ်ကျင်းကြီးများကို ကျော်ခဲ့ပြီဟု ဆိုနိုင်ကောင်းသော်လည်း မြေမြှုပ်မိုင်းများ၊ ဆူးငြောင့်ခလုတ်များတို့က ရှိနေမြဲ။ အဆိုပါ မြေမြှုပ်မိုင်းများ၊ ဆူးငြောင့်ခလုတ်များကို ရှင်းလင်းရင်း ပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းကြရဦးမည်။ ထိုပန်းတိုင်သို့ လျှောက်လှမ်းရမည့်လမ်းက အခက်အခဲများ ရှိနေသလို ရှည်လျားနေမည်လည်း ဖြစ်သည်။ တစ်နည်းဆိုရသော် ယင်းခရီးက မာရသွန်ခရီးဖြစ်၏။ တာဝေး ပြေးလမ်းဖြစ်၏။

အင်ကုန်အားကုန်ထုတ် ပြေးရင်း အမောဆို့သွားကာ ရပ်တန့်သွားလို့မရ။ အားသွန်ခွန်စိုက်လုပ်ရင်း ရေရှည်ပြေးနိုင်ရန်ကိုပါ ဂရုပြုပြင်ဆင်ကြရပါမည်။ တာဝေးခရီးကို ရေရှည်လျှောက်လှမ်းနိုင်ဖို့က လူအား ဉာဏ်ပညာအား ကြီးမားရုံမက၊ ရင့်ကျက်အမြော်အမြင်ကြီးသည့် စိတ်နေသဘောထားလည်း လိုအပ်ပါမည်။ ထို စွမ်းရည်များ၊ အရည်အသွေးများသာမက ရေရှည်ခရီးကို အင်ပြည့်အားပြည့် ပြေးနိုင်မည့် သက်လုံကောင်းကြဖို့လည်း လိုအပ်ပါမည်။

သက်လုံကောင်းကြဖို့ဆိုရာတွင် နိုင်ငံရေးအရ ရင့်ကျက်ခြင်း၊ အဂတိကင်း၊ ခြစားမှုကင်း၊ မတော်မတရားကိုယ်ကျိုးရှာမှုကင်း အစရှိသည့် ကိုယ်ကျင့်သိက္ခာမြင့်မားခြင်းကို ဆိုလိုပါသည်။ သက်လုံမကောင်းသူတို့သည် လမ်းခုလတ်တွင် အဂတိန္တံတွင် နစ်ကျန်ခဲ့တတ်၏။ အချို့က အညစ်အတွန်းများ၊ အတိုက်အခိုက်များ၊ ရန်ရှာဆဲရေးရန့်ရင်းမှုများစသည့် ဆူးငြောင့်ခလုတ်များ၊ မြေမြှုပ်မိုင်းများကြောင့် လက်ပန်းကျကာ ရှေ့ခရီးဆုံးထိ အားမထုတ်လိုတော့ခြင်း စသည်ဖြင့် လမ်းတစ်ဝက်တွင် ချန်ရစ်ခဲ့တတ်ကြသည်။

ဒီမိုကရေစီပန်းတိုင်သို့သွားရာလမ်းသည်ကား ကြမ်းတမ်းနေဦးမည်၊ ရှည်လျားနေဦးမည်ဖြစ်၏။ ဤခရီးကား တာဝေးခရီးဖြစ်၏။ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်း အားရှိရေးအတွက် ဖြည့်ဆည်းထားရင်း မတော်မတရားမှုကင်း၊ အဂတိကင်းမှုတို့ဖြင့် ကိုယ်ကျင့်သိက္ခာ သက်လုံကောင်းအောင် လေ့ကျင့်ဖြည့်ဆည်းထားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

## အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကဏ္ဍခွဲအလိုက်လုပ်ငန်းအဖွဲ့များတို့နှင့် ညှိနှိုင်းဆွေးနွေး




**နေပြည်တော် ဒီဇင်ဘာ ၁၆**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan-NESP) (2021-2030) ရေးဆွဲရေးအတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO)၊ အရပ်ဘက်အဖွဲ့အစည်းများ(CSO)၊ ကဏ္ဍခွဲအလိုက်လုပ်ငန်းအဖွဲ့များ (SSWG) တို့နှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)မှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) သည် ၂၀၁၂ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (The Comprehensive Education Sector Review - CESR) နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) တို့၏ အဆက်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုပန်းတိုင် (SDG-4)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၊ OECD's Learning Compass (2030), ယူနက်စကို၏ Future of Education (2030) တို့နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကာလမှာ ၁၀ နှစ်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ ယနေ့ကျင်းပသော အစည်းအဝေးသည် ၁၅ ကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝါပွိုင့်ဖြင့် တင်ပြနိုင်ရေးအတွက် မဟာဗျူဟာ (Strategies) နှင့် လုပ်ငန်းအစီအစဉ် (Components) များကို ရေးဆွဲပြုစုပေးကြပါသော နိုင်ငံတကာအကြံပေးပညာရှင်များနှင့် ပြည်တွင်း ပြည်ပ အကြံပေးပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ မူကြမ်းရေးဆွဲရေးအဖွဲ့များ၊ ပူးပေါင်းဆောင်ရွက်သူများအားလုံးနှင့် အစည်းအဝေးသို့ တက်ရောက်လာသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကဏ္ဍခွဲအလိုက်လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ COVID-19 ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ အခြေခံပညာကျောင်းများ၊ နည်းပညာနှင့် သက်မွေးပညာကျောင်းများ၊ တက္ကသိုလ်များ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်သော အရည်အသွေးရှိ တစ်သက်တာသင်ယူမှု ဝန်းကျင်ကောင်းများဖြစ်ရန် လိုအပ်လာပါကြောင်း၊ အရည်အသွေးရှိပညာရေးစနစ်ကို စဉ်ဆက်မပြတ် သင်ယူနိုင်ရေးနှင့် အထူးသဖြင့် တိုင်းရင်းသားဒေသများ၊ ဝေးလံခေါင်ဖျားဒေသများ၊ ဖွံ့ဖြိုးမှုအားနည်းသောဒေသများရှိ ကျောင်းသူကျောင်းသားများ သင်ယူနိုင်ရေးကိုလည်း ပညာရေးဝန်ကြီးဌာနက ဦးစားပေးပါကြောင်း၊ ယနေ့ ခေတ်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လေ့လာသင်ယူမှုကို အားပြုဆောင်ရွက်လာရသည်ဖြစ်ရာ High-Tech Learning နှင့် High-Touch Learning တို့ကိုအသုံးပြုကာ ပေါင်းစပ်သင်ယူမှု ပုံစံ (Blended Learning) ဖြင့် ပြည်ထောင်စုကြီးအတွင်း နေထိုင်သူများအားလုံး၊ ကျောင်းသူကျောင်းသားများ၊ သင်ယူသူများ၊ တစ်သက်တာ လေ့လာသူများ ၂၁ ရာစုကျွမ်းကျင်မှုနှင့် အရည်အသွေးများ ရရှိစေရန် အာမခံနိုင်သည့် အရည်အသွေးရှိသော ကျောင်းများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ အဆင့်မြင့်ပညာ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍတို့ ရေးဆွဲရေးကိစ္စများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ (ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅) ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် ညတွင် ပွဲစဉ် (၂) ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စန္ဒရားဘိုတာထွန်းညွန့်၊ တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် စန္ဒရားဘိုတာထွန်းညွန့်၊ ရဲထိုက်၊ မြတ်သူစိုး၊ ကျော်သူလင်း၊ သာလွှာဝတီလှလှရီ၊ နှင်းရည်သန့်၊ ပန်းအိဖြူနှင့် ဇင်သူဇာထွန်း တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဒီဇင်ဘာ ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ မချမ်းဘောမြို့၊ မိုင်းယန်းမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၁၂ လက်မ၊ ရေးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီနှင့် မူဆယ်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



# ပြည်သူ့သာလျှင် အဓိက

**❒ "ပြည်ထောင်စုနေ့အခမ်းအနားများ" ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သတ်မှတ်ပေးထားသောလုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် "ပြည်သူသို့ ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် စံလုပ်ငန်းလမ်းညွှန်ချက်များ" ကို သေချာစွာ ဂရုတစိုက်ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်**

❒ *ရှေ့ဖုံးမှ*
ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၁) အပါအဝင် (၁၄)ဦးဖြင့်လည်းကောင်း၊ **"စီမံခန့်ခွဲမှုကော်မတီ"** ကို ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ အပါအဝင် (၁၇) ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ (၁၄)ခုကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၀ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်မှာ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံမှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး"၊ "တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး"၊ "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး"၊ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး" နှင့် "အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသောမျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး" တို့ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ကာ ပြည်မနှင့်တောင်တန်းဒေသ တစ်ပြိုင်တည်း လွတ်လပ်ရေးရရှိစေရန်အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်တွင် ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ ပင်လုံညီလာခံကို ကျင်းပ၍ တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါကြောင်း၊ ထိုသို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်ရစ်ခဲ့ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၄)နှစ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရရှိခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တစ်မျှ အရေးကြီးကြောင်းကို နောင်လာနောက်သားများသိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက် ရှိပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နှစ်စဉ်ကျင်းပနေကျဖြစ်သော်လည်း လတ်တလော ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID-19) ကူးစက်ရောဂါကြောင့် နံနက်ပိုင်းအခမ်းအနားများဖြစ်သည့် "နိုင်ငံတော်အလံတင်အခမ်းအနား" နှင့် "နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား" တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် "စံလုပ်ငန်းလမ်းညွှန်ချက်များ"၊ "ညွှန်ကြားချက်များ" နှင့်အညီ လိုက်နာဆောင်ရွက်ကာ လူအင်အားလျှော့ချသတ်မှတ်ပြီး ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ညနေပိုင်းတွင် ကျင်းပပြုလုပ်မည့် "ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား" ကို COVID-19 ကူးစက်ရောဂါ ကင်းစင်မှုမရှိသေးသည့်အတွက် ယခုနှစ်တွင် ကျင်းပခြင်း မပြုလုပ်တော့ပါကြောင်း။

## ဂရုတစိုက်ဆောင်ရွက်

"ပြည်ထောင်စုနေ့အခမ်းအနားများ" ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သတ်မှတ်ပေးထားသောလုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် "ပြည်သူသို့ ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် စံလုပ်ငန်းလမ်းညွှန်ချက်များ" ကို သေချာစွာ ဂရုတစိုက်ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ရှင်းလင်းတင်ပြစဉ်။

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" အနေဖြင့်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ "၂၀၂၀ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများ" ကို ကျင်းပရာတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် "အခမ်းအနားစီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာဆောင်ရွက်ရန် အချက် (၁၂) ချက်" နှင့် "နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားတွင် လိုက်နာဆောင်ရွက်ရမည့် အချက်(၄) ချက်"၊ စုစုပေါင်းအချက် (၁၆)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအပြင် အဆိုပါအချက် (၁၆)ချက်ကို စံလုပ်ငန်းလမ်းညွှန်ချက်အဖြစ် သတ်မှတ်ကာ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## တိတိကျကျလိုက်နာ

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကိုလည်း "ပြည်ထောင်စုနေ့အခမ်းအနားများ" ကို ကျင်းပရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် "စံလုပ်ငန်း လမ်းညွှန်ချက်များ"၊ "အမိန့်နှင့် ညွှန်ကြားချက်များ" နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပမည့်နေရာများတွင် ပိုးသတ်ဆေးကြိုတင်ဖျန်းထားနိုင်ရေး၊ အဆိုပါ နေရာအားလုံးတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ အနေဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများရှိနိုင်သဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်လာသူများအတွက် နှာခေါင်းစည်း(Mask) များ၊ မျက်နှာအကာ(Face Shield)များ၊ လက်အိတ်(Glove) များ ဖြန့်ဝေနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရေး၊ အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ မဝင်ရောက်မီ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးရန်နှင့် လက်ဆေးကြောသန့်စင်နိုင်ရန်အတွက် လက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) များ ထားရှိနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်မည့်သူများအတွက် နေရာခင်းကျင်းရာတွင်လည်း အခမ်းအနားကျင်းပမည့် နေရာအကျယ်အဝန်းပေါ်မူတည်၍ တစ်ဦးနှင့်တစ်ဦး အကွာအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် Social Distancing များအတိုင်း နေရာချထားပြီး လူအင်အားလျှော့ချသတ်မှတ်နိုင်ရေးနှင့် အရေးပေါ် ကျန်းမာရေးကိစ္စရပ်များအတွက် လုံလောက်သောဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုယာဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရေးတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## ထည့်သွင်းဖော်ပြရန်လို

၂၀၂၀ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်၏ အနှစ်သာရများကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းအားလုံးမှ ပြန်ကြားရေး၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်အမျိုးမျိုးတို့ဖြင့် ထုတ်လွှင့်ဖော်ပြနိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါကြောင်း။

သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီအနေဖြင့် "နိုင်ငံတော်သမ္မတထံမှ ၂၀၂၀ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့မည့် သဝဏ်လွှာ" ကို အချိန်မီရရှိနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

မြေစိုက်ပိုစတာဒီဇိုင်းများနှင့် ပို့စကတ်ဒီဇိုင်းများကိုလည်း အချိန်မီတင်ပြအတည်ပြုချက် ရယူနိုင်ရေးနှင့် သတ်မှတ်နေရာများတွင် မြေစိုက်ပိုစတာများ အချိန်မီစိုက်ထူနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

## စစ်ဆေးကြပ်မတ်ဆောင်ရွက်

အထူးသဖြင့် အဓိကထားပြောကြားလိုသည်မှာ လုံခြုံရေးအပိုင်းပင်ဖြစ်ပါကြောင်း၊ လုံခြုံရေးဆပ်ကော်မတီအနေဖြင့်လည်း လုံခြုံရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို လစ်ဟာမှုမရှိအောင် ဘက်စုံထောင့်စုံသုံးသပ်ဆောင်ရွက်ကာ စနစ်တကျ စီမံချက်များရေးဆွဲပြီး လုံခြုံရေးအပြည့်အဝရရှိအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

သက်ဆိုင်ရာကော်မတီများ၊ ဆပ်ကော်မတီများအနေဖြင့် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့်အတွေ့အကြုံများအပေါ် အခြေခံ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များကိုပါ တိကျစွာလိုက်နာပြီး ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၀ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ၂၀၂၀ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူတို့က "လုံခြုံရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သွားမည့် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက "သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက "ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ အခမ်းအနားတက်ရောက်မည့်သူများအား အချိန်မီ ဖိတ်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဖိတ်ကြားမည့် ဖိတ်စာနမူနာပုံစံ၊ ပန်ကြားလွှာ၊ ရင်ထိုးတံဆိပ်၊ လုံခြုံရေးစတစ်ကာ၊ လုံခြုံရေးကတ်ပြားများနှင့် ယာဉ်ဝင်ခွင့်ကတ်ပြားများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦးက "အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ နံနက်ပိုင်းအခမ်းအနားများတွင် စစ်ရေးပြဆောင်ရွက်မည့် ဂုဏ်ပြုတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လူဦးရေကန့်သတ်လျှော့ချကာ ဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်က "မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ၂၀၂၀ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အများပြည်သူမြင်သာအောင် မြေစိုက်ပိုစတာများ စိုက်ထူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာမှ ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများအား ထိရောက်စွာ အသုံးချနိုင်ရေးအတွက် Development Assistance Policy ဖြင့် စိစစ်၍ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU) ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လတ်တလောတွင် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် စီးပွားရေးထိခိုက်မှုများအား ပြန်လည်ကုစားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလယ်အလတ်ကာလမှသည် ကာလရှည်အတွက် ကိုဗစ်-၁၉ ကာလအလွန်တွင် ဆောင်ရွက်မည့် မြန်မာစီးပွားရေးခိုင်မာရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (Myanmar Economic Resilience and Reform Plan -MERRP) အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ MERRP သည် Myanmar Sustainable Development Plan (MSDP) ၏ Goal 2 နှင့် Goal 3 တို့နှင့် အဓိကချိတ်ဆက်အကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် UNHCR နှင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းနှင့် ၎င်းဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် Ms. Hai Kyung Jun က မြန်မာနိုင်ငံမှ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား UNHCR က ပူးပေါင်းကူညီဖြေရှင်းပေးသွားလိုပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် Public-Private Partnership ပုံစံဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း အများပြည်သူအတွက် အထောက်အပံ့ကောင်းများပေးနိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်မြို့၊ အမေရိကန်နိုင်ငံသံရုံး၏ သံရုံးယာယီတာဝန်ခံ Ms. Gwendolyn J.Cardno ဦးဆောင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် UNHCR အဖွဲ့အစည်းနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်း ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် UNHCR အဖွဲ့အစည်းနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ တားဆီးရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် ထိခိုက်လွယ်အုပ်စုများကို ဦးတည်၍ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှု မြင့်မားလာရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဝန်ကြီးဌာနက ရှေ့ဆက်လုပ်ဆောင်မည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် UNHCR အဖွဲ့အစည်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံသံရုံး၏ သံရုံးယာယီတာဝန်ခံနှင့် Zoom Meeting ဖြင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာအား ရေးဆွဲအတည်ပြုခဲ့ပြီးနောက် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးကို မဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ကာလတွင် နေရပ်စွန့်ခွာရသူများနှင့် တိုက်ပွဲရှောင်ပြည်သူများ အပါအဝင် ထိခိုက်လွယ်အုပ်စုများကို ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများနှင့် ငွေကြေးထောက်ပံ့မှု လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာလ ကန့်သတ်မှုများနှင့်အညီ လူသားချင်းစာနာမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်များ အရေးကိစ္စနှင့် ပတ်သက်၍ လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များ ထိခိုက်မှုမရှိစေရေး ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်ကိုလည်း မြန်မာနိုင်ငံက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အတည်ပြုပါဝင်ခဲ့ရာ အဆိုပါ အခြေပြစာချုပ် အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီးနောက် ကော်မတီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော်က နုတ်ထွက်ခွင့်ပေးလိုက်သည့် အရွယ်မရောက်သေးသူများ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် လိုအပ်သော ဝန်ဆောင်မှုများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများ၊ လူကုန်ကူးခံရသူများနှင့် ပတ်သက်၍ ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး နယ်ပယ်များတွင် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အဆိုပါနယ်ပယ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အရေးပါသည့် အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန (EOC) တိုးချဲ့ဆောင်ရွက်ရေးတွင် အမေရိကန်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

ထို့နောက် "ကျန်းမာရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခမ်းအနားသို့ တက်ရောက်မည့်သူများအား ဖိတ်ကြားစာပေးပို့ရာတွင် COVID-19 ရောဂါကူးစက်မှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဖိတ်ကြားစာတွင် တစ်ပါတည်း ထည့်သွင်းပေးနိုင်ရေးနှင့် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားနိုင်မှု အခြေအနေများအား အခမ်းအနားတက်ရောက်မည့်သူများ သတိပြုနိုင်စေရေးအတွက် သတိပေးဆောင်ပုဒ်များ စိုက်ထူထားရန်နှင့် Hand Speaker များဖြင့် ကျန်းမာရေး သတိပေးမှုများ ပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် လိုအပ်သည့် ဆေးနှင့် အကာအကွယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမ်းအနား ကျင်းပမည့်နေရာများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများအား ကျန်းမာရေး ဆေးစစ်မှု ကြိုတင်ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် အခမ်းအနားကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီစစ်ဆေးဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်နေ

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် တာဝန်များ ခွဲဝေချထားမှုအခြေအနေ၊ နံနက်ပိုင်း အခမ်းအနားများအတွက် လူဦးရေကန့်သတ်လျှော့ချကာ တစ်ဦးနှင့် တစ်ဦး (၈)ပေခွာပြီး နေရာချထားမည့် လျာထားမှုအကွက်ချပုံစံနှင့် အခမ်းအနား ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က "ပြန်ကြားရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုနေ့အကြိုကာလတွင် နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ထုတ်လွှင့်ဖော်ပြမည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားများအား တိုက်ရိုက်ထုတ်လွှင့်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် သက်ဆိုင်သောအခမ်းအနားများ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရိုက်ကူးထားသည့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အစီအမံများရှင်းလင်း

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတထံမှ ပေးပို့မည့် သဝဏ်လွှာကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးက ကိုယ်စားလှယ်များ လာရောက်ထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် နေပြည်တော်အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

**ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ**

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဝန်ကြီးဌာန(၁၁)ခုမှ ကော်မတီဝင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ကော်မတီ၏ အဓိကတာဝန်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ နှစ်စဉ်နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်မှုများအား ကြီးကြပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ကြီးကြပ်မှုကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေ တိုးတက်ရရှိနိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ လိုအပ်သည့် ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံပါဝင်လျက် စုပေါင်းအားဖြင့် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်မှန်း၍ အမယ်စုံ လယ်ယာ၊ သားငါးကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ တိုးပွားရရှိစေရေး၊ နည်းပညာ ပြန့်ပွားရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးကိစ္စရပ်များ၊ ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ၊ ကျေးလက်ပြည်သူများ စွမ်းဆောင်ရည်မြင့်မားရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။



ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိက တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်သော်လည်း ကော်မတီဝင်များအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများနှင့် စီမံကိန်းရေးဆွဲရေးအပိုင်းများတွင် အကြံဉာဏ်များပေးခြင်း၊ ရန်ပုံငွေလျာထားမှုနှင့် အကောင်အထည်ဖော်မှုအပိုင်းများတွင် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းခြင်း လုပ်ငန်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ရပ်ရွာအခြေပြု၊ ပြည်သူဗဟိုပြု ဆောင်ရွက်ရသည့်အပြင် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရခြင်းဖြစ်သည့်အတွက် အလွန်ကျယ်ပြန့် နက်ရှိုင်းပါကြောင်း၊ သို့ပါ၍ ကော်မတီဝင် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၏ အကြံဉာဏ်များနှင့် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများထိရောက်အောင်မြင်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများတွင် ပါဝင်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍ၊ စီမံကိန်းရေးဆွဲရေးနှင့် ပြည်တွင်း ပြည်ပအထောက်အပံ့ အကူအညီရရှိရေးကိစ္စရပ်များ၊ မြေယာစီမံခန့်ခွဲမှုကိစ္စရပ်များ၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဈေးကွက်ချိတ်ဆက်ရေး ကဏ္ဍများ၌ ကော်မတီဝင် သက်ဆိုင်ရာဌာနများနှင့် နီးနွယ်ချိတ်ဆက်ရသည့် အပိုင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများသည် ကဏ္ဍပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်ရသည့်အတွက် အားလုံးပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရမည့် အပိုင်းများ၊ ကော်မတီဝင် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ရုံးများသို့လည်း ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရန် ထပ်ဆင့်လမ်းညွှန်မှာကြားပေးရမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ရန်ပုံငွေများ ပိုမိုခွဲဝေရရှိရေးအတွက် ညှိနှိုင်းပေါင်းစပ်ရမည့် ကိစ္စရပ်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ ရည်ရွယ်ချက်များဖြစ်သည့် **"ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်လူမှုစီးပွား ကွာဟချက်များ ကျဉ်းမြောင်းလာစေရေး၊ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ကျေးလက်ပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်စေရေးနှင့် ဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်ကာကွယ်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အားပေးမြှင့်တင်ရေး၊ ကျေးလက်ပြည်သူများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု ကာကွယ်ရေး"** တို့ကို ထိရောက်အောင်မြင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က (၁.၆.၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/ ၂၀၂၀) ဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နီးနွယ်ဆက်စပ်သည့် ဝန်ကြီးဌာန(၁၁)ခုမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်၍ စုစုပေါင်း ကော်မတီဝင် ၂၂ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ *ရွှေ့ဖုံးမှ***

ယခင်ပုံမှန် ပြေးဆွဲနေတဲ့ ခေါက်ရေအတိုင်း မဖြစ်သေးတာပါ။ သတ်မှတ်ထားတဲ့ ရေယာဉ်ခရီးစဉ် အချိန်ဇယားအတိုင်း ခရီးသည်များကို ပြေးဆွဲပို့ဆောင်ပေးတာ ဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုပေးတဲ့ ဌာနဖြစ်တဲ့အတွက် ခရီးသည်တွေ အဆင်ပြေစေဖို့ ခရီးသည်တွေရဲ့ ခရီးစဉ်ဝေဖန်အကြံပြုချက်တွေကို ပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်ပေးသွားမှာပါ " ဟု ခရီးသည်သွားလာမှုအခြေအနေနှင့် သဘော်ာခရီးစဉ် ပြေးဆွဲပေးခြင်းနှင့်ပတ်သက်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ) လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

လက်ရှိအချိန်တွင် ရုံးဖွင့်ရက်များ၌ ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းရေယာဉ်များကို နံနက် ၆ နာရီခွဲမှ ည ၈ နာရီအထိ အသွား ၂၆ ခေါက်၊ အပြန် ၂၆ ခေါက်နှုန်းဖြင့် လည်းကောင်း၊ ရုံးပိတ်ရက်များတွင် နံနက် ၇ နာရီ မှ ည ၇ နာရီအထိ အသွား ၁၄ ခေါက်၊ အပြန် ၁၄ ခေါက်နှုန်းဖြင့် ခရီးသည်များကို ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

နံနက်ပိုင်းနှင့် ညပိုင်း သဘော်ာခေါက်ရေတို့တွင် ခရီးသည်စီးနင်းမှု များပြားခြင်းကြောင့် ပြည်သူအချို့မှာ ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားမည်ကို စိုးရိမ်မှုများကြောင့် သဘော်ာခရီးစဉ်များကို ခေါက်ရေတိုးပြီး ပြေးဆွဲပေးနိုင်ရေး ၊ အချို့မှာ နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ ခရီးသည်များ ခေါ်ယူနေခြင်းနှင့် ခရီးသည်များ၏ ပစ္စည်းထုပ်များကို အလုအယက်သယ်ဆောင်ပြီး ပစ္စည်းသယ်ခများ ပိုမိုတောင်းယူနေခြင်းများကြောင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မကြာခဏ ဝေဖန်ထုတ်ဖော် ရေးသားမှုများရှိခဲ့သည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက အများပြည်သူကို ဝန်ဆောင်မှုပေးရတဲ့ ဌာနဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ ဝေဖန်အကြံပြုချက်များကို ပြန်လည်ဖြေရှင်းပေးခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြုပြင်ပြောင်းလဲပေးခြင်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်မှစ၍ ယနေ့အချိန်အထိ ချယ်ရီရေယာဉ်ထွက်ခွာချိန်(အခေါက်ရေ)များအား ခရီးသည်အနည်းအများပေါ် တာဝန်ရှိသူများက နေ့စဉ်ကြီးကြပ်လျက်ရှိပြီး လိုအပ်ချက်အပေါ်မူတည်၍ ခေါက်ရေအတိုးအလျှော့ကို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ရန်ကုန်တက္ကသိုလ်နှင့် ပထမဦးဆုံးစာပေပါရဂူဘွဲ့ရသူ လယ်တီဆရာတော်ဘုရားကြီး

**သလ္လာမြေ - မြင့်မော်**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်တည်ထောင်ခြင်း နှစ် (၁၀၀) ပြည့် မြောက်ခဲ့လေပြီ။ ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဘုရင်ခံချုပ်က သဘောတူခဲ့ပြီးနောက် ဥပဒေအရ အာဏာတည်သော ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဖြစ်ပေါ်လာခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာခြင်းသည် မြန်မာ့ပညာရေးစနစ် ပြောင်းလဲတိုးတက်မှု၏ အခြေခံပင်ဖြစ်ပါသည်။ သို့သော် ရန်ကုန်တက္ကသိုလ်ကား တစ်ရက်တည်း၊ တစ်ချိန်တည်းဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ပေ။

မြန်မာ့ပညာရေးသည် ကိုလိုနီခေတ် မတိုင်မီအချိန်တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသင် ပညာရေးစနစ်ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းသင် ပညာရေးဆိုရာတွင် အပိုင်း ၂ ပိုင်းတွေ့ရသည်။ ပထမပိုင်းမှာ ပိဋကတ်စာပေ၊ သံသရာလွတ်မြောက်ရေးကို ဦးတည်သော ပိဋကတ်စာပေသင်ကြားမှုနှင့် ဒုတိယပိုင်းမှာ ပိဋကတ်စာပေ သင်ကြားမှုအပြင်၊ လောကီရေးရာနှင့် စပ်ဆိုင်သောပညာ၊ အသက်မွေးမှုအတတ်ပညာနှင့် စစ်ရေးအတတ်ပညာများကိုပါ သင်ကြားမှုတို့ဖြစ်သည်။ ယင်းကဲ့သို့ သင်ကြားရာတွင် ပါဠိဘာသာ၊ မြန်မာဘာသာ၊ မွန်ဘာသာ၊ သက္ကတဘာသာတို့ဖြင့် သင်ကြားကြသည်။ ပထမပိုင်းမှာ သံသရာမှ လွတ်မြောက်ရေးကို ဦးတည် လေ့လာဆည်းပူးကြသော အရည ဝါသီ ရဟန်းတော်များ (မင်းကျောင်း) နှင့် သက်ဆိုင်ပြီး ဒုတိယအပိုင်းမှာ လောကီရေးရာများတွင် ပါဝင်ဆောင်ရွက်နေကြသော ဂါမဝါသီရဟန်း၊ ရှင်၊ လူများ(ပွဲကျောင်း)နှင့် သက်ဆိုင်သည်။

### လျှော့နည်းမေးမှိန်လာ

ပဒေသရာဇ်ခေတ်နှောင်းပိုင်း၊ ကုန်းဘောင်ခေတ် အလယ်ပိုင်းလောက်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (မင်းကျောင်း)၊ ဗုဒ္ဓဘာသာဝင် ယောကျ်ားကလေးများနှင့် မိန်းကလေးသူငယ်ချင်းများကို သင်ကြားပေးသော အရပ်ဘက် လူသင်ကျောင်း (အိမ်ကျောင်း)များနှင့် ခရစ်ယာန်မစ်ရှင်သာသနာပြုကျောင်း ပညာရေးစနစ်များဖြစ်ပေါ်လာသည်။ ဤအချိန်တွင် ဘုန်းတော်ကြီးသင် ပညာရေး (ပွဲကျောင်း) များမှာ လျှော့နည်းမေးမှိန်လာခဲ့သည်။

ဗမာနှင့် တိုင်းရင်းသားအချို့တို့မှာ ဘုန်းတော်ကြီးသင်ပညာရေး(မင်းကျောင်း) နှင့် အရပ်ဘက် လူသင်ကျောင်း(အိမ်ကျောင်း) များတွင် သင်ကြားကြသကဲ့သို့ အချို့မှာ ခရစ်ယာန်မစ်ရှင် သာသနာပြု ကျောင်းများတွင် သင်ကြားကြသည်။ ဗမာအပါအဝင် တိုင်းရင်းသားအချို့ကို သင်ကြားပေးသော အရပ်ဘက် လူသင်ကျောင်း (အိမ်ကျောင်း) များနှင့် ဘုန်းတော်ကြီးကျောင်းသင် ပညာရေး (မင်းကျောင်း) တို့မှာ တိုင်းရင်းသားဘာသာသင်ကျောင်းများဖြစ်လာကြပြီး ခရစ်ယာန်မစ်ရှင် သာသနာပြုကျောင်းများမှာ အင်္ဂလိပ်- မြန်မာ နှစ်ဘာသာသင်ကျောင်းများ ဖြစ်လာကြသည်။

၁၈၅၂ ခုနှစ် အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် အောက်မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ် ကိုလိုနီလက်အောက်ကျရောက်ခဲ့ချိန်တွင် မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ စတင်ကျင့်သုံးသော ပညာရေးစနစ်မှာ ၁၈၃၅ ခုနှစ်က အိန္ဒိယနိုင်ငံတွင် မကောလေးတင်သွင်းခဲ့သည့် အနောက်တိုင်းပညာရပ်ကို ဦးစားပေးရန်၊ အင်္ဂလိပ်စာကို သင်ကြားရေးမဏ္ဍိုင်အဖြစ်အသုံးပြုရန်၊ အင်္ဂလိပ်လူမျိုးတစ်ယောက်၏ အတွေးအခေါ်ပညာတတ်များ မွေးထုတ်ရန်ပါရှိသော ပညာရေးအစီရင်ခံစာ အပေါ် အခြေခံခဲ့သည်။

၁၈၆၆ ခုနှစ် အိန္ဒိယအစိုးရ ညွှန်ကြားချက်ဖြင့် အောက်မြန်မာနိုင်ငံ မဟာဝန်ရှင်တော်



မုံရွာမြို့ မဟာလယ်တီကျောက်စာတိုက်ကြီးပုံ။

**"သာသနာပြုလုပ်ငန်းများကို မနေမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၂၇၃ - ခုနှစ် (၁၉၁၂ ခုနှစ်)တွင် ဗြိတိသျှအစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ပထမဦးဆုံး ခံယူရရှိတော်မူသည်။ လူထုအကျိုးပြု စာပေကျမ်းဂန်အမြောက်အမြား ရေးသားပြုစုခဲ့ခြင်းကြောင့် မြန်မာသက္ကရာဇ် ၁၂၈၃ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်) နေ့တွင် ရန်ကုန်မြို့၊ ဂျူဗလီဟောခန်းမ၌ ကျင်းပပြုလုပ်သော ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအကြိမ် ဘွဲ့နှင်းသဘင်တွင် ဗြိတိသျှအစိုးရ ဆက်ကပ်လှူဒါန်းသော စာပေပါရဂူ(ဒီလစ်)ဘွဲ့ကိုလည်း မြန်မာနိုင်ငံ၌ ပထမဦးဆုံးခံယူရရှိတော်မူခဲ့"**

မင်းကြီး ဆာအာသာဖယ်ရာ၏ မြန်မာ့ပညာရေးရည်မှန်းချက် အစီရင်ခံစာအရ ၁၈၆၇-၆၈ တွင် ပညာရေးကျောင်းများကို စာရင်းပြုစုခဲ့ကြသည်။ ပညာရေးဌာနစတင်ဖွင့်လှစ်ခဲ့ပြီး ပညာမင်းကြီးတစ်ဦး ရှိလာခဲ့သည်။ ပညာမင်းကြီးရုံးမှပေးပို့သော ကျောင်းသုံးပြဋ္ဌာန်းချက်စာအုပ်များကို ဖြန့်ချိသင်ကြားစေခဲ့သည်။ အစိုးရကပေးပို့သည့် ကျောင်းသုံးစာအုပ်များကို ဘုန်းတော်ကြီးသင် ပညာရေး (မင်းကျောင်း) များတွင် လက်ခံသင်ကြားသည့် ကျောင်းသားအရေအတွက် နည်းပါးသဖြင့် ၁၈၇၀ ပြည့်နှစ်တွင် ဤစနစ်ကို ဖျက်သိမ်းပစ်ခဲ့သည်။

ဤအချိန်တွင် အစိုးရထံ မှတ်ပုံတင်ထားသော ဘုန်းတော်ကြီးကျောင်းများ၏ အရေအတွက်မှာ နည်းပါးလာပြီး လူကျောင်းများ၏ အရေအတွက်မှာ သိသိသာသာ တိုးတက်လာခဲ့သည်။ ၁၉၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းအချို့နှင့် လူကျောင်းများမှာ ပညာမင်းကြီးရုံးမှ သတ်မှတ်ပေးသော နည်းစနစ်များနှင့် သင်ရိုးညွှန်းတမ်းများအတိုင်း လိုက်နာသင်ကြားကြသည့် အစိုးရအသိအမှတ်ပြု တိုင်းရင်းသားဘာသာသင်ကျောင်းများ ဖြစ်လာကြသည်။ တိုင်းရင်းသားဘာသာသင် ကျောင်းများ၏ ပညာရေးမှာ ပြည်သူအများစုပညာရေး၊ ကျေးလက်ပညာရေး၊ မူလတန်းပညာရေးပင် ဖြစ်၍ အင်္ဂလိပ်- မြန်မာ နှစ်ဘာသာသင်ကျောင်းများ၏ ပညာရေးမှာ မူလတန်းလွန် ပညာရေး၊ မြို့ပြဒေသ ပညာရေးပင် ဖြစ်လာခဲ့သည်။

အသက်မွေးဝမ်းကျောင်းမှု ပညာရေးကျောင်းများလည်း စတင်ဖွင့်လှစ်ခဲ့ရာတွင် ၁၉၀၇ ခုနှစ်တွင် ဆေးကျောင်း (၁)ကျောင်း၊ ၁၈၉၉ ခုနှစ်တွင် သာယာဝတီ၌ သစ်တောပညာအတတ်သင်ကျောင်း (၁) ကျောင်း၊ ၁၈၈၄-၁၉၀၇ ခုနှစ်အတွင်း မြေတိုင်းကျောင်း (၁၈)ကျောင်း၊ ၁၈၉၅ တွင် အင်းစိန်အစိုးရ စက်မှုလက်မှုသင်တန်းကျောင်း(၁)ကျောင်း၊ ၁၉၁၁-၁၂ ခုနှစ်တွင် အမရပူရမြို့၌ ဆောင်းဒါးရက်ကန်း ကျောင်း(၁) ကျောင်း၊ ၁၈၈၅-၁၉၁၂ ခုနှစ်အတွင်း ဆရာအတတ်သင်အစိုးရ နော်မံကျောင်း(၁၂) ကျောင်းဖွင့်လှစ်သင်ကြားလာကြသည်။

အမေရိကန်သာသနာပြုအဖွဲ့သည် ၁၈၇၂ ခုနှစ်တွင် ရန်ကုန်မြို့၌ 'ကူရှင်အထက်တန်းကျောင်း' ဟု အမည်တွင်လာမည့် 'ရန်ကုန်ဘက်ပတစ်ကောလိပ်' ကျောင်းကို တည်ထောင်ခဲ့သည်။ ၁၈၉၄ ခုနှစ် မေလ၌ ကာလကတ္တားတက္ကသိုလ်၏ ဥပစာတန်းစာမေးပွဲအတွက် ကောလိပ်ဌာန စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုဆရာကြီး ဂျပ်ဆင်(Judson) ကို ဂုဏ်ပြုသောအားဖြင့် ဂျပ်ဆင်ကောလိပ် ဟု အမည်ပြောင်းလဲခဲ့ကြသည်။

### ကောလိပ်ပညာ ရေးစတင်

၁၈၇၈ ခုနှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်းကို အခြေခံ၍ ကောလိပ်ပညာရေးစတင်ခဲ့ပြီး ကာလကတ္တားတက္ကသိုလ်က ကျင်းပသည့် ဥပစာတန်းစာမေးပွဲဝင်မည့် ကျောင်းသားများကို သင်ကြားပေးရန် ဆရာများစတင်ခန့်ထားခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေးဆင်ဒီကိတ်၏ ကြီးကြပ်မှုအောက်ထားရှိခဲ့ပြီး ဘီအေဒီဂရီကောလိပ်အဖြစ် ကာလကတ္တားတက္ကသိုလ်မှ အသိအမှတ်ပြုခဲ့ချိန်မှ စတင်၍ 'ရန်ကုန်ကောလိပ်' ဟူ၍ တရားဝင်ဖြစ်လာခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် ရန်ကုန်ကောလိပ်သည် အစိုးရ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံပညာရေး ဆင်ဒီကိတ်သည် တက္ကသိုလ်တည်ထောင်ရေးအတွက် တင်ပြလွှာတစ်စောင် ရေးဆွဲပြုစုပြီး အိန္ဒိယတက္ကသိုလ်များကော်မရှင်သို့ တင်ပြခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် အိန္ဒိယ တက္ကသိုလ်စနစ်နှင့် ဗြိတိသျှကောလိပ်များ ပေါင်းစည်းပါဝင်သည့် တက္ကသိုလ်စနစ်ဖြင့် မူကြမ်းတစ်ခု ရေးဆွဲကာ ပညာရေးဆင်ဒီကိတ်သို့ တင်ပြခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် အဆိုပါမူကြမ်းကို ဆင်ဒီကိတ်ကလက်ခံပြီး မြန်မာနိုင်ငံအစိုးရထံတင်သွင်းခဲ့သည်။ ၁၉၁၇ ခုနှစ် ဇန်နဝါရီလတွင် ဒေလီမြို့၌ကျင်းပသော ပညာမင်းကြီးများ ကွန်ဖရင့်တွင် တက္ကသိုလ်သစ်များအဖြစ် ထူထောင်မည့် ပတ္တနား၊ ဒက္ကားနှင့် ရန်ကုန်တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံများကို အဓိကဆွေးနွေးခဲ့ကြသည်။ ၁၉၁၈ ခုနှစ်တွင် တက္ကသိုလ်သင်ရိုးကိစ္စများအတွက် မြန်မာနိုင်ငံ တက္ကသိုလ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကာလကတ္တားတက္ကသိုလ်ကော်မရှင်၏ အစီရင်ခံစာကိုလေ့လာ၍ ပြင်ဆင်ရေးဆွဲထားသော ရန်ကုန်တက္ကသိုလ် ဥပဒေမူကြမ်းကို ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အစိုးရအိမ်တော်၌ ကျင်းပသော ဥပဒေလွှတ်တော်အစည်းအဝေးတွင် Select Committee ဖွဲ့စည်းပြီး ဥပဒေကြမ်းကို ဆွေးနွေးကြသည်။

တက္ကသိုလ်ဥပဒေကြမ်း ပေါ်ထွက်လာသည်နှင့် ဥပဒေပြုလွှတ်တော်အတွင်း၊ အပြင်ကပါ ကန့်ကွက်မှုများ ပြုလုပ်လာကြသည်။ ၁၈-၇-၁၉၂၀ ရက်နေ့တွင် မြန်မာနိုင်ငံပြုပြင်ရေးအသင်းကြီး(Burma Reform League) လည်းကောင်း၊ ၃၀-၇-၁၉၂၀ ရက်နေ့တွင် YMBA အထွေထွေကောင်စီက ကြီးမှူး၍ ဂျူဗလီဟော၌ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို ကန့်ကွက်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ပညာမင်းကြီး မတ်ဟန်းတားက တင်သွင်းပြီး ဥပဒေပြုကောင်စီ အတည်ပြုကောင်စီက အတည်ပြုခဲ့သည်။

ရန်ကုန်တက္ကသိုလ်ဥပဒေကို မကျေနပ်၍ဆန့်ကျင်ဆန္ဒပြကြသော ကျောင်းသားများ၏ တောင်းဆိုချက်ကိုပြေလည်အောင် ဖြေရှင်းမပေးဘဲ ရန်ကုန်တက္ကသိုလ်ဥပဒေကို ပြဋ္ဌာန်းခဲ့သဖြင့် ၁၉၂၀ တွင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဂျီစီဘီအေအသင်းကြီးနှင့် သပိတ်မှောက်ကျောင်းသားများ ပူးပေါင်းကြိုးပမ်းမှုဖြင့် အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်ပေါ်ပေါက်လာခဲ့သည်။

ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးနောက် ရန်ကုန်တက္ကသိုလ်ဥပဒေအရ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကို ပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယနေ့ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားကန်၏ အနောက်တောင်ဘက်၊ ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်တွင် တည်ရှိပါသည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအဓိပတိမှာ ဆာဟာကုတ်ဘတ္တလာဖြစ်သည်။ မြန်မာနိုင်ငံသားများထဲမှ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးကျောင်းအုပ်ကြီးနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူမှာ ဆရာကြီး ဦးဖေမောင်တင် ဖြစ်သည်။

ယနေ့ ရန်ကုန်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်အဆောက်အအုံ၊ စာသင်ဆောင်နှင့် ကျောင်းဆောင်များကို မြန်မာပြည်သူလူထု၏ ထည့်ဝင်ငွေများဖြင့် ၁၉၂၇ ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့သည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဂျူဗလီဟောခန်းမ၌ ကျင်းပခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်၌ ဗြိတိသျှအစိုးရက ဆက်ကပ်လှူဒါန်းသော စာပေပါရဂူဘွဲ့ (ဒီလစ်)ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအား ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ရန်ကုန် တက္ကသိုလ်မှ ပထမဆုံး စာပေပါရဂူဘွဲ့ (ဒီလစ်ဘွဲ့)ကို ဆက်ကပ်လှူဒါန်းမှုခံယူရရှိ တော်မူသော၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတရားများကို မမေ့မပျောက် အစဉ်ထာဝရ အမှတ်ရကြည်ညိုနိုင်ကြစေ ရန် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား ကြီး၏ ဘဝ၊ စာပေနှင့် သာသနာပြုတော်မူခဲ့ပုံ အကြောင်းကို ဖော်ပြလိုက်ပါသည်။

**ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း**

လယ်တီဆရာတော် လောင်းလျာကို ယနေ့ခေတ် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးရွာ၌ အဖ ဦးထွန်းသာ/အမိ ဒေါ်ကြုံးတို့မှ မြန်မာသက္ကရာဇ် ၁၂၀၈–ခုနှစ်၊ နတ်တော်လဆန်း (၁၃) ရက်၊ အင်္ဂါနေ့၊ (ခရစ်သက္ကရာဇ် ၁၈၄၆) တွင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်းမောင်နှမ များမှာ–

၁။ အကြီးဆုံးသား (ငယ်စဉ်မှာကွယ်လွန်)
၂။ မောင်တက်ခေါင်(လယ်တီဆရာတော်)
၃။ မောင်တက်စွာ(ငယ်စဉ်မှာကွယ်လွန်)
၄။ မောင်တက်ပွား (ပထမပြန်ဦးကုမာရ)
၅။ မောင်တက်ထွား (ဦးကိတ္တိ)

တို့ဖြစ်ကြပြီး လယ်တီဆရာတော် လောင်းလျာမှာ ဒုတိယမြောက်သားဖြစ်သည်။ ငယ်မည်မှာ မောင်တက်ခေါင်ဖြစ်သည်။ မောင်တက်ခေါင်အသက်အရွယ် (၁၀) နှစ်အရွယ်သို့ ရောက်သောအခါ စိုင်ပြင်ရွာဆရာတော် ဦးနန္ဒကျောင်းတွင် အပ်နှံ၍ စာပေသင်ကြားစေသည်။

**ရှင်ရဟန်းပြုခြင်း**

အသက် ၁၅ နှစ်အရွယ် ရောက်သောအခါ စိုင်ပြင်ကြီးရွာမကျောင်းဆရာတော် ဦးနန္ဒအား ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။ ရှင်သာမဏေ ဘွဲ့အမည်မှာ ဉာဏဓဇ ဖြစ်သည်။ အသက် ၂၀ အရွယ်သို့ရောက်သောအခါ မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့)တွင် ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးရွာ၊ မြင်တင်ကျောင်းတိုက်၊ သာသနဝမိ၊ သာသနဝေပုလ္လ၊ သာသနသောဘိဏီ သိမ်တော်ကြီး၌ ဆရာတော်ဦးနန္ဒအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရဟန်းဘွဲ့အမည်မှာလည်း ဉာဏဓဇပင်ဖြစ်သည်။

**စာပေ၊ ပရိယတ္တိပညာသင်ကြားခြင်း**

ငယ်ရွယ်စဉ် စိုင်ပြင်ကြီးရွာ၊ ကျောင်းမတိုက်သို့ ရောက်ရှိစဉ်အခါကပင်ဆရာတော်ထံမှ မြန်မာစာပေ၊ ပါဠိစာပေအခြေခံတို့ကို သင်ကြားခဲ့ရပြီး၊ လောကနီတိ၊ ဓမ္မနီတိ၊ ပရိတ်ကြီး(၁၁)သုတ် စသည်တို့ကို နှုတ်တက် အာဂုံဆောင်နိုင်ခဲ့သည်။ အသက် ၁၈ နှစ်အရွယ် သာမဏေဘဝ၌ စိုင်ပြင်ကြီးရွာအနီး၊ ရဲထွက် ရွာကျောင်းနေဝေဒပါရဂူ ဆရာတော်ဦးဂန္ဓမာထံမှ ဗေဒင်ပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့သည်။ ယင်းအချိန်တွင် ပါဠိဘာသာ၊ မြန်မာဘာသာတို့ဖြင့် ကဗျာများစပ်ဆိုခြင်း၊ ရှင်ပြုရဟန်းခံဆိုင်ရာ ရတု(သျှိုးလိုက်ရတု)၊ ဇာတကဝတ္ထုများ၊ ပါဠိမြန်မာသဒ္ဒါတို့နှင့် စပ်ဆိုင်သော လင်္ကာတို့ကို စပ်ဆို သီကုံးခဲ့သည်။

စိုင်ပြင်နှစ်ရွာ ဘုန်းတော်ကြီးကျောင်းများရှိ စာတိုက်သေတ္တာကြီးများတွင် သိုမှီးထားသော စာအုပ်စာပေအားလုံးကိုလည်း လေ့လာဖတ်ရှုခဲ့လေသည်။ ၁၂၃၁ ခုနှစ်တွင် မင်းတုန်းမင်းကြီးအားဖြင့် ယခင် စံနန်းတော်ကြီးကို မန္တလေးရတနာပုံမြို့သစ်ကြီး၌ ဘုန်းတော်ကြီးကျောင်းအဖြစ် ပြန်လည် ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော 'မဟာဇောတိကာရာမ စံကျောင်းတိုက်ကြီး' ၏ ကျောင်းထိုင်ဆရာတော် 'သုဒဿ နဝရ မဟာဓမ္မ သာမိရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် 'သုဒဿနဓဇအတုလ ဓိပတိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် နှစ်မျိုးရ ဆရာတော်ထံ၌ လည်းကောင်း၊ စံကျောင်းတိုက်၌ သီတင်းသုံးနေထိုင်စဉ် ကာလအတွင်း မကုဋ္ဌာရာမ ဆရာတော်၊ စလင်းဆရာတော် ဦးပဏ္ဍိတနှင့် မန္တလေးမြို့ရှိအခြားစာပေတတ်ကျွမ်းသည့် ဆရာတော်ကြီးများထံမှလည်းကောင်း၊ ပိဋကတ်သုံး ပုံနှင့် တကွ အဋ္ဌကထာ၊ ဋီကာတို့ကို ပြည့်ပြည့်စုံစုံ လေ့လာဆည်းပူးခဲ့သည်။ တစ်ဖက်မှလည်း စံကျောင်းတိုက်ရှိစာသင်သားသံဃာ(၂၀၀၀) ကျော်အား ပိဋကတ်သုံးပုံနှင့်ပါဠိစာပေတို့ကို ပို့ချပေးတော်မူခဲ့သည်။ ဥပုသ်နေ့တိုင်း ဆရာတော်လောင်းလျာသည် ယောမင်းကြီး ဦးဘိုးလှိုင်ထံ အလည်အပတ်ကြွတော်မူပြီး လောကီ၊ လောကုတ္တရာဆိုင်ရာ စစ်မှန်သော သဘော၊ သဘာဝတို့ကို ထိုပုဂ္ဂိုလ်ကြီးနှင့် အချိန်များစွာယူ၍ လေ့လာဆွေးနွေးခဲ့သည်။

ဤသို့ဖြင့် လယ်တီဆရာတော် လောင်းလျာသည် စံကျောင်းတော်တိုက်ကြီးတွင် စာသင်သားဘဝဖြင့် (၉)နှစ်၊ စာချဘဝဖြင့် (၇)နှစ် ပေါင်း (၁၆) နှစ်ကြာ သီတင်းသုံးနေသမျှ ကာလပတ်လုံး ဘိက္ခု သံဃာဝတ်ကို ဆောင်ရွက်ခြင်းဖြင့် မိမိဘဝကို မြှုပ်နှံထားတော်မူခဲ့လေသည်။

**လယ်တီဆရာတော်အဖြစ် ရောက်ရှိခြင်း**

မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံလွန်တော်မူ၍ သားတော် သီပေါမင်းသား ဘုရင်ဖြစ်လာခဲ့သည်။ သီပေါမင်း၏ နန်းသက်လေးနှစ်မြောက်၊ ၁၂၄၄ ခုနှစ်တွင် မန္တလေးတစ်မြို့လုံး မီးလောင်၍ စံကျောင်းတိုက်နှင့် နန်းတော်၏ အစိတ်အပိုင်းများ မီးလောင်ပျက်စီးခဲ့ရသည်။ ထိုမီးကြီးလောင်ရာတွင် လယ်တီဆရာတော် လောင်းလျာ၏ ကိုယ်ပိုင်စာအုပ်များ၊ မှတ်စုများ၊ အညွှန်းပြုစာအုပ်များ၊ ကိုးကားချက် စာအုပ်များ ဆုံးရှုံးခဲ့ရသည်။ မီးကြီးလောင်ကျွမ်းပြီးနောက် လယ်တီဆရာတော် လောင်းလျာသည် မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စံကျောင်းဆရာတော်အား ဖူးမြော်ကန်တော့ပြီး သလ္လာဝတီမည်သော ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းထိပ်ဝယ် သာယာပြန့်ပြူးလှစွာသည့် ဆိပ်ကမ်း၊ ဈေးနာများစွာသော လူမျိုး၊ စေတီပုထိုးတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော မုံရွာမြို့သို့ပြောင်းရွှေ့၍ သီတင်းသုံးနေတော်မူလေသည်။

မုံရွာမြို့သို့ရောက်သော် ရွှေစည်းခုံဘုရားအနီး၊ ရွှေစည်းခုံကျောင်းတွင် အချိန်ကာလ အနည်းငယ်ကြာ သီတင်းသုံးခဲ့သည်။ ထို့နောက် ဖွားရာဇာတိစိုင်ပြင်ကြီးရွာသို့ ပြန်ကြွတော်မူသည်။ ၁၂၄၅ ခုနှစ်တွင် ဆရာတော်လောင်းလျာသည် မုံရွာမြို့အနီးရှိ လောကမာရဇိန်ဘုရား (ဒေါနခြံတောင်ကုန်းဘုရား)အနီး ဝါးကျောင်းငယ်တွင် ဝါဆိုတော်မူသည်။ ၁၂၄၆ မှ ၁၂၄၈ ခုနှစ်အထိ ဝါဝင်အခါများတွင် မုံရွာမြို့မှ ကုန်သည်ကြီးသဂြိုဟ် ဦးဝိုင်းလှူဒါန်းသည့် ဦးဝိုင်းကျောင်း(ညောင်တပင်လှေကူးရပ်)တွင် သီတင်းသုံးခဲ့သည်။ ၁၂၄၈ ခုနှစ်၊ ဝါကျွတ်ချိန်ခါ၌ မုံရွာမြို့၏ အရှေ့မြောက်ဘက် ကုလလေးတာ၊ အပြန်ငါးရာ အကွာရှိ လယ်တီအမည်ရှိသော တောအရပ်သို့ကြွတော်မူ၍ တောအုပ်ကိုရှင်းလင်းတီထွင်၍ တိုက်တာအရန်ကျောင်းကန်များ တည်ဆောက်တော်မူပြီးလျှင် တပည့်သံဃာတော်များနှင့် သီတင်းသုံး နေထိုင်တော်မူလေသည်။

၁၂၅၀ ပြည့်နှစ် တွင် သိမ်တစ်ခုကိုလည်း သမုတ်တော်မူခဲ့သည်။ ဤသို့ သီတင်းသုံးနေတော်မူရာ ကျောင်းတိုက်ကြီးသည် ရှေးဟောင်းလယ်တီ မည်သော တောအမည်ကို အစွဲပြု၍ လယ်တီတိုက်ဟု ထင်ရှားလာသည်။ လယ်တီဆရာတော် လောင်းလျာသည်လည်း လယ်တီဆရာတော်ဟူ၍ပင် အမည်တွင်ခဲ့လေသည်။

**သာသနာပြုတော်မူခြင်း**

လယ်တီဆရာတော်ကြီးသည် သက်တော် (၄၀)၊ မြန်မာသက္ကရာဇ် ၁၂၄၈၊ ၁၈၈၆ ခုနှစ်တွင် လယ်တီကျောင်းတိုက်နှင့် လယ်တီနိကာယကို တည်ထောင်ခဲ့သည်။ လယ်တီကျောင်းတိုက် တည်ထောင်ချိန်မှ ၁၂၅၇ ခုနှစ်အထိ နှစ်ပေါင်း ၁၂ နှစ်ကြာသည့်တိုင် နေရာအနှံ့မှ ကြွလာကြသော တပည့်ရဟန်းများအား ပရိယတ္တိ ပိဋကတ်စာပေများကို သင်ကြားပေး တော်မူသည်။ အခါအားလျော်စွာ တိုင်းပြည်အနှံ့ ခရီးဆန့်၍ လူ့အဖွဲ့အစည်းအလွှာ အသီးသီးတို့အား ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းနှင့် တရားဓမ္မတို့ကို ဟောကြားပြသတော်မူသည်။ မုံရွာ၊ မန္တလေး၊ မြင်းခြံ၊ စစ်ကိုင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ရန်ကုန်၊ မော်လမြိုင်၊ ဟင်္သာတ၊ ပုသိမ်၊ ကျိုက်ထို စသောမြို့ကြီးများတွင် ပရိယတ္တိ စာသင်တိုက်များ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်များကို တည်ထောင်တော်မူသည်။

၁၂၇၅ ခုနှစ်တွင် မန္တလေးမြို့၌ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးကို တည်ထောင်သည်။ ထို့နောက် မြန်မာပြည်အနှံ့ မြို့ကြီးများတွင် အသင်းခွဲ(၂၄)သင်း စည်းရုံးဖွဲ့စည်းခဲ့သည်။ ဤအသင်းကြီးသည် အင်္ဂလန်ပြည် ပါဠိစာပေအသင်းနှင့် အနီးကပ်ဆက်သွယ်ဆောင်ရွက်သည်။ ပေးပို့လိုက်သော မေးခွန်းများကို ဖြေကြားခြင်းနှင့် ထိုအဖြေများအပါအဝင် ဒီပနီ၊ ဋီကာများကို လန်ဒန်ပါဠိစာပေအသင်းအတွက် အင်္ဂလိပ်ဘာသာပြန်ဆိုပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ ထို့အပြင် ဤအသင်းကြီးက လယ်တီတရားသတင်းစာကိုလည်း ထုတ်ဝေဖြန့်ချိခဲ့သေးသည်။

သံခိပ်အသင်းများ၊ အဘိဓမ္မာအသင်းများ၊ ဝိပဿနာအသင်းများ၊ ပဋ္ဌိစ္စသမုပ္ပါဒ် အသင်းများ၊ နွားသား ရှောင်ကြဉ်ရေးအသင်းများ၊ ပါဠိဘာသာပြန်အသင်းနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုအသင်း စသည်တို့ကို မြန်မာပြည်မြို့ရွာအနှံ့ စည်းရုံးဖွဲ့စည်းခဲ့သည်။ လယ်တီဆရာတော်၏ ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်းဆိုင်ရာ နည်းနိဿရည်းများကို ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် ဩဇာအသက်ရောက်ဆုံး ပုဂ္ဂိုလ်များတွင် အနာဂါမ် ဆရာသက်ကြီးနှင့် ဆရာသက်ကြီး၏ အစဉ်အလာနည်းနာအတိုင်း လိုက်နာကျင့်သုံးသော ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာ၊ လယ်တီမူကမ္မဋ္ဌာန်းရိပ်သာနှင့် မန္တလေး မြို့ မဟာဗောဓိကမ္မဋ္ဌာန်းရိပ်သာများကို တည်ထောင်သူ ဆရာကြီး ဦးဘခင်တို့မှာ ထင်ရှားသည်။ ကဗျာ လင်္ကာစီကုံးနည်းသံခိပ်၊ ကောင်းကင်ဘုံဆိုင်ရာပုစ္ဆာအဖြေကျမ်း၊ နွားမေတ္တာစာများ၊ သံဝေဂကဗျာများ၊ ဓမ္မဒီပနီ အပါအဝင် ဒီပနီပေါင်းများစွာနှင့် စာပေကျမ်းဂန်များ ရေးသားပြုစုခဲ့သည်။

**ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်လှူဒါန်း မှုကို ခံယူရရှိခြင်း**


သာသနာပြုလုပ်ငန်းများကို မနေမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၂၇၃–ခုနှစ် (၁၉၁၂ ခုနှစ်)တွင် ဗြိတိသျှအစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ပထမဦးဆုံး ခံယူရရှိတော်မူသည်။ လူထုအကျိုးပြု စာပေကျမ်းဂန်အမြောက်အမြား ရေးသားပြုစုခဲ့ခြင်းကြောင့် မြန်မာသက္ကရာဇ် ၁၂၈၃– ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်) နေ့တွင် ရန်ကုန်မြို့၊ ဂျူဗလီဟောခန်းမ၌ ကျင်းပပြုလုပ်သော ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအကြိမ် ဘွဲ့နှင်းသဘင်တွင် ဗြိတိသျှအစိုးရ ဆက်ကပ်လှူဒါန်းသော စာပေပါရဂူ(ဒီလစ်) ဘွဲ့ကိုလည်း မြန်မာနိုင်ငံ၌ ပထမဦးဆုံး ခံယူ ရရှိတော်မူခဲ့ပါသည်။

**ပျံလွန်တော်မူခြင်း**

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေပို့ချခြင်း၊ ကမ္မဋ္ဌာန်းဝိပဿနာတရားတော် ဟောကြားပြသခြင်း၊ စာပေကျမ်းဂန်များရေးသားပြုစု၍ သာသနာပြုတော်မူရင်း မြန်မာ သက္ကရာဇ် ၁၂၈၅–ခုနှစ်၊ ဝါဆိုလပြည့်နေ့(ခရစ်နှစ်–၁၉၂၃)၊ သက်တော် (၇၇) နှစ်၊ သိက္ခာတော်(၅၇)ဝါအရတွင် စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူခဲ့လေသည်။ (ဤဆောင်းပါးဖြင့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်၊ ရာပြည့်သဘင်ပွဲတော်ကို ဂုဏ်ပြုလိုက်ရပါသည်။)

**ရည်ညွှန်းစာအုပ်များ**

၁။ ကျောက်အုတ်တို့ ဖြိုလေရာ၊ ကျော်ဝင်း/ ၂၀၁၉
၂။ လယ်တီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ အရှင်ဉာဏိဿရ သီတဂူဆရာတော်/ ၁၉၉၆
၃။ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ဗိုလ်မှူးဘသောင်း/၂၀၀၂



ပထမ မဟာ လယ်တီ ဆရာတော်ကြီး ပုံတော်။

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**



- အမည် – ဦးမြင့်မော်
- မိဘအမည် – ဦးအောင်သိန်း–ဒေါ်သန်းအေး
- မွေးသက္ကရာဇ် – ၂၄–၄–၁၉၆၉
- ဇာတိ – ဒေါနခြံရပ်ကွက်၊ မုံရွာမြို့
- ပညာအရည်အချင်း – မဟာဝိဇ္ဇာ (အရှေ့တိုင်းပညာ) (မန္တလေးတက္ကသိုလ်–၁၉၉၈)
- လက်ရှိအလုပ်အကိုင် – ဂန့်ဂေါခရိုင် သာသနာရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့
- ထမ်းဆောင်ခဲ့သော တာဝန်များ – မန္တလေးတက္ကသိုလ်၊ နည်းပြ၊ အရှေ့တိုင်းပညာဌာန၊ ၁၉၉၄–၁၉၉၇ ရန်ကုန်တက္ကသိုလ်(ပင်မ)၊ နည်းပြ၊ အရှေ့တိုင်းပညာဌာန၊ ၁၉၉၇–၁၉၉၉
- ပြုစုပြီးသော ကျမ်းစာအုပ်–(၉)အုပ် (ဘာသာ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ)

# ပြည်တွင်းလေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ရတာက လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပြန်လည်အားကောင်းပြီးတော့ မြန်မာ့စီးပွားရေး ဦးမော့လာဖို့အတွက် ဖြစ်ပါတယ်

ဒေါက်တာထွန်းမြင့်

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲမှုရပ်နားထားခဲ့ရာမှ ဒီဇင်ဘာ ၁၆ ရက်မှစတင်ကာ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

ပြည်တွင်းလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရေးအတွက် လေဆိပ်နှင့်လေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၊ လေယာဉ်စီးနင်းလိုက်ပါကြမည့် ခရီးသည်များလိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ဒီဇင်ဘာ ၁၅ ရက်က တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်

**မေး။ ။ ပြည်တွင်းလေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲဖို့အတွက် ဆောင်ရွက်နေမှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရယ်၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနရယ် ညှိနှိုင်းပြီးတော့ ပြည်တွင်းလေကြောင်းခရီးစဉ်ကို ပြန်လည်ပြေးဆွဲလို့ရှိရင် လေကြောင်းလိုင်းဝန်ထမ်းတွေ၊ လေဆိပ်ဝန်ထမ်းတွေ၊ လေယာဉ်စီးခရီးသည်တွေ လိုက်နာရမယ့် စည်းကမ်းတွေ၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ စံသတ်မှတ်ချက်တွေ ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဒီလိုထုတ်ပြန်ခဲ့တဲ့ ရည်ရွယ်ချက်က ကိုဗစ်-၁၉ ကြောင့်ပါပဲ။ ကိုဗစ်-၁၉ ကြောင့် လေကြောင်းလိုင်းတွေ ရပ်တန့်သွားတယ်။ အခုကျန်းမာရေးစံသတ်မှတ်ချက်တွေနဲ့ စနစ်တကျ ပြန်လည်ပြေးဆွဲခွင့်ပြုမယ်။ ဒီလိုပြေးဆွဲခွင့်ပြုမယ်ဆိုရင် လေကြောင်းပို့ဆောင်ရေးကဏ္ဍက ပြန်ပြီးတော့ အားကောင်းလာမယ်၊ အားကောင်းလာမယ်ဆိုရင် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ဒါတွေကို သွားပြီးတော့ အထောက်အကူပြုစေဖို့ရည်ရွယ်ပါတယ်။ ဒီအတွက်ကို ကျန်းမာရေးစံသတ်မှတ်ချက်တွေ ထုတ်ပြန်တာ ဖြစ်ပါတယ်။

ဒီမှာလိုက်နာရမယ့် အဖွဲ့အစည်းတွေလည်း ပါလာပါတယ်။ ဒီအဖွဲ့အစည်းတွေက အဓိကအားဖြင့် လေကြောင်းခရီးသည်တွေ၊ လေကြောင်းလိုင်းဝန်ဆောင်မှုပေးနေတဲ့ ဝန်ထမ်းတွေ၊ လေဆိပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်မယ်တွေ လိုက်နာရမယ့် ကျန်းမာရေးနဲ့ဆိုင်တဲ့ စံသတ်မှတ်ချက်တွေ ပါပါတယ်။ ဒါတွေက လိုက်နာရမယ့်အဖွဲ့တွေပါပဲ။ သူတို့အတွက်ရည်ရွယ်ပြီး ရေးဆွဲထားတာဆိုတော့ ဒီကျန်းမာရေးနဲ့ဆိုင်တဲ့ စံသတ်မှတ်ချက်တွေ လိုက်နာတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာဒေသအစိုးရတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေအားလုံး ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ရမယ့်အခြေအနေပါ။ အဲဒီလို ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဒီဇင်ဘာ ၁၆ ရက်နေ့ကစပြီး လေကြောင်းလိုင်းတွေ စနစ်တကျ ပုံမှန်ပြေးဆွဲနိုင်မယ့် အခြေအနေရှိပါတယ်။

**မေး။ ။ ခရီးသည်တွေအနေနဲ့ ကိုဗစ်-၁၉ စစ်ဆေးဖို့ ဘာတွေပြင်ဆင်ပြီးမှ လာရမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ကိုဗစ်-၁၉ ကင်းစင်ကြောင်း လာစစ်မယ်ဆိုရင် လေယာဉ်လက်မှတ်ပါရမယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ဒါမှမဟုတ် တခြားခိုင်ခိုင်မာမာပြဖို့ အထောက်အထားပါရမယ်။ ဓာတ်ပုံကလည်း ခြောက်လအတွင်းရိုက်ထားတဲ့ ပုံဖြစ်ပါတယ်ဆိုတဲ့ အထောက်အထားပြရမယ်။ ပတ်စ်ပို့ဆိုဒ်နဲ့ဆိုရင်လည်း တစ်ခါတည်းကပ်ပေးလိုက်လို့ရတယ်။ လူမှားမှာစိုးလို့ပါ။ အဲဒီလို အထောက်အထားတွေ ယူဆောင်လာမှပဲ စစ်ဆေးပေးမှာဖြစ်ပါတယ်။ စစ်မယ်ဆိုရင် ခရီးစဉ်မစတင်မီ ၇၆ နာရီအတွင်း စစ်ဆေးခံနိုင်အောင် ကြိုတင်ပြင်ဆင်ပြီး လာဖို့လိုပါတယ်။ လာတဲ့အခါမှာတော့ အဖော်ခေါ်လာလို့ မရပါဘူး။ စစ်ဆေးတဲ့ အဆောက်အဦထဲမှာလည်း အဖော်အတွက် နေရာပြင်မထားဘူး။ လာတဲ့အခါ Mask တပ်ပါ၊ Face Shield တပ်လာရမယ်။ Swab ယူတဲ့အချိန်ကလွဲပြီး တောက်လျှောက်တပ်ထားရမယ်။ ယူတဲ့နေရာမှာလည်း တစ်ဦးနဲ့တစ်ဦး ခြောက်ပေခြားပြီးထိုင်ရမယ်။ ထိုင်နေရင်း အစားအသောက်ထိုင်စားတာကိုလည်း ခွင့်မပြုပါဘူး။ ထိုင်စားတဲ့အချိန်က ကူးနိုင်တဲ့အချိန်ဖြစ်တဲ့အတွက် စောင့်ဆိုင်းနေစဉ်မှာ အစားအသောက်စားတာကို ခွင့်မပြုဘူး။ စစ်ဆေးပြီးလို့ အဖြေက Negative ဖြစ်ပြီဆိုရင် ထောက်ခံချက်ပေးလိုက်မယ်။ ရပြီဆိုတာနဲ့ ကိုယ့်အိမ်ကိုယ်ပြန်ပါ။ အိမ်ပြန်ရင်လည်း Mask တပ်ပါ၊ Face Shield တပ်ပါ။ ဟိုဝင်ဒီထွက် လုပ်လို့မရဘူး။ အိမ်ပြန်ရောက်ရင်တပ်ထားတဲ့ Mask၊ Face Shield တွေကို စနစ်တကျစွန့်ပစ်တာ၊ ပိုးသတ်တာတွေ၊ လက်ဆေးတာတွေ လုပ်ရပါမယ်။ အိမ်သားတွေနဲ့ နီးနီးကပ်ကပ်နေတာ ရှောင်ကြဉ်ရမယ်။

ခရီးသွားတွေအနေနဲ့ ဒီနေရာမှာ ဖုန်းနံပါတ်နဲ့ အိမ်လိပ်စာကိုတိတိကျကျ ဖြည့်ပေးဖို့လိုတယ်။ ဟိုဘက်မှာဆိုရင်လည်း သူသွားမယ့်မြို့ရဲ့လိပ်စာကို တိတိကျကျ ဖြည့်သွင်းဖို့လိုတယ်။ နောက်တစ်ခုက ဖောင်ထဲမှာ ဖြည့်စွက်ဖို့လိုတာက ဖုန်းနံပါတ်၊ ရန်ကုန်မှာစစ်တဲ့ လူကလည်း ရန်ကုန်လိပ်စာပေးဖို့၊ ဟိုဘက်မှာဆိုလည်းသွားမယ့် လိပ်စာ တိတိကျကျဖြည့်သွင်းဖို့လိုတယ်။ တိတိကျကျ ဖြည့်သွင်းမထားဘူးဆိုရင် ကျွန်တော်တို့က ငြင်းပယ်လိုက်မယ်။ ရောဂါပိုးတွေ့ရှိမယ်ဆိုရင်တော့ ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ကုသဖို့ သဘောတူပြီးဖြစ်ရပါမယ်။ ဒါမှသာလျှင် စစ်ဆေးဆောင်ရွက်ပေးမှာပါ။

**မေး ။ ။ ရန်ကုန်မှာ လေယာဉ်စီးမယ့် ခရီးသည်တွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဘယ်နေရာတွေမှာ သွားရောက်စစ်ဆေးရမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နှစ်နေရာမှာ စစ်ဆေးပေးပါတယ်။ တစ်နေရာက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာယာဉ်ရပ်နားစခန်းမှာရှိတဲ့ ဒေသန္တရကျန်းမာရေးဌာန၊ နောက်တစ်နေရာက ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းမှာရှိတဲ့ (Tourist Burma) အဆောက်အဦမှာရှိပါတယ်၊ အဲဒီမှာ ဒီနေ့ကစပြီး စစ်ဆေးဆောင်ရွက်ပေးနေပါတယ်။ အဲဒီလို စစ်ဆေးဆောင်ရွက်တာကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်တာပါ။ မကြာခင်မှာ ပုဂ္ဂလိကကိုလည်း ဆောင်ရွက်ခွင့်ပြုသွားမှာပါ။ ခုတော့ ပုဂ္ဂလိကတွေအနေနဲ့က ဆောင်ရွက်မှုအဆင်သင့် မဖြစ်သေးဘူး။ အဆင်သင့်မဖြစ်သေးခင်မှာ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ သူတို့ဘက်က ကောင်းကောင်းဆောင်ရွက်မှုတွေ လုပ်ဆောင်နိုင်ပြီဆိုရင် ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မဆောင်ရွက်တော့ပါဘူး၊ စစ်ဆေးဖို့ ပုဂ္ဂလိကမှာဆိုရင် နှစ်ခုခွင့်ပြုထားတာရှိပါတယ်။ တစ်ခုက လှိုင်သာယာမှာရှိတဲ့ ပန်းလှိုင်ဆေးရုံ၊ နောက်တစ်နေရာကတော့ လမ်းမတော်မြို့နယ်မှာရှိတဲ့ N Health Myanmar ဓာတ်ခွဲခန်း ဒီနေရာတွေမှာ စစ်ဆေးဖို့ လျာထားပါတယ်။

ခရီးသည်တွေကို RDT Test Kits နဲ့စစ်တာ။ ဒါက ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာလျှင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စစ်ဆေးပေးတာ။ ကုန်ကျတဲ့ပမာဏက Test Kits ဖိုးတောင်မရှိပါဘူး။ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းလိုင်းတွေ ပုံမှန်ပြေးဆွဲရေးအတွက် ဦးတည်ပြီး ဒီနှုန်းထားနဲ့ ဆောင်ရွက်ကြတာပါ။ အကယ်၍ ပုဂ္ဂလိကဘက်က ဆောင်ရွက်ကြမယ်ဆိုရင် ဒီနှုန်းထားနဲ့မရနိုင်ပါဘူး။ ပုဂ္ဂလိကကလည်း ထိုက်သင့်အားလျော်စွာ ဈေးနှုန်းသတ်မှတ်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။

ခရီးသည်တွေအနေနဲ့ လေကြောင်းလိုင်းတွေ စီးနင်းဖို့ လေယာဉ်လက်မှတ်ဝယ်တာကတော့ အေးဂျင့်တွေဆီကပဲဖြစ်ဖြစ်၊ အွန်လိုင်းကပဲဖြစ်ဖြစ် ထောက်ခံစာမလိုဘဲ ဝယ်လို့ရပါတယ်။ စစ်ဆေးတာကတော့ Test တစ်ခုကို ငွေကျပ်တစ်သောင်း သတ်မှတ်ထားပါတယ်။

လေယာဉ်လက်မှတ်ဝယ်ပြီး လေဆိပ်မှာ Check-in မဝင်ခင် ၇၆ နာရီအတွင်း စစ်ဆေးထားတဲ့ အဖြေစာရွက်ဖြစ်ရမယ်။ အဲဒီလိုစစ်ဆေးထားလို့ Negative အဖြေထွက်တယ်ဆိုရင် ဒီ Negative အဖြေရယ်၊ လေယာဉ်လက်မှတ်ရယ်၊ နိုင်ငံသားစိစစ်ရေးကတ်ရယ် ဒါတွေပြသပြီး လေယာဉ်စီးလို့ရပါတယ်။

**မေး။ ။ တာဝန်ထမ်းဆောင်မယ့် လေယာဉ်ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ညွှန်ကြားချက်တွေ ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ ခရီးသည်တွေနဲ့ မြေပြင်မှာပဲဖြစ်ဖြစ် လေယာဉ်ပေါ်မှာပဲဖြစ်ဖြစ် ထိတွေ့မှုရှိမယ်။ ခရီးသည်တွေနဲ့ ထိတွေ့မှုဖြစ်တဲ့အခါမှာ ထိတွေ့မှုကြာတဲ့သူတွေကို ဥပမာ လေယာဉ်မောင်မယ်တွေ၊ လေယာဉ်မှူးတွေဆို ခရီးစဉ်တစ်လျှောက်လုံးကြာမယ်။ သူတို့ကိုတော့ RT-PCR နဲ့စစ်ဆေးရမယ်။ မြေပြင်မှာလည်း ဆောင်ရွက်ပေးတဲ့ လေဆိပ်ဝန်ထမ်းတွေကိုလည်း RT-PCR နဲ့စစ်ဆေးပြီးတော့ တစ်ခါစစ်ထားရမယ်။ Negative ဖြစ်မှသာ တာဝန်ထမ်းဆောင်ခွင့်ရမှာဖြစ်တယ်။ သူတို့ကိုတော့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနမှာ စစ်ဆေးရမယ်။ တစ်ခါစစ်ဆေးရင် ငွေကျပ် သုံးသောင်းခွဲ ပေးရမှာဖြစ်ပါတယ်။

**မေး ။ ။ လေယာဉ်နဲ့ ခရီးသွားမယ့် ခရီးသည်တွေအနေနဲ့ သွားရောက်မယ့် မြို့တွေမှာ Quarantine ဝင်ရဖို့ရှိသလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ခရီးသည်တွေအနေနဲ့ Stay at Home သတ်မှတ်ထားတဲ့ မြို့ကနေ တခြား Stay at Home မြို့ကို သွားတယ်ဆိုရင် ဒီကနေပြီးတော့ ၇၆ နာရီအတွင်း စစ်ဆေးထားတဲ့ RDT Certificate ပြလိုက်လို့ရှိရင် Stay at Home to Stay at Home ကတော့ Quarantine ဝင်စရာမလိုဘူး။ အကယ်၍ Stay at Home သတ်မှတ်ထားတဲ့ မြို့ကနေ ဟိုဘက်က Non Stay at Home မြို့ကို သွားမယ်ဆိုရင် ဒီဘက်ကလည်း ၇၆ နာရီအတွင်း စစ်ဆေးထားတဲ့အဖြေ Certificate လိုမယ်။ ဟိုဘက်မှာလည်း Quarantine ဝင်ရမယ်။ အကယ်၍ ကိုယ် Quarantine ဝင်နေတဲ့မြို့က PCR Facility ရှိတယ်ဆိုရင် သုံးရက်ကြာတဲ့အခါမှာ PCR Test စစ်ပြီးတော့ Negative ဆိုရင် Quarantine ကနေ သုံးရက်နဲ့ ထွက်လို့ရပြီ။ အကယ်၍ PCR Facility မရှိဘူးဆိုရင် RDT Test Kits နဲ့ ခုနစ်ရက်ပြည့်ရင် စစ်မယ်။ အဲဒါစစ်ပြီးရင် Quarantine ထွက်လို့ရပြီ။ နောက်တစ်ခုက Non Stay at Home မြို့ကနေ Stay at Home မြို့ကိုလာရင် ရန်ကုန်ဆိုရင် ၄၄ မြို့နယ်က Stay at Home မြို့နယ်တွေ။ ရန်ကုန်ကို Non Stay at Home မြို့ကနေလာမယ်ဆိုရင် ၇၆ နာရီအတွင်း စစ်ဆေးထားတဲ့ အဖြေစာရွက်ပြပြီးရင် ဒီမှာ Quarantine ဝင်စရာမလိုတော့ဘူး။ Non Stay at Home မြို့ကနေ Non Stay at Home မြို့ကိုသွားမယ်ဆိုရင် ၇၆ နာရီအတွင်း စစ်ဆေးထားတဲ့ RDT Test အဖြေ ပါမယ်ဆိုရင် Quarantine ဝင်စရာမလိုပါဘူး။

**မေး ။ ။ လေယာဉ်နဲ့ ခရီးသွားမယ့်သူက စစ်ဆေးလိုက်လို့ Positive ပြသွားရင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ အဲဒီမှာ စစ်လိုက်လို့ ကံမကောင်းစွာနဲ့ပဲ Positive ဖြစ်သွားတယ်ဆိုရင် စစ်ဆေးတဲ့နေရာမှာ Positive တွေထားတဲ့ နေရာလေးလုပ်ထားပါတယ်။ အဲ့ဒီနေရာမှာ ခဏထားပြီး Positive လူနာသယ်တဲ့ လမ်းကြောင်းအတိုင်းပဲ လူမှုရေးအဖွဲ့က အရေးပေါ်ယာဉ်တွေနဲ့ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာကိုပို့မယ်။ ရန်ကုန်မှာဆိုရင်တော့ Positive ထားတဲ့နေရာတွေကလည်း လွတ်နေပါတယ်။ လူနာတွေ့ရှိမှုနှုန်းကလည်း နည်းသွားတော့ လျာထားတာက အောင်မြင့်မိုရ် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာမှာ ထားဖို့လျာထားပါတယ်။ အဲဒီမှာထားပြီး ကုသပေးသွားမယ်။

**မေး။ ။ တာဝန်ထမ်းဆောင်မယ့် လေယာဉ်မှူးနဲ့ လေယာဉ်မောင်မယ်တွေအနေနဲ့ လိုက်နာရမယ့် အချက်တွေရှိရင် သိချင်ပါတယ်။**

ဖြေ ။ ။ လေယာဉ်မှူးနဲ့ လေယာဉ်မောင်မယ်တွေအနေနဲ့ သူတို့လိုက်နာရမယ့် အချက်တွေက RT-PCR နဲ့စစ်မယ်။ စစ်လိုက်လို့ ပိုးမတွေ့ရှိတဲ့သူတွေကပဲ တာဝန်ထမ်းဆောင်ရမယ်။ သူတို့အားလုံးက ခရီးစဉ်မစတင်မီ အပူချိန်တိုင်းတဲ့ လုပ်ငန်းရှိမယ်။ ဒါကိုလည်း

*စာမျက်နှာ ၉ သို့*



ရန်ကုန်လေဆိပ်တွင် ခရီးသွားမည့်သူများအား တွေ့ရစဉ်။

# ကိုကိုးကျွန်းအား ၂၄ နာရီ မီးလင်းနိုင်ရေး လာမည့် ဇန်နဝါရီ ၄ ရက်အမီ ကြိုးပမ်းလုပ်ဆောင်နေ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း ဒေသပြည်သူများ ၂၄ နာရီ မီးလင်း ပေးနိုင်ရေး ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းက အချိန်နှင့် တစ်ပြေးညီ ကြိုးပမ်းလုပ်ဆောင်ပေး လျက်ရှိကြောင်း သိရသည်။

ယခု အကောင်အထည်ဖော် ဆောင်ရွက်နေသော ကိုကိုးကျွန်း အား ၂၄ နာရီ မီးလင်းရေးစီမံချက် ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ဆောင်ရွက်နေခြင်းဖြစ်ပြီး လာမည့် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် အပြည့်အဝ မီးလင်းပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ဒီကိုကိုး ကျွန်းကို ၂၄ နာရီ အပြည့်အဝ မီးလင်း ပေးနိုင်ရေး အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေပါတယ်။ ရာခိုင်နှုန်း အားဖြင့်လည်း အတော်လေးပြီးစီး နေပါပြီ။ အားလုံးပြီးစီးသွားရင်တော့ ဒီကျွန်းတစ်ခုလုံးကို အပြည့်အဝမီးလင်း ပေးနိုင်မှာပါ"ဟု ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဓာတ်အားဖြန့်ဖြူးရေးဌာနမှ အထွေထွေ မန်နေဂျာ ဦးကျော်သူက ပြောသည်။

ကိုကိုးကျွန်းအား ၂၄ နာရီ လျှပ်စစ်မီးလင်းပေးနိုင်ရေးကို ပြီးခဲ့ သည့် ဩဂုတ်လဆန်းပိုင်းမှစတင်ကာ ဆိုလာ၊ လျှပ်စစ်၊ ဘက်ထရီနှင့် ဂျင်နရေတာတို့ကိုအသုံးပြု၍ ဟိုက် ဘရစ် စနစ်ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ပြီး ၀ ဒသမ ၅ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်သည်။ လုပ်ငန်း အားလုံး အပြည့်အဝပြီးစီးပါက အိမ်ခြေ ၃၀၀ ခန့်ကို မီးလင်းပေးနိုင် မည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် ကိုကိုးကျွန်း အား ၃၅၀ ကေဗွီအေ မီးစက်ဖြင့် ညပိုင်းသုံးနာရီကျော်ကြာသာ မီးလင်း ပေးလျက်ရှိပြီး လာမည့် ဇန်နဝါရီ ၄ ရက် နောက်ပိုင်းတွင် ၂၄ နာရီ မီးအပြည့်အဝ ပေးနိုင်မည်ဖြစ်ကြောင်း၊ လောလောဆယ် မီတာ ၂၅၀ကျော် သာရှိသေးသော်လည်း နောက်ပိုင်း တွင် မီတာ ၃၀၀ ဝန်းကျင်အထိ မီးပေး နိုင်မည်ဖြစ်ကြောင်း၊ ရာခိုင်နှုန်းအား ဖြင့် လက်ရှိတွင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျွန်းတစ်ခု လုံးကို ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးအထိုင်ချကာ ပြီးစီးပါက နေ့ရော ညပါ မီးလင်းပေးနိုင်မည် ဖြစ်ကြောင်း အထွေထွေမန်နေဂျာ ဦးကျော်သူက ဆက်လက်ပြောကြား သည်။

ရန်ကုန်တိုင်းဒေသကြီး ကိုကိုး ကျွန်းဒေသအား ၂၄ နာရီ မီးလင်း ပေးနိုင်ရေးကို တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်သုံးဘီလီယံဖြင့် လျာထား ဆောင်ရွက်လျက်ရှိကာ ယခုအခါ ဆိုလာခွဲစက်ရုံများ၊ မြို့နယ်ရုံးများနှင့် ရိပ်သာတို့ကို တည်ဆောက်ပြီးလျက် ရှိပြီး အလုံးစုံပြီးစီးရေး လာမည့် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) အမီ ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်သူများအား သဘာဝမြေဩဇာများ ထောက်ပံ့

**လားရှိုး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး ခရိုင် လားရှိုးမြို့နယ် မန်းပွဲလုံကျေးရွာ အုပ်စု မန်းပွဲကျေးရွာ တောင်သူ ဦးစိုင်းထွန်းလှိုင်၏ စိုက်ပျိုးရေး ဆိုင်ရာအလေ့အကျင့်ကောင်း GAP စနစ်ဖြင့် စိုက်ပျိုးထားသော ကြက်သွန် ဖြူစိုက်ခင်းကွင်းပြပွဲနှင့် GAP စနစ် ဖြင့် စိုက်ပျိုးထားသည့် တောင်သူများ အား သဘာဝမြေဩဇာ ထောက်ပံ့ ပေးအပ်ပွဲကို ယနေ့ နံနက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ GAP စနစ်ဖြင့် ကြက်သွန်ဖြူ စိုက်တောင်သူ ၃၀ အတွက် သဘာဝ မြေဩဇာအိတ် ၆၀ ကို တောင်သူများ အား ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ် ဖြင့် စိုက်ပျိုးထားသော ကြက်သွန်ဖြူ စိုက်ခင်းများအား ကြည့်ရှုလေ့လာခဲ့ ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

*စာမျက်နှာ ၈ မှ*

သက်ဆိုင်ရာ လေကြောင်းလိုင်းက တာဝန်ယူပြီး လုပ်ပေးရမယ်။ အကယ်၍ ချောင်းဆိုးတာ၊ အန့်ပျောက်သွားတာ သံသယရှိတယ်ဆိုရင် လိုက်ပါခွင့်မပေးဘဲနဲ့ ဒါတွေကင်းစင်မှပဲ သတ်မှတ်ထားတဲ့ခရီးစဉ်မှာ လိုက်ပါ တာဝန် ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ခရီးစဉ်မစတင်မီမှာ သတ်မှတ်ထားတဲ့ Level 2 PPE တွေ မဖြစ်မနေဝတ်ဆင်ထားရမှာ ဖြစ်ပါတယ်။ အကယ်၍ PPE ဝတ်ဆင်ရာမှာ မှားယွင်းသွားတယ်ဆိုရင် ချက်ချင်းပြင်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ခရီးစဉ်တစ်ကြောင်းပြီးသွားရင် ဝတ်ဆင်ထားတဲ့ ကာကွယ်ရေးဝတ်စုံကို အသစ်လဲရပါမယ်။ သတ်မှတ်ထားတဲ့နေရာမှာ စွန့်ပစ်ဖို့အရေးကြီးပါတယ်။

လေယာဉ်မှူးကတော့ အတတ်နိုင်ဆုံး လေယာဉ်ထိန်းချုပ်ခန်းထဲမှာပဲနေသင့်တယ်။ လိုအပ်ချက်အရ အပြင်ထွက်ရမယ်ဆိုရင် ကိုဗစ်-၁၉ ကာကွယ်ရေးနဲ့ ပတ်သက်တာတွေ အပြည့်အစုံဝတ်ဆင်ပြီးမှ ထွက်ဖို့ လိုပါတယ်။ လေယာဉ်မောင်မယ်တွေအနေနဲ့ ခရီးသည်တွေနဲ့ အတတ်နိုင်ဆုံးခပ်ခွာခွာနေဖို့လို့ပါတယ်။ အရေးပေါ် ကိစ္စရှိရင်တော့ ကူညီပေးရမယ်။ ခရီးစဉ်မထွက်ခွာခင်မှာ လေယာဉ်မောင်မယ်တွေအနေနဲ့ ကိုဗစ်-၁၉ လမ်းညွှန်ချက်တွေကို ထုတ်ပြန်ကြေညာပေးရမယ်။ ခရီးသည်တွေ အားလုံးကလည်း Mask တွေ၊ Face Shield တွေကို ခရီးစဉ်တစ်လျှောက်လုံး တပ်ထားဖို့လိုပါတယ်။ တပ်မထားရင်လည်း တပ်ဖို့အသိပေးကြေညာရမယ်။ နောက်တစ်ခုအရေးအကြီးဆုံးက လေယာဉ်ပေါ်မှာ အစားအသောက်ကျွေးတာမွေးတာ ပြုလုပ်လို့မရပါဘူး။ ကျွေးချင်ရင်လည်း လေယာဉ်ပေါ်မတက်ခင် ဧရိယာတစ်ခု သတ်မှတ်ပြီး ကျွေးမွေးပေ့ါ။

ခရီးစဉ်သွားနေတုန်း ခရီးသည်တစ်ယောက်ယောက်က ကိုဗစ်-၁၉ သံသယလက္ခဏာတွေ့တယ်ဆိုရင် အဲဒီခရီးသည်ကို လေယာဉ်ပေါ်မှာရှိတဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခွဲထားဖို့လိုပါတယ်။ အနီးဆုံးဆိုက်ရောက်မယ့် လေဆိပ်ရောက်ရင် ကျန်းမာရေးဌာနနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေကို ဆက်သွယ်သတင်းပေးရမှာ ဖြစ်ပါတယ်။ ခရီးစဉ်ပြီးဆုံးသွားတယ်ဆိုရင် ဝတ်ဆင်ထားတဲ့ PPEတွေ စနစ်တကျ သတ်မှတ်ထားတဲ့နေရာမှာ စွန့်ပစ်ဖို့လိုပါတယ်။ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်မယ်တွေအနေနဲ့ ခရီးစဉ်တစ်ခုပြီးသွားရင် ကျန်းမာရေးနဲ့ဆိုင်တဲ့ ဖြည့်စွက်ရမယ့်ကတ်ကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြည့်စွက်ပြီး ကျန်းမာရေးနဲ့ဆိုင်တဲ့သူတွေကို ပေးဖို့လိုပါတယ်။ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်မယ်တွေအနေနဲ့ ကိုယ့်အိမ်မှာပဲဖြစ်ဖြစ်၊ အလုပ်ခွင်ထဲမှာပဲဖြစ်ဖြစ်နေတဲ့ အချိန်မှာတော့ ကိုဗစ်-၁၉နဲ့ ပတ်သက်တဲ့ လိုက်နာရမယ့် စည်းကမ်းတွေကို လိုက်နာဖို့လိုပါတယ်။ နေထိုင်မကောင်းဖြစ်တယ်ဆိုရင် ရန်ကုန်မှာဆိုရင် လေဆိပ်ကျန်းမာရေးဌာနနဲ့ လေဆိပ်ကျန်းမာရေးဌာန မရှိတဲ့မြို့တွေမှာဆိုရင် အဲဒီမြို့မှာရှိတဲ့ ကျန်းမာရေးဌာနတွေကို သတင်းပို့ဖို့ အရေးကြီးပါတယ်။

**မေး ။ ။ ခရီးသွားဖို့အတွက် ဖောင်ဖြည့်ရာမှာ မှန်မှန်ကန်ကန်ဖြည့်သွင်းဖို့ ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ ဒုတိယ ကိုဗစ်လှိုင်းက ဩဂုတ်လ ၁၆ ရက်နေ့က စတယ်။ လူနာအမှတ် ၃၇၅။ ဒါက အမှတ်တရပါပဲ။ အဲဒီမတိုင်ခင်က ရန်ကုန်မှာ Positive လူနာ ၂၇၆ ယောက်ပဲရှိတယ်။ အများစုက ပြည်ပပြန်တွေပါ။ အဲဒီအချိန်က ပြည်တွင်းကူးစက်မှုကမရှိဘူး။ အဲဒီကာလတွေမှာ ကောင်းကောင်းကြီး ထိန်းချုပ်နိုင်တယ်။ အဲဒီအချိန်က ပြည်သူလူထုကလည်း စည်းကမ်းလိုက်နာမှုအားကောင်းတယ်။ ကျွန်တော်တို့ဘက်ကလည်း ကောင်းကောင်းထိန်းချုပ်နိုင်တယ်။ လူနာအမှတ် ၃၇၅ က ရခိုင်ကလာတယ်။ ရန်ကုန်မှာ ဆေးလာကုတယ်။ အဲဒီကနေ အစိုးရဆေးရုံကြီးရော၊ ပုဂ္ဂလိကဆေးရုံတွေရော သူသွားခဲ့တဲ့နေရာတွေအားလုံး ကူးစက်ခံခဲ့ရတယ်။ သူတည်းခိုတဲ့နေရာက စက်ရုံမှာလုပ်တော့ စက်ရုံတွေမှာရော ကူးစက်ခံခဲ့ရတယ်။ အဲဒီအချိန်တုန်းက ရခိုင်က လာတဲ့သူတွေကို တစ်ပတ်အတွင်း စာရင်းကောက်ဖို့ လုပ်တဲ့အခါ လူဦးရေ ၅၇၀၀ ရှိပါတယ်။ ၅၇၀၀မှာ လူဦးရေ နှစ်ထောင်ကျော်လောက်ကို မလိုက်နိုင်ခဲ့ဘူး။ မလိုက်နိုင်တာက သူတို့ဖြည့်စွက်ထားတာတွေက မပြည့်စုံဘူး။ လိပ်စာတွေလည်း မမှန်ကန်ဘူး။ ဖုန်းနံပါတ်တွေကလည်း မှန်မှန်ကန်ကန်မဖြည့်စွက်ခဲ့ဘူး။ မဖြည့်စွက်ခဲ့တဲ့အခါ ကျတော့ ဒီလူတွေကို Quarantine ထားရှိရေး မဆောင်ရွက်နိုင်ခဲ့ဘူး။ ဒီလူတွေက ရန်ကုန်မြို့ထဲမှာလည်း ပြန့်သွားတယ်လို့ ယူဆရတယ်။ နောက်ပြီး ဒီလူတွေက ရန်ကုန်တင်မနေဘဲနဲ့ တစ်နိုင်ငံလုံးကို ခရီးဆက်ပြီး ထွက်ခွာသွားကြတယ်လို့ ယူဆရတယ်။ အခုလိုမျိုး ကိုဗစ်ဒုတိယလှိုင်းအကြီးကြီး ခံစားခဲ့ရတယ်။ တခြားနိုင်ငံတွေနဲ့ ယှဉ်ရင် ဘာမှမဟုတ်ပေမယ့် ကိုယ့်နိုင်ငံအခြေအနေနဲ့ ကျတော့ ဒါကတော်တော်ကြီးမားတဲ့ ရိုက်ခတ်မှုပါပဲ။ ကိုဗစ်-၁၉ စောင့်ကြည့်တဲ့နေရာမှာ သေသေချာချာ သိရှိနိုင်ဖို့အတွက် ဖုန်းနံပါတ်တွေ၊ အိမ်လိပ်စာတွေ၊ ခရီးစဉ်အကြောင်းတွေ၊ ခရီးစဉ်မှာ ပါခဲ့ကြတဲ့သူတွေရဲ့ အချက်အလက်တွေ လိုပါတယ်။ စနစ်တကျ စောင့်ကြည့်ရတာပါ။ ကိုဗစ်ဒုတိယလှိုင်းမှာ အဲဒီလို စောင့်မကြည့်နိုင်ခဲ့လို့ ရန်ကုန်က အကြီးမားဆုံးရိုက်ခတ်မှုနဲ့ ကြုံခဲ့ရပါတယ်။



အောင်မင်္ဂလာယာဉ်ရပ်နားစခန်းအတွင်းရှိ ဒေသန္တရကျန်းမာရေးဌာနတွင် လေကြောင်းခရီးဖြင့် ခရီးသွားရန် ကိုဗစ် - ၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးနေစဉ်။ ဓာတ်ပုံ-ချစ်ဇာခြည်

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ။ ။ ပြည်တွင်းလေကြောင်းလိုင်းတွေ ပြန်လည်ပြေးဆွဲခွင့်ပြုလိုက်ရတာက လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပြန်လည်အားကောင်းပြီးတော့ မြန်မာ့စီးပွားရေး ဦးမော့လာဖို့အတွက် ဖြစ်ပါတယ်။ ခရီးသည်တွေအနေနဲ့ ကျန်းကျန်းမာမာရှိမှပဲ ခရီးသွားဖို့လိုပါတယ်။ ဖျားတာနာတာ သံသယရှိရင်လည်း ခရီးမသွားဖို့ လိုပါတယ်။ ကျန်းမာရေးနဲ့ဆိုင်တဲ့ ညွှန်ကြားချက်တွေ ခရီးစဉ်တစ်လျှောက်လုံး လက်မှတ်မဝယ်ခင်ကတည်းကစပြီး လိုက်နာရမယ်။ ခရီးစဉ်ပြီးဆုံးတဲ့အခါမှာလည်း ခရီးစဉ်ပြီးဆုံးသွားတဲ့ဒေသရဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ အကြောင်းကြောင်းကြောင့် နေထိုင်မကောင်းဖြစ်ရင်လည်း သက်ဆိုင်ရာ လေကြောင်းတာဝန်ရှိသူတွေကို အကြောင်းကြားပြီး ဆေးကုသမှုခံယူဖို့ လိုအပ်ပါတယ်။ ခရီးသည်တွေကို RDT Test Kits နဲ့ စစ်ဆေးသလို လေယာဉ်ပေါ်တက်ရင်လည်း အပူချိန်တိုင်းတာတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ယခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ် (MNA)**

**ဓာတ်ပုံ-ဥက္ကာ**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ လှူဒါန်းသည့် COVID-19 ခာတ်ခွဲမှု PCR Test Kit များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ယနေ့ ညနေပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Hai Kyung Jun အား လက်ခံတွေ့ဆုံပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လှူဒါန်းသည့် ကိုဗစ်-၁၉ ခာတ်ခွဲမှု PCR Test Kit များအား လက်ခံသည်။

တွေ့ဆုံစဉ် Ms. Hai Kyung Jun က မိမိတို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Cobas SARS-CoV2- PCR Test Kit များကို လှူဒါန်းခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ယခုကဲ့သို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ကိုဗစ်-၁၉ ခာတ်ခွဲမှုဆိုင်ရာ PCR Test Kit များ ပေးအပ်လှူဒါန်းခြင်းသည် ခာတ်ခွဲစစ်ဆေးမှု လုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှု အတိုင်းအတာတစ်ခုအထိ ရရှိချိန်တွင် မြန်မာနိုင်ငံ၏ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ကာ လက်တွေ့မြေပြင်အခြေအနေမှန်များကို ကြည့်ရှုစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) လက်တွဲပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် Ms. Hai Kyung Jun က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ လှူဒါန်းသည့် Cobas SARS-CoV2- PCR Test Kit ၅၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှုဆိုင်ရာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၆

**ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးကို ဦးစားပေး ဆောင်ရွက်နေခြင်းသည် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်ခြင်းဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်များသည် လူသားများဖြစ်ကြသည့်အတွက် လူတစ်ဦးချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ပြည်သူ့အစိုးရက အဓိကရည်ရွယ်ပြီး အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် တိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်လျှောက်လှမ်းမည့် နိုင်ငံရေးလမ်းစဉ်တွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ချိတ်ဆက်ဖော်ဆောင်ရင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ အစည်းအဝေးများမှ အတည်ပြုချက်ရရှိသော ပြည်ထောင်စု၏ သဘောတူညီချက် အစိတ်အပိုင်းများသည် ဝန်ကြီးဌာနက ဖော်ဆောင်နေသော လုပ်လက်စလုပ်ငန်းစဉ်များဖြစ်၍ ဝန်ကြီးဌာနနှင့် သက်ဆိုင်သောကဏ္ဍများကို ထိထိရောက်ရောက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများက တရားဥပဒေစိုးမိုးမှုရှိသည်ဟု ခံစားလာရအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အောက်ခြေလူထုနှင့် ထိတွေ့မှုသည် အလွန်အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် တိုက်ရိုက်ထိတွေ့ရန်လိုပါကြောင်း။

**မဟာဗျူဟာရေးဆွဲထား**

သို့ရာတွင် အောက်ခြေပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေသည့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါက တာဝန်ကို မျှထမ်းသကဲ့သို့ ဖြစ်ပြီး မြန်ဆန်ထိရောက်မည်ဟုယူဆပါကြောင်း၊ နေရာတစ်ခုအစိုးရ မထိတွေ့နိုင်သည်ကို ဟာကွက်မရှိဖြည့်ဆည်းနိုင်မည်ဟု ယူဆပါကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှာလည်း ပြည်သူထဲက ပြည်သူများပင်ဖြစ်သည့်အတွက် ပြည်သူ့အကျိုးအတွက် ယုံကြည်မှုအပြည့်ဖြင့် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းအောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များကလည်း အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတွင်လည်း အရပ်ဘက်အဖွဲ့အစည်းများ၊ နေရပ်စွန့်ခွာရသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုပါဝင်နိုင်ရေး မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကလည်း နည်းပညာဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Technical Coordination Group) ဖွဲ့စည်းဆောင်ရွက်ရန် ဆက်သွယ်မည့် Focal Person အဖြစ် ကချင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ် ဦးစီးမှူးတို့အား သတ်မှတ်တာဝန်ပေးထားပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ပေးမည်**

လုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲထားပြီးဖြစ်သည့်အတွက် UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများလည်း ရရှိကြမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်အရ ကဏ္ဍအသီးသီးတွင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့၏ ဘတ်ဂျက်ရန်ပုံငွေ၊ မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှုများကိုလည်းရရှိအောင် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာအရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာသွားလာခွင့်ကဏ္ဍတွင် ပြန်လည်နေရာချထားမည့်နေရာများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့်နေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ (Humanitarian Demining) ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်း အပါအဝင် ဘေးကင်းလုံခြုံရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက်ပေးရန်အထူးလိုအပ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှုအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် မေ ၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများ အနေဖြင့် လုပ်ငန်းစဉ်များကို တိုင်ပင်ညှိနှိုင်းအကြံပြုဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်းနှင့် ယနေ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန - NRPC သို့ တင်ပြ၍ ပံ့ပိုးကူညီမှုကိုရယူကာ နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်ပြီးစီးမှုတင်ပြ**

ထို့နောက် ကချင်ဒေသစစ်ဘေးရှောင် ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC)ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာခလမ်ဆမ်ဆွန်က အမှာစကားပြောကြားပြီး လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြသည်။

ယင်းနောက် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေး ကော်မတီ(KHCC)က တတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များမှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ နေရပ်ပြန်ကျေးရွာ ၁၇ ရွာ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စများ၊ ဝိုင်းမော် - ကန်ပိုင်တီလမ်းမပေါ်ရှိကျေးရွာများနှင့် စိန်လုံ၊ လွယ်ဂျယ် လမ်းမပေါ်ရှိကျေးရွာများ နေရပ်ပြန်ရေးကိစ္စများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ နေအိမ်ပုံစံနှင့် ကုန်ကျစရိတ်ကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှု မိုင်းအန္တရာယ်ဆိုင်ရာ သင်တန်းကိစ္စများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီး(ဗိုလ်မှူးကြီး)၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖိတ်ကြားထားသူများ၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ပုံစံဖြင့် ကျား ၂၅၀၈ ဦး၊ မ ၄၆၇၃ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၇၁၈၁ ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေ ပေးရန်အတွက် မြို့နယ်များတွင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အခြားဌာနသို့ လွှဲပြောင်းမှု တစ်မှု၊ ကျေအေးမှု ၁၁ မှု၊ ခုံသမာဓိ အဖွဲ့သို့ လွှဲပြောင်းမှု ၂၇ မှု၊ ပိတ်သိမ်းမှု ၁၆ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၆၄ မှုနှင့် လက်ကျန် အမှု ၃၃ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၀၉ ဦးအား ငွေကျပ် ၈၀၁၆၄၄၃၂ နှင့် US$ ၁၀၆၁ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ် ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၃၆ မှုနှင့် ခုံသမာဓိကောင်စီတွင် ၁၂ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များ အလိုက် ငွေကျပ် သိန်းပေါင်း ၃၀၀၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၃၃၆၀၄ ဦး အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၂၂၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ ပြင်ပလူနာ ၄၆၉ ဦး၊ အတွင်းလူနာ ၃၀၂ ဦး စုစုပေါင်း – ၇၇၁ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၅၈ ခန်းနှင့် သွားဖွားမီးယပ် (OPD) ဝန်ဆောင်မှုစမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် ငါးခန်း အပါအဝင် PPS စနစ်ဖြင့် ဆောင်ရွက်သည့်ဆေးခန်း ၁၄ ခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် စုစုပေါင်း ၆၉၈၃၅ ဦး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၄ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



ထို့အပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၃ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားများ အလှည့်ကျဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ (CCSC) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိမြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သံတွဲမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကွင်းဆင်းစစ်ဆေး


**သံတွဲ ဒီဇင်ဘာ ၁၆**


နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် သံတွဲမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၁၇၃ ဒသမ ၂၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇီးကုန်းကျေးရွာအုပ်စု ဇီးကုန်း–ဒေါ်ပွေးခုံကျေးရွာချင်းဆက်လမ်း(၁/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို သံတွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် သံတွဲမြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၆၈၁လုံး၊ လူဦးရေ ၂၄၆၃ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခက်အခဲဖြေရှင်းရေးခွဲခြမ်းစိတ်ဖြာမှုနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလမ်းပြမြေပုံ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခက်အခဲဖြေရှင်းရေး ခွဲခြမ်းစိတ်ဖြာမှု (Public Financial Management Debottle–necking Analysis) နှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလမ်းပြမြေပုံ (Financial Management Roadmap–FMR)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက Virtual Event ဖြင့် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (ယာပုံ)




### ထိရောက်အကျိုးရှိစွာ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခက်အခဲဖြေရှင်းရေး ခွဲခြမ်းစိတ်ဖြာမှုနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလမ်းပြမြေပုံ ရေးဆွဲရာ၌ ပံ့ပိုးကူညီခဲ့ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစီရင်ခံစာနှင့် ထောက်ခံအကြံပြုချက်များအတိုင်း ပညာရေးဝန်ကြီးဌာနက ထိရောက် အကျိုးရှိစွာ အကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့် ခွင့်ပြုပေးလျက်ရှိသဖြင့် ယုံကြည်မှု ပိုမိုအားကောင်းရန် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော အကျိုးအမြတ်များကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်သည် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြည်သူများသို့ ဝန်ဆောင်မှုပေးရာတွင် စွမ်းဆောင်ရည်မြင့်မားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ ရှိစေရေးအတွက် ပံ့ပိုးပေးပါကြောင်း။

### အခွင့်အလမ်းများ ရရှိမည်

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခက်အခဲဖြေရှင်းရေး ခွဲခြမ်းစိတ်ဖြာမှုနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလမ်းပြမြေပုံတို့သည် ပညာရေးပြုပြင်ပြောင်းလဲမှုခရီးစဉ်တွင် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဤသုံးသပ်ချက်တွင် ပညာရေးကဏ္ဍ၏ ဘဏ္ဍာငွေလည်ပတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပိုမိုသိရှိနားလည်စေရန်နှင့် ထိုအခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ပြထားပါကြောင်း၊ အရည်အသွေးရှိသည့်လူတိုင်း အကျုံးဝင်ပညာရေးစီမံကိန်းတွင်ပါဝင်သည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတွက် လမ်းပြမြေပုံတစ်ခုဖြစ်ပြီး သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာကို ပွင့်လင်းမြင်သာစွာ၊ ထိရောက်အကျိုးရှိစွာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကောင်းစွာ အသုံးချနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဤလမ်းပြမြေပုံကို အကောင်အထည်ဖော်ရာတွင် ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံဆိုင်ရာ Country Director ဖြစ်သူ Ms. Mariam J.Sherman နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ၏ Deputy Head of Cooperation ဖြစ်သူ Mrs. Kristina Bunde တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် အစီအစဉ်အရ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ငွေစာရင်းပူးတွဲကော်မတီအဖွဲ့ဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး /ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်ဥပဒေအရာရှိများ၏ အဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မျက်နှာစုံညီ ပြုလုပ်နိုင်ခြင်းမရှိသဖြင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် “တရားဥပဒေစိုးမိုးရေးဆီသို့” ၂၀၁၅–၂၀၁၉ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ “တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု” ၂၀၂၀–၂၀၂၄ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊




ယင်းမဟာဗျူဟာ စီမံကိန်းတွင် ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲအမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တရားမျှတမှု ကဏ္ဍတိုးတက်ရေးတို့ကို အထောက်အကူပြုရန် ရည်မှန်းချက် ပန်းတိုင် ၅ ရပ် ချမှတ်ထားပါကြောင်း၊ ၂၀၁၉–၂၀၂၀ ကာလအတွင်း တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

### လေ့လာသင်ယူကြရမည်

တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများအနေဖြင့် ဥပဒေမူကြမ်းများ စိစစ်အကြံပြုရာတွင် အထောက်အကူပြုရန် ဥပဒေမူကြမ်းရေးဆွဲရေးလမ်းညွှန်စာအုပ်ကို ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများတွင်လည်း ဥပဒေမူကြမ်းနှင့် တစ်ဆင့်ခံဥပဒေမူကြမ်းများကို စိစစ်ရန် ပြဋ္ဌာန်းချက်များ ပါရှိပါကြောင်း၊ ဥပဒေမူကြမ်းများ စိစစ်အကြံပြုရာတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက်နှင့်စပ်လျဉ်းသည့် စိစစ်ချက်များကို ထပ်မံဖြည့်စွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ စိစစ်အကြံပေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြေယာကိစ္စများ အကြံပေးရာတွင် အထောက်အထားများကို ပြည့်ပြည့်စုံစုံ လေ့လာရန် လိုအပ်ပြီး တည်ဆဲဥပဒေများ၊ မူဝါဒများကို သိရှိရန် လိုအပ်ပါကြောင်း၊ ဥပဒေအရာရှိများသည် ပြင်ဆင်၊ ဖျက်သိမ်း၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေများကို မျက်ခြည်မပြတ် လေ့လာရန်လိုအပ်ပါကြောင်း၊ အယူခံမှုနှင့် ပြင်ဆင်မှုများ တင်သွင်းရာတွင် ကာလစည်းကမ်းသတ်မကျော်လွန်စေရေးနှင့် တရားရုံးစီရင်ချက်မိတ္တူမှန်များ အချိန်မီရရှိစေရေး ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဥပဒေအရာရှိကျင့်ဝတ်ကို လိုက်နာကြရန်နှင့် အရည်အသွေးပြည့်ဝသူများဖြစ်စေရေး ကိုယ်တိုင်ကြိုးစားလေ့လာ သင်ယူကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်း၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ၊ ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အဖွဲ့ငါးဖွဲ့ ခွဲလျက် ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရေပေးရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ထို့အပြင် ၂၀၂၁–၂၀၂၂ ဘဏ္ဍာ ရေးနှစ်အတွင်း ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များဈေးကွက်အတွင်းသို့ လွယ်ကူစွာ သယ်ပို့နိုင်ရန်အတွက် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နိုင်ရန်နှင့် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ရေပေးရေးလုပ်ငန်းများ လျာထားဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေများ ကွင်းဆင်းတိုင်းတာခြင်း ဆောင်ရွက်ကြောင်း သိရသည်။

**မောင်မွေး**

# မြန်မာ့ငရုတ်သီးနှင့်ကုန်စိမ်းသီးနှံများကို ကုမ္ပဏီများပူးပေါင်း၍ နိုင်ငံတကာဈေးကွက်ရှာဖွေမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာ့ငရုတ်သီးနှင့် ကုန်စိမ်းသီးနှံများကို ကုမ္ပဏီများ ပူးပေါင်း၍ နိုင်ငံတကာဈေးကွက် ထိုးဖောက်ရှာဖွေနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာ့ငရုတ်သီး ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းထံမှ သိရသည်။

“မြန်မာ့ငရုတ်သီးအပါအဝင် ကုန်စိမ်းသီးနှံတွေကို ထုတ်လုပ်နေတဲ့ ကုမ္ပဏီတွေ ပူးပေါင်းလက်တွဲပြီး နိုင်ငံတကာဈေးကွက် ရှာဖွေထိုးဖောက်ပါတော့မယ်။ ဒါကြောင့် ငရုတ်စိုက်တောင်သူတွေအနေနဲ့လည်း မိမိတို့ ငရုတ်သီးတွေကို အရည်အသွေးပြည့်မီအောင် စိုက်နည်းစနစ်မှန်မှန်နဲ့ အသေအချာစိုက်ပျိုးကြပါ။ နယ်စပ်တစ်ခုပဲ အားကိုးနေရတဲ့ ကျွန်မတို့ တောင်သူတွေ နောင်ဆိုဈေးနှုန်းတည်ငြိမ်စွာနဲ့ ငွေကြေးအပါအဝင် အစစအရာရာမှာ အဆင်ပြေအောင် အားလုံးစုပေါင်း ကြိုးစားကြတော့မှာပါ”ဟု မြန်မာ့ငရုတ်သီး ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောသည်။

ယင်းကဲ့သို့ ဈေးကွက်သစ်များ ရှာဖွေဖော်ဆောင်ရာတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP)နှင့်အတူ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား၊ အလတ်စား သစ်သီးဝလံကုမ္ပဏီများ စုစည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Myan Fresh နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“အခုဆိုရင် ကျွန်မတို့မြန်မာနိုင်ငံမှာ Myan Fresh ဆိုတဲ့ အဖွဲ့ကြီး ပေါ်ထွက်လာပါပြီ။ မြန်မာ့ကုန်စိမ်းသီးနှံတွေအတွက် ဈေးကွက်သစ်တွေ ရရှိအောင် အတတ်နိုင်ဆုံးကြိုးစားကြမှာပါ။ ကျွန်မတို့ရဲ့ နေသူရိန်စတားကုမ္ပဏီကလည်း Myan Fresh ရဲ့ အဖွဲ့ဝင်အဖြစ်နဲ့ ပူးပေါင်းပါဝင်မှာ ဖြစ်ပါတယ်”ဟု ဒေါ်ဥမ္မာကျော်က ဆက်လက်ပြောသည်။

မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ကွင်းဆက်တစ်လျှောက် လုပ်ငန်းစဉ်များအားလုံးကို အဖွဲ့ဝင်ကုမ္ပဏီများက အသီးသီးဆောင်ရွက်သွားကြမည်ဖြစ်ပြီး Myan Fresh ကုမ္ပဏီမှ ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ရေးနှင့် လိုအပ်သော အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဦးစီးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# မော်ဒါနာကိုဗစ်-၁၉ ကာကွယ်ဆေးသည် အစွမ်းထက်ထိရောက်မှုရှိပြီး လုံခြုံစိတ်ချရကြောင်း အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အမေရိကန်ဆေးကုမ္ပဏီမော်ဒါနာ၏ ကိုဗစ်–၁၉ ကာကွယ်ဆေး လက်တွေ့စမ်းသပ်ကုသမှုဆိုင်ရာ အသေးစိတ်တွေ့ရှိချက်များကို ထုတ်ပြန်လိုက်သည်။

အီးယူအေ ထုတ်ပေးရန် ဟန့်တားနှောင့်ယှက်မည့် လုံခြုံရေးဆိုင်ရာ စိုးရိမ်စရာများကို မတွေ့ရှိကြောင်း အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက မှတ်ချက်ပြုပြောကြားလိုက်သည်။ အီးယူအေသည် ကိုဗစ်–၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးမှုကို ကိုယ်စားပြုသည်။

ဒီဇင်ဘာ ၁၄ ရက်က ထုတ်ပြန်လိုက်သော အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ တွေ့ရှိချက်များတွင် လူ ၃၀၀၀၀ ပါဝင်သည့် လက်တွေ့စမ်းသပ်ကုသမှု၌ မော်ဒါနာဆေးသည် အစွမ်းထက်ထိရောက်မှုရှိပြီး စိတ်ချရကြောင်း ဖော်ပြထားသည်။ မော်ဒါနာသည် လွန်ခဲ့သောလက အရေးပေါ်အသုံးပြုခွင့်ရရှိရန် လျှောက်ထားခဲ့သည်။

ဒုတိယတစ်ခါ သောက်ဆေးပမာဏပေးပြီးနောက် အနည်းဆုံး သီတင်းနှစ်ပတ်အကြာ၌ မော်ဒါနာသည် စမ်းသပ်မှုဖြစ်စဉ်အားလုံးအပေါ်တွင် ၉၄ ဒသမ ၁ ရာခိုင်နှုန်း အစွမ်းထက်ထိရောက်မှုရှိကြောင်း တွေ့ရှိချက်များတွင် သုံးသပ်ဖော်ပြထားသည်။

မော်ဒါနာ၏ အစွမ်းထက်ထိရောက်မှုသည် အသက်အရွယ်အုပ်စုအပေါ်လိုက်၍ အနည်းငယ်ကွဲပြားမှုရှိသည်။ အသက် ၁၈ နှစ်မှ ၆၄ နှစ်အထိ အစွမ်းထက်ထိရောက်မှု ၉၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် အသက် ၆၅ နှစ်နှင့် ယင်းအထက် အသက်အရွယ်အုပ်စုများအတွက် ၈၆ ဒသမ ၄ ရာခိုင်နှုန်းအထိ အစွမ်းထက်ထိရောက်မှုရှိကြောင်း သိရသည်။

ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးမှာ မပြင်းထန်ကြောင်းနှင့် အလယ်အလတ်သာရှိကြောင်း သိရသည်။ အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန အကြံပေးအဖွဲ့သည် ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုခွင့်ပေးရေးနှင့်ပတ်သက်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ဆွေးနွေးသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



မော်ဒါနာကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

# တိုကျိုမြို့၌ ကိုဗစ်–၁၉ လူနာများအတွက် ဆေးရုံအသစ်ဖွင့်လှစ်

**တိုကျို ဒီဇင်ဘာ ၁၆**

ရောဂါလက္ခဏာမပြ သို့မဟုတ် မပြင်းထန်သည့် ကိုဗစ်–၁၉ လူနာများကို သီးသန့်ဆေးကုသမှုပေးရန် ဆေးဘက်ဆိုင်ရာ အဆောက်အအုံသစ်တစ်ခုကို တိုကျိုတွင် ဒီဇင်ဘာ ၁၆ ရက်က ဖွင့်လှစ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။


တိုကျို ကိုဗစ်–၁၉ ဆေးရုံတွင်ပြင်ဆင်ထားသည့် လူနာတင်ခုတင်များကို တွေ့ရစဉ်။

အဆိုပါဆေးဘက်ဆိုင်ရာ အဆောက်အအုံသစ်ကို တိုကျိုမြို့တော်အစိုးရက ဖူချူမြို့ရှိ ယခင်ကျန်းမာရေးအဆောက်အအုံဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံထားခြင်းဖြစ်သည်။ ယင်းဆေးဘက်ဆိုင်ရာအဆောက်အအုံသစ်သည် တိုကျိုမြို့တော်အစိုးရကပြုလုပ်ပေးသော ပထမဆုံးဆေးဘက်ဆိုင်ရာအဆောက်အအုံဖြစ်ပြီး ဆေးရုံတက်ရန်လိုသည့်ကိုဗစ်–၁၉လူနာများကိုသီးသန့်ဆေးကုသမှုပေးရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

တခြားဆေးရုံများက အလွယ်တကူ ကိုင်တွယ်မဖြေရှင်းပေးနိုင်သည့် အထူးပြုစုစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများနှင့် ဂျပန်ဘာသာစကားမပြောတတ်သော နိုင်ငံခြားသားများကဲ့သို့သော ဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းပေးရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်အနေဖြင့် အဆိုပါ ဆေးဘက်ဆိုင်ရာအဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ကြောင်း တိုကျိုအရာရှိများက ပြောကြားလိုက်သည်။

အဆိုပါဆေးရုံတွင် ခုတင် ၁၀၀ ရှိသည်။ လတ်တလောတွင် ခုတင် ၃၂ လုံးကို အသုံးပြုနိုင်ရန် အရာရှိများက စီစဉ်ထားသည်။ ဆရာဝန်သုံးဦးနှင့် သူနာပြု ၄၈ ဦးတို့ အဆိုပါ ဆေးရုံတွင် အလုပ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးဘက်ဆိုင်ရာအဆောက်အအုံတွင် လူနာအရေအတွက် ဘယ်လောက်များများကို ကုသမှုပေးနိုင်မလဲဆိုသည်ကို မသိရသေးကြောင်း အရာရှိများက ပြောကြားလိုက်သည်။ ကျန်းမာရေးဝန်ထမ်းများအားလုံးကို လတ်တလောတွင် တခြားဆေးရုံများ၌ ခန့်အပ်ထားကြောင်းသိရသည်။ ၎င်းတို့သည် လတ်တလောတွင် ၎င်းတို့အားခန့်အပ်ထားသည့် ဆေးရုံနှင့် တိုကျို ကိုဗစ်–၁၉ ဆေးရုံတို့တွင် တစ်ပြိုင်နက် အလုပ်တာဝန်များကို ထမ်းဆောင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဂျာမနီနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၂၇၇၂၈ ဦးရှိကြောင်း ဖော်ပြ

**ဘာလင် ဒီဇင်ဘာ ၁၆**

ဂျာမနီနိုင်ငံ၌ ဒီဇင်ဘာ ၁၆ ရက်တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်သူ ၁၇၇၂၈ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်းသည် ၁၃၇၉၂၃၈ ဦး ရှိလာပြီဖြစ်ကြောင်း ရောဘတ်ကိုချ် အင်စတီကျူက ထုတ်ပြန်ဖော်ပြလိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ဂျာမနီနိုင်ငံတွင် ဒီဇင်ဘာ ၁၆ ရက်က ကိုဗစ်–၁၉ ကြောင့် သေဆုံးမှုသည် ၉၅၂ ဦး တိုးလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၃၄၂၇ ဦးအထိ ရှိလာခဲ့ကြောင်း သတင်းအချက်အလက်များတွင် ဆက်လက်ဖော်ပြထားသည်။ ဂျာမနီနိုင်ငံသည် ဒီဇင်ဘာ ၁၆ ရက်မှစကာ တင်းကျပ်သည့် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုကာလထဲသို့ ဝင်ရောက်လာပြီ ဖြစ်သည်။ အရေးမကြီးသည့် ဈေးဆိုင်များကို ပိတ်သိမ်းရန်နှင့် လူစုလူဝေး လုပ်ရာတွင်ရှိရမည့် အနည်းဆုံး လူဦးရေ ကန့်သတ်ချက်များကို ထုတ်ပြန်ရန် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာ မာကယ်နှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

တင်းကျပ်သည့်အသွားအလာကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ ဆောင်ရွက်ချက်များသည် ဇန်နဝါရီ ၁၀ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် ခရီးသွားစို့ ဟူသည့် လှုံ့ဆော်မှုကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁၁ ရက်အထိ ရပ်ဆိုင်းသွားမည်

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံတွင် ခရီးသွားစို့ဟူသည့် လှုံ့ဆော်မှုကို ဒီဇင်ဘာ ၂၈ ရက်မှစပြီး ဇန်နဝါရီ ၁၁ ရက်အထိ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟီဒဲက ပြောကြားလိုက်သည်။

နှစ်ကုန်နှင့် နှစ်သစ်အားလပ်ရက်များအတွင်း ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်ရည်ရွယ်ပြီး ခရီးသွားအစီအစဉ်ကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း မစ္စတာ ဆူဂါက ဒီဇင်ဘာ ၁၄ ရက်က အမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကို ကိုဗစ်–၁၉ အကြံပေးအဖွဲ့က ကျွမ်းကျင်သူများ၏ တောင်းဆိုမှုအရ ကျင်းပခဲ့ခြင်းဖြစ်သည်။

အကြံပေးအဖွဲ့က ဂျပန်နိုင်ငံ၏ တချို့ဒေသများကို ခရီးသွားလုပ်ငန်း လှုံ့ဆော်ရေး အစီအစဉ်မှ ဖယ်ရှားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အာဏာပိုင်များနှင့် ဆက်လက်လုပ်ဆောင်သွားရန် အကြံပေးခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံ၌ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်–၁၉ ကူးစက်မှုများ တိုးလာကြောင်းကို ထောက်ပြခဲ့ပြီး တချို့ဒေသများတွင် ကိုဗစ်–၁၉ ကူးစက်မှုသစ်များ မြင့်တက်လာကြောင်းကို အညွှန်းကိန်းအမျိုးမျိုးက ပြသလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ရောဂါကို ရှေ့တန်းမှ ခုခံကာကွယ်ပေးနေသော ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုးများ တိုးလာကြောင်း ဆူဂါက ပြောကြားလိုက်သည်။

ဂျပန်အစိုးရအနေဖြင့် နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုများကို ကာကွယ်ပေးပြီး ဆေးကုသရေးဌာနများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချခြင်းအားဖြင့် ကောင်းမွန်သည့် နှစ်သစ်ကူးဖြစ်စေမည့် ရည်ရွယ်ချက်ဖြင့် အမြင့်ဆုံးအဆင့်စီမံချက်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆူဂါက အလေးပေးပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက်အထိ တိုကျိုမြို့နှင့် နာဂိုယာမြို့များခရီးစဉ်များအတွက် ထောက်ပံ့ကြေးရပ်တန့်မည့်အစီအစဉ်ကို ဆူဂါက ထုတ်ဖော်ပြောကြားလိုက်သလို အိုဆာကာနှင့် စပ်ပိုရိုမြို့များကို ခရီးသွားလာမှုလှုံ့ဆော်ရေးအစီအစဉ်က ဖယ်ရှားပြီးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟီဒဲ။

# နိုင်ဂျီးရီးယားနိုင်ငံ၌ ကျောင်းသားကလေးငယ်ရာနှင့်ချီ ပျောက်ဆုံးလျက်ရှိ

**အဘူဂျာ ဒီဇင်ဘာ ၁၆**
နိုင်ဂျီးရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က စာသင်ကျောင်းတစ်ကျောင်းကို သေနတ်သမားတစ်စုက တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါကျောင်းမှ ကျောင်းသားကလေးငယ် ရာနှင့်ချီ ပျောက်ဆုံးနေကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကက်စီနာပြည်နယ်ရှိ စာသင်ကျောင်းကို သေနတ်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ အဆိုပါညတွင်ကျောင်းသားကလေးငယ်များကို အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။ အဆောင်တွင် နေထိုင်သည့် ကျောင်းသား ၈၀၀ အနက် ၃၀၀ ကျော် ပျောက်ဆုံးနေကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့က ဖော်ပြသည်။

နိုင်ဂျီးရီးယားစစ်တပ်နှင့် ရဲတပ်ဖွဲ့က ပျောက်ဆုံးနေသည့် ကျောင်းသားကလေးငယ်များကို ရှာဖွေရေးဆောင်ရွက်နေကြောင်း သိရသည်။ ကျောင်းသားတစ်ဦးက ၎င်းအိပ်ရာဝင်ခါနီးတွင် သေနတ်သံကြားလိုက်ရကြောင်း၊ သေနတ်သမားများ ၎င်းကိုမတွေ့မီ အလျင်အမြန်ထွက်ပြေးခဲ့ပြီး ချုံပုတ်တစ်ခုအတွင်း ပုန်းအောင်းနေခဲ့ကြောင်း ပြောပြခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် စာသင်ကျောင်း၌ ပျောက်ဆုံးနေသည့် ကျောင်းသားများ၏ မိဘများရောက်ရှိခဲ့ကြပြီး ၎င်းတို့၏ကလေးငယ်များကို အမြန်ဆုံးကယ်ဆယ်ပေးရန် တာဝန်ရှိသူများအား တောင်းဆိုခဲ့ကြသည်။ မည်သည့်အဖွဲ့က ကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။

ကုလသမဂ္ဂကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က စာသင်ကျောင်းများအား တိုက်ခိုက်ခြင်းသည် ကလေးငယ်များ၏ အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုကာ တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့ပြီး ကျောင်းသားများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ကျောင်းသူ ၂၀၀ ကျော်ကို အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် ဘိုကိုဟာရမ်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



နိုင်ဂျီးရီးယား၌ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ကျောင်းသားကလေးငယ်များကို ရှာဖွေပေးရေးတောင်းဆိုရန် ကျောင်းသို့ ရောက်ရှိနေကြသည့် မိဘများကို တွေ့ရစဉ်။

# အမေရိကန်၏ ပိတ်ဆို့မှုကြောင့် နေတိုးအဖွဲ့ဝင်နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေး ပျက်ပြားစေသည်ဟု တူရကီပြော

**အင်ကာရာ ဒီဇင်ဘာ ၁၆**
အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်များကို တူရကီက ဝယ်ယူခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ တူရကီအပေါ် အမေရိကန်က လုပ်ဆောင်ခဲ့သည့် ပိတ်ဆို့မှုများကြောင့် နေတိုးအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အမေရိကန်နှင့် တူရကီတို့အကြား မဟာမိတ်ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေလျက်ရှိကြောင်း တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီ အာကာက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ လက်ရှိတွင် စစ်ရေး သို့မဟုတ် နိုင်ငံရေးတို့တွင် မဟာမိတ်ဆက်ဆံရေးကို လေးစားလိုက်နာမှုမရှိသည့် အမေရိကန်၏ ဆုံးဖြတ်ချက်ကို ရှုတ်ချကြောင်း အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြသည်။ အမေရိကန်က လုပ်ဆောင်လိုက်သည့် အရေးယူပိတ်ဆို့မှုများသည် နေတိုးအဖွဲ့ဝင်နိုင်ငံများအကြား မဟာမိတ်ဆက်ဆံမှုတန်ဖိုးကို ထိခိုက်စေကြောင်း တူရကီ ကာကွယ်ရေးဝန်ကြီးက ပြောသည်။



တူရကီကာကွယ်ရေးဝန်ကြီး ဟူလူစီအာကာ။

အမေရိကန်၏ အရေးယူပိတ်ဆို့မှုများက တူရကီ၏ ကာကွယ်ရေးစွမ်းဆောင်ရည် မြှင့်တင်ရန် ကြိုးပမ်းမှုကို သတိပေးရာရောက်နေသော်လည်း တူရကီအစိုးရအနေဖြင့် လွတ်လပ်သော ကာကွယ်ရေး လုပ်ငန်းတစ်ခုကို ထူထောင်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း တူရကီကာကွယ်ရေးလုပ်ငန်း အကြီးအကဲ အစ္စမေးလ်ဒီမာက ပြောကြားခဲ့သည်။

တူရကီ ပါလီမန်လွှတ်တော်၌ အသုံးစရိတ်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်တွင် ကာကွယ်ရေးဝန်ကြီးက တူရကီနိုင်ငံ၏ ပြည်တွင်းကာကွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ယခုထက်ပို၍ မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဌာနသည် ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်များကို တူရကီက ဝယ်ယူခဲ့သည့်အတွက် တူရကီကို ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်လိုက်ကြောင်း ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ကမ်းလွန်လေစွမ်းအင်ကို အသုံးပြုမည်

**တိုကျို ဒီဇင်ဘာ ၁၆**
လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအထိ ရောက်အောင် လျှော့ချရန် ဂျပန်အစိုးရက ရည်မှန်းထားသည်ဖြစ်ရာ ထိုသို့ကြိုးပမ်းရာတွင် အထောက်အကူဖြစ်စေရန် ကမ်းလွန်လေစွမ်းအင်ကို အသုံးပြုလျက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထားပြီး ကမ်းလွန်လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀ သန်းအထိ ထပ်မံထုတ်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း အစိုးရကပြောသည်။ လာမည့် ၂၀၄၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်သန်း ၃၀မှ ၄၅ သန်းအထိ ထုတ်ပေးနိုင်ရန် ဂျပန်အစိုးရက ရည်မှန်းထားပြီး ယင်းပမာဏသည် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၃၀ ကျော်၏ ဓာတ်အားထုတ်လုပ်မှုပမာဏနှင့် တူညီကြောင်း သိရသည်။

ကမ်းလွန်လေစွမ်းအင်က ကုန်းတွင်းလေစွမ်းအင်ထက် ပိုမိုတည်ငြိမ်ပြီး ထိရောက်မှုရှိသည်ဟု ယူဆရပြီး ယင်းနည်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် အနာဂတ်ကို ဖော်ဆောင်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။ ကမ်းလွန်လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် အစီအစဉ်ကို အစိုးရက ဒီဇင်ဘာ ၁၅ ရက်တွင် အတည်ပြုလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ်-၁၉ ကြောင့် အခက်အခဲများရှိသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံး အမြန်လမ်းမကြီး တည်ဆောက်မှု ဆက်လက်လုပ်ဆောင်

**ဖနောင်ပင် ဒီဇင်ဘာ ၁၆**
ကိုဗစ်-၁၉ ကြောင့် အခက်အခဲအတားအဆီးများရှိနေသော်လည်း ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါင် စပီယူ ပြည်နယ်ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံးသော အမြန်လမ်းမကြီးတည်ဆောက်မှုကို ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံးသော အမြန်လမ်းမကြီးကို တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားအလုပ်သမားများ အတူတကွပူးပေါင်းလျက် နေ့စဉ်တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ အမြန်လမ်းမကြီးသည် မြို့တော်ဖနောင်ပင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းရှိရာ ပရီယက်စီဟာနောက် ပြည်နယ်ကို ဆက်သွယ်ထားပြီး တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါ အမြန်လမ်းမကြီးသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အသက်သွေးကြော ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# မစ်ဆူဘီရှီ အဲခရက်ဖ်ကုမ္ပဏီက လုပ်သားအင်အား ၉၅ ရာခိုင်နှုန်း လျှော့ချမည်

**တိုကျို ဒီဇင်ဘာ ၁၆**
ဂျပန်နိုင်ငံရှိ မစ်ဆူဘီရှီ အဲခရက်ဖ်ကုမ္ပဏီက ကိုဗစ်- ၁၉ကြောင့် ရပ်ဆိုင်းထားရသည့် ပထမဆုံးသော ပြည်တွင်းလုပ် ခရီးသည်တင် ဂျက်လေယာဉ် ထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ကုမ္ပဏီ၏ လုပ်သားအင်အားကို ၉၅ ရာခိုင်နှုန်းအထိ လျှော့ချရန် ပြင်ဆင်နေကြောင်း ကြေညာခဲ့သည်။



မစ်ဆူဘီရှီ အဲခရက်ဖ်၏ ပထမဆုံးပြည်တွင်းလုပ် SpaceJet လေယာဉ်ကို တွေ့ရစဉ်။

ကုမ္ပဏီအနေဖြင့် လာမည့်နှစ် ဧပြီလမှစတင်ကာ နှစ်စဉ်ဝန်ထမ်းအင်အား ၉၅ ရာခိုင်နှုန်းခန့်အထိ လျှော့ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါလုပ်ငန်း၏ မူရင်းကုမ္ပဏီဖြစ်သည့် Mitsubishi Heavy Industry သည်ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပြည်တွင်းလုပ် SpaceJet လေယာဉ်တီထွင် ထုတ်လုပ်မှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် လေကြောင်းသွားလာရေး လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်နေချိန်တွင် မစ်ဆူဘီရှီ၏ ပြည်တွင်းလုပ် လေယာဉ်တီထွင်ထုတ်လုပ်မှုအတွက် အသုံးစရိတ်ကို လျှော့ချခဲ့ကြောင်း ကုမ္ပဏီကပြောကြားသည်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ မစ်ဆူဘီရှီ လေယာဉ်ထုတ်လုပ်ရေးစင်တာ၌လည်း လုပ်ငန်းဆောင်ရွက်နေမှုများကို အနိမ့်ဆုံးအထိလျှော့ချခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အခွင့်အရေးကို မိမိရရကိုင်ဆုပ်ပြီးတော့ သုံးနိုင်မှ အကျိုးရှိမယ်



ကိုဗစ်ရောဂါထိန်းချုပ်တယ်ဆိုတာ ပြည်သူတွေ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်စိတ်ကိုယ်ကိုယ် ထိန်းချုပ်တာပါပဲ။ ရောဂါမဖြစ်အောင်နေပါ။ ကျွန်မတို့အစိုးရအနေနဲ့၊ နိုင်ငံတော်အနေနဲ့ကတော့ ကာကွယ်ဆေးကို အမြန်ဆုံးပြည်သူတွေဆီကို ရောက်အောင်လို့၊ ပြည်သူတွေကို ထိုးပေးနိုင်အောင်လို့ ကျွန်မတို့စီစဉ်ပါ့မယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ကနေပြီး ပြန်လည်ပြီး စီးပွားရေးလုပ်ငန်းတွေ ပြန်ပြီးလည်ပတ်နိုင်အောင်လို့၊ ကျွန်မတို့ရဲ့စီးပွားရေးပြန်ပြီး တိုးတက်လာနိုင်အောင်လို့၊ အရင်တုန်းက ထက်တောင်မှ ပိုပြီးကောင်းသွားနိုင်အောင်လို့ဆိုပြီး ကျွန်မတို့ ကြိုးစားပါမယ်။ အခုအချိန်မှာဆိုရင် ကိုဗစ်ရောဂါ နောက်ပိုင်းအချိန်မှာ အရင်တုန်းက ရောဂါမဖြစ်ခင်တုန်းက အချိန်နဲ့စာလို့ရှိရင် မရှိခဲ့တဲ့ အခွင့်အရေးတွေ ကျွန်မတို့ ရဖို့ဖြစ်ပါတယ်။ ဒါပေမယ့် အခွင့်အရေးဆိုတာ၊ အခွင့်အရေးရလာပေမယ့် ဒီအခွင့်အရေးကို ကျွန်မတို့ကနေပြီး မိမိရရကိုင်ဆုပ်ပြီးတော့ သုံးနိုင်မှ အကျိုးရှိမှာပါ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ၁၆-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၁၄၃၉၄၂ | ၁၀၀၀၇၉၅၆ | ၃၁၁၀၇၃ |
| ၂။ | အိန္ဒိယ | ၉၉၃၂၉၀၈ | ၉၄၅၆၄၄၉ | ၁၄၄၁၃၀ |
| ၃။ | ဘရာဇီး | ၆၇၉၄၂၅၈ | ၆၀၆၇၈၆၂ | ၁၈၂၈၅၄ |
| ၄။ | ရုရှား | ၂၇၃၄၄၅၄ | ၂၁၇၆၁၀၀ | ၄၈၅၆၄ |
| ၅။ | ပြင်သစ် | ၂၃၉၁၄၄၇ | ၁၇၉၀၈၇ | ၅၉၀၇၂ |
| ၆။ | တူရကီ | ၁၈၉၈၄၄၇ | ၁၆၆၁၁၉၁ | ၁၆၈၈၁ |
| ၇။ | ဗြိတိန် | ၁၈၈၈၁၁၆ | စိစစ်ဆဲ | ၆၄၉၀၈ |
| ၈။ | အီတလီ | ၁၈၇၀၅၇၆ | ၁၁၃၇၄၁၆ | ၆၅၈၅၇ |
| ၉။ | စပိန် | ၁၇၇၁၄၈၈ | စိစစ်ဆဲ | ၄၈၄၀၁ |
| ၁၀။ | အာဂျင်တီးနား | ၁၅၁၀၂၀၃ | ၁၃၄၄၃၀၀ | ၄၁၂၀၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆– ၁၂ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၃၆၁၅၄ | ၅၂၁၉၈၄ | ၁၉၂၄၈ |
| ဖိလစ်ပိုင် | ၄၅၂၉၈၈ | ၄၁၉၂၈၂ | ၈၈၃၃ |
| မြန်မာ | ၁၁၁၉၀၀ | ၉၀၄၅၃ | ၂၃၄၆ |
| မလေးရှား | ၈၇၉၁၃ | ၇၂၇၃၃ | ၄၂၉ |
| စင်ကာပူ | ၅၈၃၅၃ | ၅၈၂၃၃ | ၂၉ |
| ထိုင်း | ၄၂၆၁ | ၃၉၇၇ | ၆၀ |
| ဗီယက်နမ် | ၁၄၀၅ | ၁၂၅၂ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၂ | ၃၁၉ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၈ | ၃ |
| လာအို | ၄၁ | ၃၆ | ၀ |

※ *ကျော့ဖုံးမှ*

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁၆–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၃,၁၀၉) ဦး | (၁,၅၀၃,၈၄၉) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၃၃) ဦး | (၁၁၁,၉၀၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၃၅) ဦး | (၉၀,၄၅၃) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၂,၃၄၆) ဦး |

- ယနေ့ **သေဆုံးသူ (၂၇) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၀) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၃၅) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၆၁၇) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၄၁၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၁၈) ဦးတွင်–
  - o Hotel Quarantine – (၂၇၄) ဦး
  - o Facility Quarantine – (၁၆၂) ဦး
  - o Community Based Facility Quarantine – (၅၇၆) ဦး
  - o Anosmia Center – (၁၀၆) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

----- ထက်လျှံ -----

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို ပညာပေးမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဒစ်ဂျစ်တယ် နည်းပညာနဲ့ e-Commerce စနစ် အသုံးပြုပြီး ကုန်စည်စီးဆင်းမှုတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်နိုင်သလဲဆိုတဲ့ အကြောင်းအရာတွေ ဆွေးနွေးမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ယနေ့ဆွေးနွေးပွဲတွင် ခေတ်မီလက်လီလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ City Holdings Ltd မှ Group CEO ဒေါ်ဝင်းဝင်းတင့် နဲ့ Online travel Company flymya.com and IT Company BOD Tech Ventures မှ Founder ဦးသန်းထွန်းဝင်း တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ **e-Commerce လို့ဆိုတဲ့နေရာမှာ ဘယ်လိုအကြောင်းအရာတွေ ပါဝင်နေသလဲဆိုတာ** ဒေါ်ဝင်းဝင်းတင့်အနေနဲ့ ရှင်းလင်းပြောကြားပေးပါဦး။

**ဒေါ်ဝင်းဝင်းတင့် ။** ။ e-Commerce လို့ပြောတယ်ဆိုရင် ပထမဦးဆုံး မြင်မိတာက အွန်လိုင်းပေါ်မှာ ကုန်ပစ္စည်းတွေ ရောင်းတာလို့ ထင်ကြပါတယ်။ ဒါပေမယ့် e-Commerce ဆိုတာ ကုန်ပစ္စည်းတွေ ရောင်းဝယ်ရုံတင် မဟုတ်ပါဘူး။ အွန်လိုင်းပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် ရောင်းဝယ်မှု ပြုလုပ်တဲ့အခါ ကုန်ပစ္စည်းတွေ သာမက ဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ နောက်ပိုင်းမှာ ရောင်းချလာတာကို တွေ့ရပါတယ်။

ဝန်ဆောင်မှုလို့ဆိုရာမှာ အွန်လိုင်းပေါ်က Netflix လို ရုပ်သံလိုင်းတွေကို Subscription လုပ်ပြီး ကြည့်တာမျိုး၊ အွန်လိုင်းမီဒီယာတွေ၊ အွန်လိုင်းပို့ဆောင်ရေးတွေ၊ အစားအသောက်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ဒစ်ဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေ၊ ကျန်းမာရေးဝန်ဆောင်မှုတွေနဲ့ အခုဆိုရင် အွန်လိုင်းပညာရေးနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုတွေကိုပါ အွန်လိုင်းပေါ်ကနေ ရောင်းချတာကို တွေ့ရမှာဖြစ်ပါတယ်။

e-Commerce လုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းတွေကနေပြီး စားသုံးသူတွေကို တိုက်ရိုက်ရောင်းချတာတွေ Business to Customer (B to C) ဖြစ်နိုင်သလို Business to Business (B to B) စီးပွားရေးလုပ်ငန်း အချင်းချင်း ရောင်းချတာလည်း ဖြစ်နိုင်ပါတယ်။ စားသုံးသူတွေကနေ စားသုံးသူတွေကို ပြန်ပြီးရောင်းချတဲ့ပုံစံ Customer to Customer (C to C) တွေလည်း အများကြီးတွေ့ရမှာ ဖြစ်ပါတယ်။

ဒီလိုမျိုးရောင်းချတဲ့အခါ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွေ၊ အက်ပလီကေးရှင်းတွေကနေ ရောင်းချတာတွေကိုလည်း တွေ့ရမှာဖြစ်သလို တခြားသူရဲ့ ဝက်ဘ်ဆိုက်မှာလည်း ရောင်းချတာတွေ ရှိပါတယ်။ ဥပမာ - မြန်မာပြည်မှာရှိတဲ့ Shop.com, Rgo47 တို့လို ဝက်ဘ်ဆိုက်တွေကနေတစ်ဆင့် ရောင်းချတာ ဖြစ်ပါတယ်။ ဒီလိုဝက်ဘ်ဆိုက်တွေကို Market Place လို့ ခေါ်ပါတယ်။ အပြင်မှာ ဆိုင်တွေ အများကြီး ပါဝင်တဲ့ Shopping Center လိုဖြစ်ပါတယ်။ အခုခေတ် ဆိုရှယ်မီဒီယာကလည်း ရောင်းချတဲ့ Social Commerce လည်း ထွန်းကားပါတယ်။ ဆိုရှယ်မီဒီယာ ဖြစ်တဲ့ Facebook တို့၊ WhatsApp တို့၊ Viber တို့ကနေ ဆိုင်တွေဖွင့်ပြီး အွန်လိုင်းကနေတစ်ဆင့် ရောင်းချနေတာတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။



ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် City Holdings Ltd မှ Group CEO ဒေါ်ဝင်းဝင်းတင့်နှင့် Online travel Company flymya.com and IT Company BOD Tech Ventures မှ Founder ဦးသန်းထွန်းဝင်း တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

e-Commerce ရဲ့ အဓိက အကျိုးကျေးဇူးထဲမှာ ဘာပါသလဲဆိုရင် အပြင်မှာ ဆိုင်တွေ ဖွင့်သလိုမျိုး အချိန်အပိုင်းအခြားနဲ့ ရောင်းရတာမျိုး မဟုတ်တော့ဘဲ အချိန်မရွေး ၂၄ နာရီ ရောင်းချလို့ရတယ်။ နောက်တစ်နေရာထဲမှာ၊ မြို့တစ်မြို့ထဲမှာ ဆိုင်ဖွင့်ထားပြီး အဲဒီမှာပဲ လာဝယ်ရသလိုမျိုး မဟုတ်ဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ စားသုံးသူတွေကို ဦးတည်ပြီး ရောင်းချလို့ရတယ်။ ဒါ့အပြင် တခြားနိုင်ငံအရပ်ရပ်မှာရှိတဲ့ စားသုံးသူတွေကိုလည်း ကိုယ့်အနေနဲ့ ပစ်မှတ်ထားပြီး ရောင်းချမယ်ဆိုရင် ရောင်းချလို့ရတဲ့ နည်းစနစ်ဖြစ်တဲ့အတွက် အခုနောက်ပိုင်း တွင်ကျယ်လာတာ ဖြစ်ပါတယ်။

ကုန်ပစ္စည်းတွေ ရောင်းချမယ်ဆိုရင် ဆိုင်တွေ အများကြီးဖွင့်ဖို့ဆိုတာ ကုန်ကျစရိတ်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး ကြီးမြင့်ပါတယ်။ e-Commerce အပေါ်မှာမှီပြီး စားသုံးသူအများကြီးကို လုပ်ငန်းရင်းနှီးမြှုပ်နှံစရိတ် မများဘဲနဲ့ ရောင်းချနိုင်တာဖြစ်တဲ့အတွက် အကျိုးကျေးဇူးရှိပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံမှာ Facebook ဆိုရှယ်မီဒီယာကနေပြီး ဈေးရောင်းချတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အခုနောက်ပိုင်းဆိုရင် ထင်ရှားကျော်ကြားသူတွေ (Social Influencer) ကို သုံးပြီး Facebook Shop ကနေတစ်ဆင့် ရောင်းချနေတာတွေကို တွေ့ရပါတယ်။ အဲဒီလို Facebook Shop တွေကနေ ရောင်းချဖို့ Set-up လုပ်ရတာက လွယ်ကူပါတယ်။ ကုန်ကျစရိတ်လည်း နည်းနည်းပဲ ရှိပါတယ်။

ဒါပေမယ့် ဒီထက်ပိုပြီး တွင်တွင်ကျယ်ကျယ် ရောင်းချချင်တယ်ဆိုရင် နောက်ပိုင်းမှာ နည်းစနစ်တွေနဲ့ ထပ်ပြီးပေါင်းစပ်ဖို့ လိုပါတယ်။ ဥပမာ - Inventory စာရင်းဆိုင်ရာ၊ Payment ငွေပေးချေမှုဆိုင်ရာ၊ Supply Chain ထောက်ပံ့ရေးဆိုင်ရာ စနစ်တွေနဲ့ ဆက်စပ်ပြီး သုံးစွဲနိုင်ဖို့ လိုပါတယ်။

ကိုယ်ပိုင် ဝက်ဘ်ဆိုက်တွေ၊ အက်ပလီကေးရှင်းတွေနဲ့ ရောင်းချမယ်ဆိုရင်လည်း ခုနက စနစ်တွေကိုထည့်ပြီး Integrated လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ရောင်းချမယ်ဆိုပြီး လုပ်ထားတဲ့ လုပ်ငန်းတွေလည်း မြန်မာနိုင်ငံမှာ အများကြီး ပေါ်ထွန်းလာပြီ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်မယ်ဆိုရင် နည်းပညာအပေါ်မှာ သင့်လျော်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးတွေ လုပ်ရပါမယ်။ နားလည်တတ်ကျွမ်းတဲ့လူ၊ အရင်းအမြစ်တွေကို ရှာရပါမယ်။ ဒါ့အပြင် ပြုပြင်ထိန်းသိမ်းရတဲ့ စရိတ်တွေ ရှိပါတယ်။ လောလောဆယ်မှာ e-Commerce ကို ကျွန်မအနေနဲ့ အခုပြောပြီးသလောက် ပုံစံနဲ့ ပုံဖော်လိုပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံအနေနဲ့ e-Commerce စနစ်ကိုပြောင်းလဲပြီးသုံးမယ်ဆိုရင် စိန်ခေါ်မှုနဲ့ အလားအလာတွေက ဘယ်လိုမျိုးတွေ ရှိမယ်ဆိုတာကို ဦးသန်းထွန်းဝင်းအနေနဲ့ ရှင်းလင်းပြောကြားပေးပါဦး။**

**ဦးသန်းထွန်းဝင်း ။** ။ လက်ရှိ မြန်မာ့ e-Commerce အနေနဲ့ ပြောရရင် ကျွန်တော်တို့က ကမ္ဘာနဲ့၊ အရှေ့တောင်အာရှနဲ့ ယှဉ်ကြည့်လိုက်ရင် မြန်မာနိုင်ငံက နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှာ အဆင့်က ၁၂၆ ဖြစ်ပြီး အဆင့်က အောက်ကိုရောက်နေပါတယ်။ ပြည်သူတွေက အွန်လိုင်းမှာ ပစ္စည်းဝယ်ဖို့နဲ့ ပစ္စည်း ငွေချေဖို့ရယ် သူတို့က နားလည်လား၊ လုပ်တတ်လားအပေါ်မှာ ကျွန်တော့်အနေနဲ့ နည်းနည်းအားနည်းတာကို မြင်ရပါတယ်။

ဒုတိယအနေနဲ့ မြန်မာနိုင်ငံမှာ ဟန်းဖုန်းသုံးတဲ့ လူအရေအတွက်က သန်း ၅၀ ကျော်ရှိပါတယ်။ တော်တော်များများက နိုင်ငံရဲ့ လူဦးရေအရ ဟန်းဖုန်း တစ်လုံးထက် နှစ်လုံးကိုင်နိုင်ပါတယ်။ ဒီအထဲမှာ မိုလ်ဘိုင်းအင်တာနက် 3G, 4G သုံးတဲ့သူက ၂၂ သန်းပဲ ရှိပါတယ်။ ဒါက နိုင်ငံ လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒီ ၂၂ သန်းထဲက တကယ့်အွန်လိုင်းမှာ ငွေချေဖူးတာတို့၊ ပစ္စည်းဝယ်ဖူးတာတို့၊ အွန်လိုင်းကနေ အခွန်ပေးဆောင်ဖူးတာတို့ကို ကောင်းကောင်းလုပ်တတ်တဲ့သူက နှစ်သန်းပဲ ရှိပါတယ်။

ဟန်းဖုန်းသုံးစွဲသူက သန်း ၅၀ / ၆၀ ရှိပေမယ့်၊ တကယ့်အွန်လိုင်းမှာ ပစ္စည်းဝယ်တတ်သူက နှစ်သန်းလောက်ပဲ ရှိပါတယ်။ e-Commerce အနေနဲ့ ပြောရင် အများကြီး လိုပါသေးတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ VeChain Volume အနေနဲ့ ကြည့်မယ်ဆိုရင် ဒေါ်လာ ၁၀ ဘီလီယံလောက်ရှိတယ်လို့ ပြောကြပါတယ်။ အွန်လိုင်းရဲ့ ရောင်းတဲ့အားနဲ့ တကယ့် VeChain အားနဲ့ ကြည့်လိုက်ရင် နိုင်ငံက ၀ ဒသမ ၀၁ ရာခိုင်နှုန်းပဲ ရှိပါတယ်။

ပုံမှန်ဆိုရင် ပြောင်းလဲဖို့အချိန် အများကြီးပေးရပါတယ်။ ဒါပေမယ့် အခု ၂၀၂၀ ပြည့်နှစ်မှာ မထင်မှတ်ဘဲ ကိုဗစ် - ၁၉ ရောဂါဖြစ်လာတဲ့အချိန်မှာ Stay at Home ဖြစ်လာပြီး နိုင်ငံခြားလည်း သွားလို့မရဘူး၊ မြို့နယ်လည်း ကူးလို့မရတဲ့အချိန်၊ ဆိုင်တွေကလည်း ပိတ်ခံရတဲ့အချိန်၊ စားသောက်ဆိုင်တွေ ပိတ်ခံရတဲ့အချိန်မှာ လူတွေက မဖြစ်မနေ အွန်လိုင်းပေါ်တက်ရပါတယ်။ ဒါကို စစ်တမ်းကောက်ကြည့်တဲ့အခါ ၁၀ ယောက်မှာ ၃ / ၄ ယောက်က ပထမဦးဆုံးအကြိမ် အသုံးပြုသူတွေအဖြစ် တွေ့ရပါတယ်။ သူတို့အနေနဲ့ ယခင်တုန်းက အသုံးမပြုခဲ့ဖူးဘူး၊ အခုကိုဗစ်ရောဂါဖြစ်တဲ့အချိန်မှာ မဖြစ်မနေ စမ်းသပ်အသုံးပြုပြီး ဝယ်ယူရတဲ့ စားသုံးသူအသစ်တွေကို အများကြီး ကျွန်တော်တို့ တွေ့ရပါတယ်။

ဈေးကွက်အနေနဲ့ ကိုဗစ်ရောဂါပိုးရှိတဲ့အတွက် စီးပွားရေးက မကောင်းဘူး။ ဒါပေမယ့် ဒစ်ဂျစ်တယ်လိုက်ဇေးရှင်းအပေါ်မှာ e-Commerce ရဲ့ပြောင်းလဲလာမှုကို ပိုပြီးမြင့်တက်လာပါတယ်။ ၂၀၁၉ ခုနှစ် ရန်ကုန်မြို့မှာ စက်ဘီးစီးပြီး အစားအသောက် ပို့ဆောင်သူတွေကို ကျွန်တော့်အမြင်အရ ၁၀၀၀ ပတ်ဝန်းကျင်လောက် ရှိပါတယ်။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနဲ့အတူ ဒီလိုပို့ဆောင်သူတွေအနေနဲ့ ၅၀၀၀ လောက်ဖြစ်လာပြီး ငါးဆလောက် တက်လာပါတယ်။ စားသောက်ဆိုင်တွေအနေနဲ့ ဆိုင်ဖွင့်လို့မရတဲ့အတွက် အွန်လိုင်းကို အားကိုးလာရပါတယ်။ သူတို့ရဲ့ ရောင်းအားကလည်း အွန်လိုင်းကနေ ၁၀ ဆလောက် တက်လာပါတယ်။

အရင်တုန်းက အွန်လိုင်းမှာ အဓိက ဟန်းဖုန်းတွေ ရောင်းကြတယ်။ အဝတ်အစားတွေ ရောင်းကြတယ်။ အစားအသောက်မှာယူကြတာ များပါတယ်။ အရင်တုန်းက တချို့လူတွေဆိုရင် ပင်လယ်စာဆိုရင်လည်း ဆိုင်မှာ ကြည့်ပြီးဝယ်ယူကြတာ များပါတယ်။ ဒီငါးက လတ်ဆတ်ရဲ့လားဆိုပြီး မျက်မြင်ကိုယ်တွေ့ ဝယ်ယူကြတာ များပါတယ်။ ဒါပေမယ့် အခုကမထင်ဘဲနဲ့ တချို့အွန်လိုင်းမှာ ပင်လယ်စာ ရောင်းတာ၊ အသီးအနှံရောင်းတာ၊ ပန်းရောင်းတာကအစ အများကြီး Hot ဖြစ်လာပါပြီ။ ဒါက ရေရှည်အတွက် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက e-Commerce ကို ပိုပြီး ယုံကြည်လာတယ်။ ရေရှည်မှာ e-Commerce ရဲ့ အကျိုးတွေကလည်း အများကြီး ရှိပါတယ်။

ကျွန်တော် အိုင်တီလုပ်ကိုင်တာကို ၂၀၁၅ ခုနှစ်မှာ စတင်ပါတယ်။ ဒါပေမယ့် ၂၀၁၅-၂၀၁၆ ခုနှစ်နဲ့ ၂၀၁၉-၂၀၂၀ ခုနှစ်ကို ယှဉ်ကြည့်လိုက်ရင် အရင်တုန်းက e-Commerce လို့ပြောရင် ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က Facebook မှာ ဆိုင်ဖွင့်လိုက်ရုံနဲ့ မပြီးပါဘူး။ ငွေလက်ခံဖို့အတွက် Mobile Wallet တွေ လိုပါတယ်။

*စာမျက်နှာ ၁၇ သို့*

> “e-Commerce လို့ပြောတယ်ဆိုရင် ပထမဦးဆုံး မြင်မိတာက အွန်လိုင်းပေါ်မှာ ကုန်ပစ္စည်းတွေ ရောင်းတာလို့ ထင်ကြပါတယ်။ ဒါပေမယ့် e-Commerce ဆိုတာ ကုန်ပစ္စည်းတွေ ရောင်းဝယ်ရုံတင် မဟုတ်ပါဘူး။ အွန်လိုင်းပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် ရောင်းဝယ်မှုပြုလုပ်တဲ့အခါ ကုန်ပစ္စည်းတွေသာမက ဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ နောက်ပိုင်းမှာ ရောင်းချလာတာကို တွေ့ရ”

# အမေး၊ အဖြေ အစီအစဉ်



*စာမျက်နှာ ၁၆ မှ*

ပစ္စည်းပို့ဖို့ကလည်း တစ်ရက်ကို အော်ဒါ ၅ ခု/ ၇ ခုဆို ကိုယ်တိုင် ဆိုင်ကယ် သို့မဟုတ် ကားမောင်းပြီး ပို့လို့ရပါတယ်။ ဒါပေမယ့် အော်ဒါတွေ အများကြီးဖြစ်လာပြီဆိုရင် ကိုယ်တိုင်လည်း မနိုင်တဲ့အတွက် တစ်ဆင့်ခံပို့ဆောင်ပေးမယ့်သူတွေ လိုလာပါတယ်။ အရင်တုန်းကဆိုရင် တစ်ဆင့်ခံပို့ဆောင်ပေးသူတွေက အလွန်နည်းပါတယ်။ Mobile Wallet တွေကလည်း သိပ်အဆင်မပြေပါဘူး။ ဒါပေမယ့် ၂၀၁၉ – ၂၀၂၀ မှာ အရေးကြီးဆုံး နှစ်ချက်ကို ကျွန်တော် မြင်ရပါတယ်။

အွန်လိုင်းငွေချေတာနဲ့ ပစ္စည်းပို့ဆောင်ပေးတဲ့ ဝန်ဆောင်မှုလုပ်ကိုင်သူတွေ အများကြီးထွက်လာတဲ့အတွက် အခက်အခဲတွေက အတော်နည်းသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အွန်လိုင်းမှာရှိတဲ့ Market Place မှာ ဆိုင်ဖွင့်ဖွင့်၊ Facebook မှာ ဆိုင်ဖွင့်ဖွင့်၊ ကိုယ့်ရဲ့ ဝက်ဘ်ဆိုက်မှာ ရောင်းရောင်း မိုလ်ဘိုင်းအင်တာနက် အသုံးပြုသူ ၂၂ သန်းက ကိုယ့်ရဲ့ ဝယ်ယူသူတွေ ဖြစ်လာနိုင်ပါတယ်။ ပြောရရင် ဆိုင်ဖွင့်ထားတဲ့နေရာ အနီးတစ်ဝိုက်ကို ထိန်းထားနိုင်ပေမယ့်၊ အွန်လိုင်းကနေပြီး တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားနိုင်ပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ အများကြီးအားပေးပါတယ်။ အခုက ကိုဗစ်ရောဂါ ဖြစ်ပွားနေတဲ့အတွက် မဖြစ်မနေ ပြောင်းလဲရမယ့် အချိန်လည်းဖြစ်လာပါပြီ။ ဒီအချိန်မှာမလုပ်ရင် နောက်ကျသွားမယ်လို့ ကျွန်တော် စိတ်ပူပါတယ်။

**အစီအစဉ်မှူး ။ ။ မိရိုးဖလာနည်းနဲ့ ဆိုင်ခန်းတွေ ရောင်းချနေရင်းကနေ e-Commerce စနစ်အပေါ်ကို သွားမယ်ဆိုရင် အခက်အခဲတွေက ဘာတွေရှိလာနိုင်လဲ၊ ဘယ်လိုပြောင်းလဲသင့်သလဲဆိုတာကို ဒေါ်ဝင်းဝင်းတင့်အနေနဲ့ အကြံပြုဆွေးနွေးပေးပါဦး။**

**ဒေါ်ဝင်းဝင်းတင့်** ။ ။ ကိုဗစ်ကာလ မတိုင်ခင်တုန်းက စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဆိုရင် Facebook မှာ ကြော်ငြာကြတယ်။ အရောင်းအဝယ် စမ်းလုပ်ကြည့်မယ်ဆိုပြီး တစ်နိုင်တစ်ပိုင် လုပ်နေတဲ့သူတွေ များပါတယ်။

ဒါပေမယ့် ကိုဗစ်ဖြစ်သွားတဲ့အချိန်မှာ စီးပွားရေး တော်တော်များများက အွန်လိုင်းပေါ်ကို မဖြစ်မနေ ရောက်ကို ရောက်လာရမယ့် အခြေအနေမျိုး ဖြစ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Stay at Home နဲ့ Social Distancing တွေကြောင့် ဈေးအတော်များများက ပိတ်ရပါတယ်။ ပိတ်ရတဲ့အတွက်ကြောင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ဖို့ အကုန်လုံးက အွန်လိုင်းကို မဖြစ်မနေ ရောက်လာကြရပါတယ်။ မမျှော်လင့်တဲ့ ကိစ္စဖြစ်တဲ့အတွက် ချက်ချင်းမြန်မြန်ကြီးကို လုပ်ယူရပါတယ်။ အခက်အခဲတွေ အများကြီးရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နည်းပညာကို အကျွမ်းတဝင် မရှိတာတွေ၊ ဗဟုသုတပိုင်းနဲ့ ကျွမ်းကျင်မှု မရှိတာတွေ၊ နည်းပညာကို အသုံးချဖို့အတွက် ရယ်ဒီမဖြစ်တာတွေ အဲဒီလိုမျိုး အခက်အခဲတွေနဲ့ ၂ လ / ၃ လ လောက်က အွန်လိုင်းပေါ်မှာရောင်းဖို့ လက်လီဆိုင်တွေ တော်တော်လေးကို ခက်ခဲတဲ့ကာလပါ။ ဒါပေမယ့် ဖြစ်အောင် ရောင်းချရမယ်ဆိုပြီး လုပ်ကိုင်ဆောင်ရွက်တဲ့အခါ အခုနောက်ပိုင်း တော်တော်များများအနေနဲ့ Facebook ပေါ်မှာ ရောင်းချလာနိုင်ပါတယ်။ နောက်ဝက်ဘ်ဆိုက်တွေ၊ Market Place တွေမှာ ရောင်းချလာတာကို အများကြီးတွေ့လာရပါတယ်။ ဒီအချိန်အတွင်းမှာ 3rd Party Logistic Service ပေးသူတွေလည်း အများကြီးဖြစ်လာပြီး Logistic ပိုင်းကလည်း တိုးတက်လာတာကို တွေ့ရပါတယ်။

အခြားနိုင်ငံတွေမှာ e-Commerce တွေ စဖြစ်လာတဲ့အချိန်မှာ အီလက်ထရောနစ်ပစ္စည်းတွေ၊ လူသုံးကုန်တွေ၊ ဖက်ရှင်ပစ္စည်းတွေ၊ အလှကုန်တွေ၊ ကလေးပစ္စည်းတွေ တော်တော်များများကလည်း e-Commerce ကို ပြောင်းသွားတာကို တွေ့ရပါတယ်။ ဒီလိုပစ္စည်းမျိုး ရောင်းချသူတွေအနေနဲ့ e-Commerce အပေါ်မှာ အားစိုက်ထုတ်ဖို့ လိုပါတယ်။ ဒါကို မလုပ်ရသေးဘူးဆိုရင်လည်း စတင်လုပ်ကိုင်ဖို့လိုတယ်လို့ ကျွန်မအနေနဲ့ မြင်ပါတယ်။ ဒီလို စတင်လုပ်ကိုင်တဲ့အခါမှာလည်း Facebook ကနေ ရောင်းချတာကိုစတင်ပြီး တဖြည်းဖြည်းနဲ့ ကိုယ်ရဲ့ နည်းစနစ်တွေကို ပိုပြီးကောင်းမွန်အောင်၊ Customer Call Center, Customer Care တွေ၊ ကုန်ပစ္စည်းသိုလှောင်ဖြန့်ဖြူးတာတွေကို ပိုမိုကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်သွားဖို့ ကျွန်မအနေနဲ့ အများကြီး အားပေးပါတယ်။

မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်နေသူတွေရဲ့ အားသာချက်က သူတို့မှာ ကုန်ပစ္စည်းတွေနဲ့ပတ်သက်တဲ့ ဗဟုသုတတွေရှိတယ်။ ကိုယ့်ဆိုင်တံဆိပ်ကို ယုံကြည်သက်ဝင်နေတဲ့ ဖောက်သည်တွေ ရှိပြီးသားဖြစ်တယ်။ နောက်ပိုင်းမှာ မိရိုးဖလာလက်လီလုပ်ငန်းတွေက Online အပြင် Offline ပါ ပေါင်းစပ်ပြီး ရောင်းချနိုင်မယ့် နည်းလမ်းတွေ အများကြီးရှိလာပါတယ်။ မိရိုးဖလာရောင်းချသူတွေ အနေနဲ့ အွန်လိုင်းကနေ ရောင်းချတာကို သိအောင်လုပ်ပြီး တဖြည်းဖြည်းနဲ့ ရောင်းချမယ်၊ ပြီးတော့ Online က ရရှိလာတဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာတွေကို Offline အရောင်းဆိုင်တွေမှာ ပိုပြီးရောင်းကောင်းအောင် လုပ်ဆောင်မယ်ဆိုတဲ့ အရွေ့ကို ရှေးရှုစေချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ e-Commerce စနစ်နဲ့ ရောင်းချခြင်းက လက်လီရောင်းချခြင်းထက် ပိုပြီး ခက်ခဲသလား၊ ဘယ်လိုအခြေအနေမျိုးနဲ့ ကြုံရနိုင်သလဲဆိုတာကို ဦးသန်းထွန်းဝင်းက သုံးသပ်ပြောကြားပေးပါဦး။**

**ဦးသန်းထွန်းဝင်း** ။ ။ ပထမ ကျွန်တော်မြင်တာက e-Commerce အနေနဲ့ နည်းနည်းအချိန်ပေးလိုက်ရင် လက်လီရောင်းချတာတွေက ပိုလွယ်နိုင်ပါတယ်။ ဒါပေမယ့် လက်ရှိဆိုင်ကို ပိတ်ထားပြီး e-Commerce ကို လုံးဝသွားရမယ်လို့ ပြောတာ မဟုတ်ပါဘူး။ ခုနပြောသလို Online ကော၊ Offline ကပါ ရောင်းချခြင်းက အကောင်းဆုံးပါ။

လက်ရှိခေတ်သစ်မှာ Online သို့မဟုတ် Offline ရောင်းချတယ်ဆိုတဲ့ စိတ်ခတ်မျိုး မရှိသင့်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ တကယ့်ဆိုင်ဖွင့်တဲ့အချိန်မှာ ပထမအခက်အခဲက ဆိုင်ခန်း ငှားရမ်းခပါ။ ဆိုင်ခန်းငှားရမ်းခကလည်း ဈေးကြီးတယ်။ အခုကိုဗစ်ကာလမှာ လူတွေက ဆိုင်လည်း ဖွင့်လို့မရဘူးဆိုတဲ့အချိန် ဆိုင်ခန်းငှားရမ်းခက လက်လီရောင်းချသူတွေအတွက် အများကြီး ဖိအားတွေဖြစ်စေပါတယ်။ အွန်လိုင်းမှာ ရောင်းတဲ့အတွက် ဆိုင်ခန်းငှားရမ်းခ ပြဿနာမရှိနိုင်ဘူး။ ရင်းနှီးမြှုပ်နှံမှုလည်း နည်းသွားမယ်။

အွန်လိုင်းမှာ ဆိုင်ဖွင့်တဲ့အချိန် ဘာဈေးမှ သိပ်မရှိပါဘူး။ Facebook မှာ ဆိုင်ဖွင့်တာကလည်း အင်တာနက်ဖိုးပဲ ကုန်မှာပါ။ မြန်မာနိုင်ငံမှာ အောင်မြင်နေတဲ့ အွန်လိုင်းဈေးကွက်တွေမှာ ပစ္စည်းသွားတင်တာ၊ ဆိုင်ခန်းသွားဖွင့်တယ်ဆိုရင် ဘာအခကြေးငွေမှ သူတို့ကောက်တာ မရှိပါဘူး။ ပစ္စည်းရောင်းလိုက်တဲ့အချိန်မှာ ကော်မရှင် အနည်းငယ် ကောက်ပါတယ်။

ကျွန်တော့်အမြင်က အွန်လိုင်းမှာ ကိုယ့်ရဲ့ Facebook ဆိုင်လည်း ဖွင့်သင့်တယ်။ အွန်လိုင်း ဈေးကွက်မှာလည်း ဆိုင်တွေ များများသွားဖွင့်သင့်ပါတယ်။ Facebook မှာ ကိုယ့်ရဲ့ ဆိုင်နာမည် သို့မဟုတ် ကုန်ပစ္စည်းနာမည်နဲ့ Page တွေ များများထောင်ကြပါ။ တချို့လူတွေ Facebook မှာ ဆိုင်သွားဖွင့်တဲ့အခါ Business Page ကို မဖွင့်ဘဲ Personal Page အနေနဲ့ ဖွင့်လိုက်တာမျိုးကို သတိထားစေချင်ပါတယ်။ Facebook မှာ ဆိုင်ဖွင့်ရင် Personal Page အနေနဲ့ မဖွင့်ပါနဲ့။ Business Page အနေနဲ့ ဖွင့်ကြပါ။ ဒါကရေရှည်အတွက် ပိုကောင်းပါတယ်။

အွန်လိုင်းမှာ ဆိုင်ဖွင့်တဲ့အတွက် ကုန်ကျစရိတ် တော်တော်များများ သက်သာသွားတယ်။ အွန်လိုင်းရဲ့ အဓိက အားနည်းချက်က လူတွေရဲ့ယုံကြည်မှု အားနည်းတာပါ။ အွန်လိုင်းကနေ ငွေချေလိုက်ပြီဆိုရင် ပစ္စည်း တကယ်ရမလား၊ ကြော်ငြာထားတဲ့ ပစ္စည်းမဟုတ်ဘဲ တခြားတစ်မျိုးဖြစ်နေမလားဆိုတာတွေကို အချိန်ပေးပြီး တဖြည်းဖြည်း ဖြေရှင်းရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အွန်လိုင်းမှာ ရောင်းရင် ယုံကြည်မှုရှိအောင် Customer တွေက လာမေးရင် မြန်မြန် ဆန်ဆန် ဖြေကြားပေးပါ။ ဝယ်ယူသူတွေအနေနဲ့ ဆိုင်တစ်ခုထဲကို မမေးပါဘူး။ ၂ ဆိုင် / ၃ ဆိုင်ကို မေးလိုက်တယ်၊ ဈေးနှုန်းယှဉ်ကြည့်တယ်။ ဆိုင်က မြန်မြန်ဆန်ဆန်နဲ့ ပြန်လည်ဖြေကြားပေးရင် သူတို့အနေနဲ့ ပိုယုံကြည်မှုရှိပါတယ်။ အွန်လိုင်းမှာ ဆိုင်ဖွင့်ထားပေမယ့် ဆိုင်ကို မပစ်ထားပါနဲ့၊ ဝယ်သူမေးတဲ့အချိန်မှာလည်း အချိန်တိုတိုနဲ့ အမြန်ဆုံး ဖြေပေးပါ။ ယုံကြည်မှုပိုရှိလာအောင် ဝယ်သူတွေကို ပစ္စည်းမကြိုက်ရင် ပြန်လဲပေးတာ၊ ပိုက်ဆံပြန်အမ်းပေးတာ၊ ဝယ်သူစိတ်ကြိုက်ဆောင်ရွက်ပေးနိုင်ရင် ပိုမိုအောင်မြင်လာမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုခေတ်မှာ အနည်းဆုံး အွန်လိုင်းဈေးဆိုင်တစ်ခု ရှိသင့်ပါတယ်။

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး / အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

COVID-19 ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် ” ကို နိုဝင်ဘာ၂၅ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၁၇ ရက် (ကြာသပတေးနေ့) ညနေတွင် Digital နည်းပညာဖြစ်သည့် e-Commerce စနစ်ကို သုံး၍ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ လက်တွေ့ရောင်းချ၊ ဝယ်ယူမှုအခြေအနေနှင့် ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်ကို Flexible Pass (Founder & CEO)ဦးထက်အောင်လတ်နှင့် ဒစ်ဂျစ်တယ်ကဝေအေဂျင်စီ (အမှုဆောင်ဥက္ကဋ္ဌ) ဒေါ်စန္ဒီစိန်သိဏ်းတို့က ဆွေးနွေးကြမည်ဖြစ်ရာ ယင်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရွှေဘိုမြို့၌ ငါးရက်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၆၉ ဦး ဆေးရုံဆင်းခွင့်ရရှိ

**ရွှေဘို ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ယာယီဆေးရုံတွင် ကုသမှုခံယူနေသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၀ ဦးကို ယနေ့နံနက်ပိုင်းက ဆေးရုံဆင်းခွင့် ပေးလိုက်ကြောင်းနှင့် ရွှေဘိုမြို့နယ်တွင် ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၁၆ ရက်ထိ ငါးရက်အတွင်း ဆေးရုံဆင်းခွင့်ရရှိသူ ကိုဗစ် -၁၉ အတည်ပြုလူနာ ၆၉ ဦးရှိပြီဖြစ်ကြောင်း ရွှေဘိုမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စောသက်လျှာအောင်က ပြောသည်။

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ယာယီဆေးရုံမှ ယနေ့ ဆေးရုံဆင်းခွင့်ရသူများမှာ သံဃာတော် တစ်ပါးနှင့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦး ဖြစ်ကြောင်း သိရသည်။ အဆိုပါ အတည်ပြုလူနာများမှာ ရွှေဘိုမြို့နယ် ညောင်ပင်သာ ကျေးရွာမှ သံဃာတော် တစ်ပါးနှင့် အမျိုးသမီး တစ်ဦး၊ ဘိုးတော်တောကျေးရွာမှ အမျိုးသမီး တစ်ဦး၊ ရွှေဘိုမြို့မှ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးဖြစ်ကြောင်း သိရသည်။



ဆေးရုံဆင်းခွင့် ရသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေအိမ်တွင် ခုနစ်ရက် အသွားအလာကန့်သတ် နေထိုင်ရမည်ဖြစ်ကြောင်း၊ ရွှေဘိုမြို့နယ်တွင် ယနေ့ နံနက်ပိုင်း အထိ အတည်ပြုလူနာ ၁၅၂ ဦးရှိပြီး ဆေးရုံဆင်းခွင့်ရရှိသူ ၉၇ ဦးရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## ကိုဗစ်-၁၉ ကပ်ရောဂါကာလ သယ်ယူပို့ဆောင်မှုခက်ခဲ၍ တာရှည်ခံသီးနှံများ အစားထိုးစိုက်ပျိုးလာ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဟင်းသီးဟင်းရွက် စိုက်တောင်သူများကသယ်ယူပို့ဆောင်ရေးခက်ခဲလာမှုကြောင့် ဟင်းသီးဟင်းရွက်များကို လျှော့ချစိုက်ပျိုးလာပြီး မြေပဲ၊ မတ်ပဲ၊ နေကြာ၊ ကြက်သွန်ဖြူ ကဲ့သို့ တာရှည်ခံသီးနှံများကို အစားထိုး စိုက်ပျိုးလာကြကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသရှိ ရွှေအင်းသူ အမျိုးသမီး တောင်သူများ အဖွဲ့မှ သိရသည်။

### အစားထိုး သီးနှံတွေ ပြောင်းစိုက်

“ကိုဗစ်ကြောင့် နယ်အဝင်အထွက်ကားတွေကို ပိုပြီးစစ်ဆေးနေတာ၊ ဟင်းသီးဟင်းရွက်တွေက ရောင်းရတာခက်တယ်၊ အစားထိုး သီးနှံတွေ ပြောင်းစိုက်နေကြပြီ၊ နေကြာ၊ မတ်ပဲ၊ မြေပဲ၊ ကြက်သွန်ဖြူတွေကို ပြောင်းစိုက်လာကြတယ်။ ကြက်သွန်ဖြူ ကတော့ အဆင်ပြေပါတယ်။ အောင်ပန်းမြို့က ထွန်းတောက်ပွဲရုံနဲ့ ချိတ်ဆက်ထားပါတယ်။ ရှမ်းမောမြေက မနှစ်က ချယ်ရီခရမ်းချဉ် ပူးပေါင်းစိုက်တာ အောင်မြင်တယ်၊ တစ်ပိဿာကို ရန်ကုန်အရောက် ငွေကျပ် ၃၀၀၀ ဈေးနဲ့ယူပေးတယ်။ အခုကိုဗစ်နဲ့ဆိုတော့ နားထားတယ်။ ငရုတ်နဲ့ ခရမ်းချဉ်ကို တောင်သူတွေနဲ့ စာချုပ်ချုပ်ပြီး တစ်ရာသီလုံး ယူတာ။ နောက် Prime ကုမ္ပဏီနဲ့လည်း စာချုပ်ချုပ်ထားတာ၊ အရှိန်ရနေမှ ကိုဗစ်-၁၉ ကြောင့် အလွန်နစ်နာတယ်။ ချေးငွေအတွက်က ငွေကြေးဝန်ဆောင်မှုအဖွဲ့တွေနဲ့ ချိတ်ပေးထားတာ ရှိပါတယ်၊ တစ်ရွာနဲ့ တစ်ရွာတော့ ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီတွေက မတူဘူး” ဟု ရွှေအင်းသူ အမျိုးသမီး ကိုယ့်အားကိုယ်ကိုးတောင်သူများအဖွဲ့မှ တာဝန်ရှိသူ ဒေါ်မြဝင်းက ပြောသည်။

### သယ်ယူပို့ဆောင်ရေး ကြန့်ကြာ

ရွှေအင်းသူ အမျိုးသမီးတောင်သူများအဖွဲ့မှာ အင်းလေးဒေသမှ ထွက်ရှိသည့် အရည်အသွေးမီ ဟင်းသီးဟင်းရွက်များကို Metro ကဲ့သို့ လက်ကားဈေးများနှင့် ချိတ်ဆက်ရောင်းချနေရာမှ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သယ်ယူပို့ဆောင်ရေး ကြန့်ကြာမှုများရှိလာသဖြင့် စာချုပ်အတိုင်း ရောင်းချနိုင်ခြင်း မရှိတော့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၅-၁၂-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၅၅)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၇၃ |
| | | မြောက်ဥက္ကလာပ | ၅၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း)* | ၃၉ |
| | | ရွှေပြည်သာ | ၃၅ |
| | | မှော်ဘီ | ၃၁ |
| | | တောင်ဥက္ကလာပ | ၂၇ |
| | | မရမ်းကုန်း | ၂၄ |
| | | သန်လျင်* | ၂၀ |
| | | သင်္ဃန်းကျွန်း | ၁၉ |
| | | အင်းစိန် | ၁၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | ကြည့်မြင်တိုင် | ၁၀ |
| | | လမ်းမတော် | ၉ |
| | | ထန်းတပင် | ၉ |
| | | လှိုင်သာယာ | ၈ |
| | | ဗိုလ်တထောင် | ၈ |
| | | တိုက်ကြီး | ၇ |
| | | လှိုင် | ၇ |
| | | ရန်ကင်း | ၇ |
| | | တွံတေး | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၆ |
| | | ကမာရွတ် | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | သာကေတ | ၅ |
| | | ကော့မှူး | ၅ |
| | | ကွမ်းခြံကုန်း | ၅ |
| | | ဒလ* | ၄ |
| | | ဗဟန်း | ၄ |
| | | ကျောက်တန်း | ၄ |
| | | ခရမ်း | ၃ |
| | | တာမွေ | ၂ |
| | | စမ်းချောင်း | ၂ |
| | | ဒဂုံ | ၂ |
| | | ပုဇွန်တောင် | ၁ |
| | | လှည်းကူး | ၁ |
| | | လသာ | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | ကျောက်တံတား | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၄၉၉ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၈၀ |
| | | ချမ်းအေးသာစံ | ၆၇ |
| | | မဟာအောင်မြေ | ၄၆ |
| | | ချမ်းမြသာစည် | ၄၁ |
| | | မြင်းခြံ | ၃၅ |
| | | အမရပူရ | ၂၉ |
| | | ပြည်ကြီးတံခွန် | ၁၅ |
| | | ကျောက်ဆည် | ၁၂ |
| | | မိတ္ထီလာ | ၆ |
| | | စဉ့်ကိုင် | ၅ |
| | | ငါန်းဇွန် | ၅ |
| | | ပုသိမ်ကြီး | ၄ |
| | | တောင်သာ | ၃ |
| | | ညောင်ဦး | ၃ |
| | | တံတားဦး | ၃ |
| | | မတ္တရာ | ၂ |
| | | ရမည်းသင်း | ၂ |
| | | မလှိုင် | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၃၆၃ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၆ |
| | | သာယာဝတီ | ၁၀ |
| | | ပေါင်းတည် | ၉ |
| | | ကျောက်တံခါး | ၇ |
| | | မိုးညို | ၅ |
| | | သနပ်ပင် | ၅ |
| | | မင်းလှ | ၂ |
| | | အုတ်တွင်း | ၂ |
| | | ကြို့ပင်ကောက် | ၁ |
| | | ညောင်လေးပင် | ၁ |
| | | ပန်းတောင်း | ၁ |
| | | ဖြူး | ၁ |
| | | ပြည် | ၁ |
| | | စုစုပေါင်း | ၈၁ |
| ၄။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ၁၇ |
| | | မကွေး | ၁၆ |
| | | စလင်း | ၁၀ |
| | | မင်းဘူး | ၇ |
| | | အောင်လံ | ၅ |
| | | နတ်မောက် | ၄ |
| | | တောင်တွင်းကြီး | ၃ |
| | | မြိုင် | ၂ |
| | | ရေနံချောင်း | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | ပခုက္ကူ | ၁ |
| | | ဆော | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၁၂ |
| | | စစ်ကိုင်း | ၇ |
| | | ကလေး | ၄ |
| | | ယင်းမာပင် | ၃ |
| | | ကန့်ဘလူ | ၂ |
| | | မုံရွာ | ၂ |
| | | ရေဦး | ၂ |
| | | ပုလဲ | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ | ၉ |
| | | ပုသိမ် | ၉ |
| | | ဟင်္သာတ | ၂ |
| | | ဖျာပုံ | ၂ |
| | | ရေကြည် | ၂ |
| | | ကျုံပျော် | ၁ |
| | | ညောင်တုန်း | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၇။ | နေပြည်တော် | ပုဗ္ဗသီရိ | ၁၆ |
| | | ဇမ္ဗူသီရိ | ၉ |
| | | စုစုပေါင်း | ၂၅ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၆ |
| | | သထုံ | ၃ |
| | | ဘီးလင်း | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၉။ | ကချင်ပြည်နယ် | ဖားကန့် | ၁၄ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | ရှမ်းပြည်နယ် | တာချီလိတ် | ၃ |
| | | နမ့်ခမ်း | ၂ |
| | | လားရှိုး | ၁ |
| | | မူဆယ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃ |
| | | ကျောက်ဖြူ | ၁ |
| | | မြေပုံ | ၁ |
| | | ရမ်းဗြဲ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ကရင်ပြည်နယ် | ဘားအံ | ၄ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၄ |
| | | ဘုတ်ပြင်း | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၄။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | | (၁၅-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၅၅) ဦး |

* မြို့နယ်မှ (၃)ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁၅-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၅၅)ဦးတွင် အနံ့မရရှိသူ (၂၄၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# အင်းတော်မြို့၌ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းမပြုသူများအား အရေးယူ

**အင်းတော် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့၌ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ သွားလာသူများအား အရေးယူဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက အင်းတော်မြို့ ပြည်ထောင်စုလမ်းမဘေး မြန်မာ့စီးပွားရေး ဘဏ်ရှုံးရှေ့နှင့် ကုန်သည်လမ်းကြားတွင် အင်းတော်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဆောင်ရွက် ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နေသည့် ကာလဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အိမ်အပြင်သို့သွားလာရာတွင် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန်လိုအပ်ကြောင်း၊ ပြည်သူများအနေဖြင့် မလိုအပ်ပါက အိမ်အပြင်သို့ ထွက်ခွာခြင်းမပြုကြရန်နှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့က ထုတ်ပြန်ထားသော အမိန့်နှင့် ကြေညာချက်များကို ပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာခြင်းမရှိသူ ပြည်သူများအား အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးစိုးထိန်ဝင်းက ပြောသည်။

အင်းတော်မြို့နယ်အနေဖြင့် မြို့နယ်အတွင်း ပါးစပ်နှာခေါင်းစည်း တပ်ဆင် ခြင်းမရှိဘဲ သွားလာသည့် ပြည်သူများကို စစ်ဆေးအရေးယူဆောင်ရွက် လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် လိုက်နာရန် စည်းကမ်းချက်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ပါးစပ် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးတို့ကိုလည်း မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် အသံချဲ့စက်ဖြင့် ကြေညာပေးလျက်ရှိကာ မြို့အဝင်တွင် လည်း စစ်ဆေးရေးဂိတ် ဖွင့်လှစ်၍ ပြည်သူများ၏ ကျန်းမာရေးကို စစ်ဆေး



ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ၂၀၂၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးအတွက် Logo ဒီဇိုင်း ခေါ်ယူခြင်း



**နောက်ဆုံးပေးပို့ရမည့် အချိန်ကာလ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ အထိ**

❖ မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပါသည်။

❖ ရွေးချယ်ခံရသည့် Logo ဒီဇိုင်းအား ၂၀၂၁ ခုနှစ်၊ ဂျပန်နိုင်ငံ၌ ကျင်းပမည့် (၁၃) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်း အဝေး (13th Mekong-Japan Summit) တွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

❖ ပြိုင်ပွဲဝင် Logo ဒီဇိုင်း၏ Resolution သည် အနည်းဆုံး 300 dpi ရှိရမည်ဖြစ်ပြီး 3 MB ထက်မပိုသော JPEG၊ PDF သို့မဟုတ် EPS ပုံစံဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။

❖ Logo ဒီဇိုင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် https :ll www. mofa go. jp/s sa/sea 1/ page 22e 000933.html တွင် ရယူနိုင်ပါသည်။

❖ ပြိုင်ပွဲဝင် Logo ဒီဇိုင်းအား ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အီးမေးလ်ဖြစ်သည့် mekong-japan-logo@mofa.go.jp သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည် ဖြစ်ပါသည်။

❖ တင်ပြနိုင်သည့် Logo အရေအတွက် ကန့်သတ်မထားပါ။ တင်ပြသည့် Logo ၏ ရောင်စုံပုံနှင့် အဖြူ-အမည်းပုံ နှစ်မျိုးလုံး တင်ပြရမည်။ Logo ဒီဇိုင်း၏ ရှင်းလင်းချက်ကို အင်္ဂလိပ်ဘာသာဖြင့် ပေးပို့ရမည် ဖြစ်ပြီး စာလုံးရေ ၅၀ ခန့် ရှိရမည် ဖြစ်ပါသည်။

❖ ရွေးချယ်ခံရသူများအား ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ Website တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကြေညာမည်ဖြစ်ပါသည်။

❖ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ် သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဖုန်း- ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အဝါရောင်မှိုစေ့ရောဂါဒဏ်ခံနိုင်သော သက်လျင်ပဲတီစိမ်းမျိုးများ ရှာဖွေခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဆီထွက်နှင့် ပဲမျိုးစုံသီးနှံသုတေသန ဌာနခွဲ၊ ပဲမျိုးစုံသီးနှံ သုတေသနဌာနစုမှ သုတေသနပညာရှင်များသည် သုတေသနအစီအစဉ်များအနက် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး အစီအစဉ်အောက်တွင် ပဲတီစိမ်းသီးနှံ မျိုးကောင်းမျိုးသန့်မွေးမြူရွေးချယ်ခြင်း သုတေသနစီမံကိန်း ခုနစ်ခုကို ဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်။ ယင်းစီမံကိန်းများထဲမှ အဝါရောင်မှိုစေ့ရောဂါ ဒဏ်ခံနိုင်၍ သက်လျင်ပဲတီစိမ်းမျိုးများ ရွေးချယ်ခြင်း သုတေသနကို သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိသည်။

ယင်းသုတေသနသည် အဝါရောင်မှိုစေ့ရောဂါဒဏ် ခံနိုင်ရည်ရှိ၍ အသက်လျင်သည့် ပဲတီစိမ်းမျိုးများ ရရှိရန် ရည်ရွယ်ကာ သုတေသနပြုစမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသုတေသနကို ၂၀၁၁ ခုနှစ် မိုးရာသီမှ စတင်ကာ ရေဆင်း- ၁၄ မျိုးနှင့် YM-03-4-21 မျိုးတို့အား မျိုးကူးစပ်၍ သားဆက်အဆင့်ဆင့် ရွေးချယ်ခဲ့ခြင်း ဖြစ်ပြီး ယခု ၂၀၂၀ ပြည့်နှစ် မိုးနှောင်းရာသီတွင် အဝါရောင်မှိုစေ့ရောဂါ ဒဏ်ခံနိုင်ရည်ရှိကာ သက်လျင်သော အလားအလာကောင်း မျိုးလိုင်း ငါးမျိုး တွေ့ရှိနေပြီဖြစ်ကြောင်း အဆိုပါ သုတေသနပညာရှင်များထံမှ သိရသည်။

ယင်းမျိုးလိုင်း ငါးမျိုးမှာ YM-15-8-17 ၊ YM-15-8-19၊ YM-15-8-20၊ YM-15-8-22 နှင့် YM-15-8-31 တို့ဖြစ်ပြီး ရေဝတီတိုင်းဒေသကြီး ခရမ်းသုံးခွရှိ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများက ကြိုက်နှစ်သက်သော အလားအလာကောင်းမျိုးများလည်း ဖြစ်သည်။ အဆိုပါ မျိုးလိုင်းငါးမျိုး ထဲမှ တောင်သူအများစု ကြိုက်နှစ်သက်သည့် ဈေးကွက်အလားအလာကောင်းသော မျိုးလိုင်းတစ်မျိုးကို ထပ်မံရွေးချယ်သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးသစ်အဖြစ် မှတ်ပုံတင် ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၉၀/၆၄၅ | ကျပ် | ၆၃၅/၆၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၀၀/၆၆၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀/၆၀၅ | ကျပ် | ၆၃၅/၆၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၈၅/၇၂၀ | ကျပ် | ၇၃၅/၇၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၈ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၈၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၉ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၄ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၃ . ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၃ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၂ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၈၄၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၂ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၁၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၁၆၂၁ | ၁၆၀၄၄၈၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၂၁၄၇ | ၈၀၃၄၇၀၀ |
| MCB | ၈၄၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၅၇၂၀ | ၁၂၈၇၀၀၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၇၀၅၄ | ၁၉၇၅၁၁၀၀ |
| EFR | ၃၉၀၀ | ၃၈၀၀ | ၂၃၇ | ၈၉၂၁၀၀ |

ခင်ရတနာ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၉၂၄ | 13008.313.8.2.87 | ပိန်းကြာရွက်ဆန်စက် | ၁၀ | ၆၀၀,၀၀၀.၀၀ |
| ၉၂၅ | 13009.34.1.2.38 | အင်းဝပလတ်စတစ် | ၄ | ၈၀,၀၀၀.၀၀ |
| ၉၂၆ | 13009.34.1.2.146 | Kery Zone | ၇ | ၂၈၈,၀၀၀.၀၀ |
| ၉၂၇ | 13009.34.1.2.180 | ဟသ်ာပလတ်စတစ် | ၂ | ၃၂,၀၀၀.၀၀ |
| ၉၂၈ | 13009.34.8.2.41 | Draeger Myanmar Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၉၂၉ | 13018.31.2.2.184 | ဦးမျိုးမြင့် သစ်ခွဲစက် | ၈ | ၃၄၅,၆၀၀.၀၀ |
| ၉၃၀ | 13019.32.1.2.264 | First Image | ၁၄၅ | ၈,၄၃၈,၄၀၀.၀၀ |
| ၉၃၁ | 13023.314.1.2.133 | Excel River View Hotel | ၃၈ | ၂,၂၅၁,၂၀၀.၀၀ |
| ၉၃၂ | 13033.35.3.2.115 | Pacific Alpine Myanmar Limited | ၄၅ | ၄,၉၂၈,၂၆၆.၈၀ |
| ၉၃၃ | 13033.35.3.2.125 | HSL Group JV Co., Ltd. | ၃၅ | ၄,၁၂၀,၀၀၀.၀၀ |
| ၉၃၄ | 13033.35.7.2.63 | Paing Thukha Trading Co.,Ltd | ၄ | ၄၂၀,၀၀၀.၀၀ |
| ၉၃၅ | 13033.36.4.2.154 | Toyota Tsusho Myanmar Co.,Ltd | ၄၃ | ၅,၁၀၈,၀၀၀.၀၀ |
| ၉၃၆ | 13033.36.5.2.34 | C E A Project | ၃၃ | ၃,၆၄၈,၀၀၀.၀၀ |
| ၉၃၇ | 13033.310.2.2.107 | Vriens & Partners Pte Ltd | ၈ | ၈၉၇,၆၀၀.၀၀ |
| ၉၃၈ | 13033.310.2.2.142 | Central Tower Development Group | ၈ | ၄၈၈,၀၀၀.၀၀ |
| ၉၃၉ | 13033.310.6.2.109 | ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် YBS 89 | ၅၃ | ၅,၈၇၄,၀၀၀.၀၀ |
| ၉၄၀ | 13008.313.4.2.22 | Myanmar Longsheng Fashion Co., Ltd | ၁,၇၈၇ | ၁၀၃,၀၂၀,၀၀၀.၀၀ |
| ၉၄၁ | 13001.37.2.2.179 | THY Garment | ၅၈၇ | ၃၆,၆၁၃,၆၀၀.၀၀ |
| ၉၄၂ | 13001.37.3.2.19 | Seven Tigers Trading Co,ltd | ၉ | ၇၆၀,၀၀၀.၀၀ |
| ၉၄၃ | 13007.312.1.2.255 | Chindwin Banner Co.,ltd. | ၂၁၇ | ၁၂,၁၃၉,၂၀၀.၀၀ |
| ၉၄၄ | 13008.313.1.2.155 | Great Well-1 | ၃ | ၃၆၀,၀၀၀.၀၀ |
| ၉၄၅ | 13008.313.2.2.45 | ဟိန်းမင်းသူ သွပ်ပြားစက်ရုံ | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၉၄၆ | 13009.34.1.2.21 | ကံဘဲ့ဝင်း ပဲလှော် | ၈ | ၂၆၄,၀၀၀.၀၀ |
| ၉၄၇ | 13009.34.1.2.237 | ရွှေနဂါး အမိုးကိုင်း | ၃ | ၈၄,၀၀၀.၀၀ |
| ၉၄၈ | 13009.34.1.2.393 | သူဇာ ဆေးပေါ့လိပ် | ၉ | ၂၈၈,၀၀၀.၀၀ |
| ၉၄၉ | 13009.34.2.2.123 | ZAYYAR THAMA(10-3 သမ) | ၁ | ၁၄,၀၀၀.၀၀ |
| ၉၅၀ | 13009.34.3.2.107 | ABLE WINNERS CO.,LTD | ၂၁ | ၂,၃၅၆,၀၀၀.၀၀ |
| ၉၅၁ | 13009.34.5.2.44 | MWAQUA SOLUTIONS Co.,Ltd | ၁၁ | ၁,၂၇၈,၂၆၀.၈၇ |
| ၉၅၂ | 13009.34.6.2.4 | Kistem Myanmar Co.,Ltd | ၁ | ၁၀၀,၀၀၀.၀၀ |
| ၉၅၃ | 13009.34.7.2.16 | Naing Group Construction Co.,Ltd | ၁၁၃ | ၈,၈၀၃,၀၀၀.၀၀ |
| ၉၅၄ | 13009.34.7.2.17 | Naing Goup Capital Co.Ltd | ၆၀ | ၅,၃၀၄,၀၀၀.၀၀ |
| ၉၅၅ | 13009.34.7.2.148 | New Dana Co.,Ltd | ၁၂ | ၁,၂၆၀,၀၀၀.၀၀ |
| ၉၅၆ | 13018.31.1.2.6 | မိုးတောင်တန်းတစ်ရှူး | ၄ | ၁၇၂,၈၀၀.၀၀ |
| ၉၅၇ | 13018.31.1.2.45 | ခြသေ့်ကမ္ဘာ ဦးစိုးသန်း စာအုပ်ချုပ် | ၃ | ၉၆,၀၀၀.၀၀ |
| ၉၅၈ | 13018.31.1.2.49 | နေဝင်းမုန့်တိုက် | ၂၃ | ၁,၃၂၄,၈၀၀.၀၀ |
| ၉၅၉ | 13018.31.1.2.62 | Mogok Pride Co,Ltd | ၃ | ၁၇၂,၈၀၀.၀၀ |
| ၉၆၀ | 13018.31.1.2.65 | Hi Star ဖော့ဘူးစက်ရုံ | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၉၆၁ | 13018.31.1.2.173 | Camel International Co,Ltd | ၁၈ | ၁,၀၃၆,၈၀၀.၀၀ |
| ၉၆၂ | 13018.31.1.2.174 | Gold Steel | ၂၆ | ၁,၄၉၇,၆၀၀.၀၀ |
| ၉၆၃ | 13018.31.1.2.204 | ဒေါ်ကြည်အေး မူလီ | ၄ | ၈၀,၀၀၀.၀၀ |
| ၉၆၄ | 13018.31.1.2.224 | Paing Soe Co,Ltd | ၉ | ၅၁၈,၄၀၀.၀၀ |
| ၉၆၅ | 13018.31.1.2.298 | လှ ကားဘော်ဒီ | ၅ | ၁၆၀,၀၀၀.၀၀ |
| ၉၆၆ | 13018.31.1.2.301 | တက်နေလင်းသံရည်ကျို | ၃ | ၈၄,၀၀၀.၀၀ |
| ၉၆၇ | 13018.31.1.2.327 | ဦးခင်မောင်မြင့် မီးအားမြှင့်စက်အိတ်ခွံ | ၃ | ၈၄,၀၀၀.၀၀ |
| ၉၆၈ | 13018.31.1.2.336 | ဦးမြင့်ဇော် သံဆန်ခါ | ၈ | ၂၀၄,၀၀၀.၀၀ |
| ၉၆၉ | 13018.31.1.2.363 | SHE အမျိုးသမီးသုံးပဝါ | ၂၀ | ၁,၁၅၂,၀၀၀.၀၀ |
| ၉၇၀ | 13018.31.1.2.368 | ဦးဇော်ဝင်း သံနန်းဆွဲ | ၃ | ၁၀၈,၀၀၀.၀၀ |
| ၉၇၁ | 13018.31.3.2.1 | Anyway စာအုပ်ချုပ်လုပ်ငန်း | ၄ | ၁၂၈,၀၀၀.၀၀ |
| ၉၇၂ | 13018.31.3.2.102 | Tropical Woods Co,Ltd | ၂၉ | ၂,၄၀၁,၁၅၈.၀၀ |
| ၉၇၃ | 13018.31.5.2.9 | Kaung Htet Myanmar Trading Co., Ltd | ၄၁ | ၃,၄၈၉,၂၀၀.၀၀ |
| ၉၇၄ | 13018.31.5.2.42 | Thu Htut Kaung Co;Ltd. | ၂၈၂ | ၁၇,၀၁၅,၂၀၀.၀၀ |
| ၉၇၅ | 13018.31.6.2.14 | တိုမိုစားသောက်ကုန်လုပ်ငန်း | ၉၆ | ၅,၅၇၄,၄၀၀.၀၀ |
| ၉၇၆ | 13018.31.7.2.25 | Myanmar Indo Best Fashion Co.,Ltd | ၁၇ | ၁,၀၂၄,၀၀၀.၀၀ |
| ၉၇၇ | 13018.31.7.2.49 | HUI YUAN Company Limited | ၄၁၇ | ၂၂,၈၀၉,၇၆၀.၀၀ |
| ၉၇၈ | 13018.31.8.2.23 | Myanmar Golden Credit Co,Ltd | ၄ | ၃၀၀,၀၀၀.၀၀ |
| ၉၇၉ | 13019.32.1.2.155 | မြို့တော်သူသစ်စက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၉၈၀ | 13019.32.1.2.224 | ကောင်းမြတ် သစ်စက် | ၂ | ၈၆,၄၀၀.၀၀ |
| ၉၈၁ | 13019.32.2.2.11 | သစ္စာမင်းကားဝပ်ရှော့ | ၆ | ၂၂၅,၆၀၀.၀၀ |
| ၉၈၂ | 13019.32.2.2.141 | ကောင်းမြတ်ကုမ္ပဏီ | ၁၁ | ၄၇၅,၂၀၀.၀၀ |
| ၉၈၃ | 13019.32.4.2.101 | TNS Co.,Ltd. | ၅ | ၁၁၆,၀၀၀.၀၀ |
| ၉၈၄ | 13019.32.5.2.55 | ဆရာငြိမ်းနှင့်သားများ(ဝပ်ရှော့) | ၈ | ၂၆၄,၀၀၀.၀၀ |
| ၉၈၅ | 13019.32.5.2.70 | Rider ကားဆေးဘော်ဒီ | ၃ | ၁၂၀,၀၀၀.၀၀ |
| ၉၈၆ | 13019.32.8.2.24 | Huan Yao Manufacturing (Myanmar) Co.ltd | ၅၄ | ၂,၇၅၆,၁၆၀.၀၀ |
| ၉၈၇ | 13019.32.8.2.44 | Golden K & K Co.,Ltd | ၁၀ | ၆၀၀,၀၀၀.၀၀ |
| ၉၈၈ | 13033.310.1.2.72 | သံလွင်ဦးပုံနှိပ် | ၄ | ၈၀,၀၀၀.၀၀ |
| ၉၈၉ | 13033.310.1.2.138 | လှကမ္ဘာပရိဘောဂ | ၅ | ၁၄၀,၀၀၀.၀၀ |
| ၉၉၀ | 13033.310.1.2.139 | ဦးသန်းထွန်းပရိဘောဂ | ၈ | ၂၂၄,၀၀၀.၀၀ |
| ၉၉၁ | 13033.310.1.2.143 | Royal Pole Star Co.,ltd | ၃ | ၈၄,၀၀၀.၀၀ |
| ၉၉၂ | 13033.310.1.2.147 | လမင်းစန္ဒာ Electronic | ၃ | ၁၃၂,၀၀၀.၀၀ |
| ၉၉၃ | 13033.310.1.2.193 | ရတနာရွှေမြပုံနှိပ်တိုက် | ၃ | ၁၂၉,၆၀၀.၀၀ |
| ၉၉၄ | 13033.310.1.2.218 | Tong Tah Co.,Ltd | ၅ | ၂၈၈,၀၀၀.၀၀ |
| ၉၉၅ | 13033.310.1.2.370 | နယူးပုံနှိပ်တိုက် | ၂ | ၅၆,၀၀၀.၀၀ |
| ၉၉၆ | 13033.310.1.2.409 | ရွှေနဂါးပျံအဆင့်မြင့်ညှော်ရိပ်သာ | ၄ | ၁၆၀,၀၀၀.၀၀ |
| ၉၉၇ | 13033.310.1.2.624 | ဝွမ်းလိပ်နှင့် နားကြပ်တံ | ၂၉ | ၁,၆၇၀,၄၀၀.၀၀ |
| ၉၉၈ | 13033.310.1.2.625 | TOA အိမ်သုတ်ဆေး | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၉၉၉ | 13033.310.1.2.654 | ပန်းကြာခိုင်စာအုပ်ချုပ် | ၂ | ၄၀,၀၀၀.၀၀ |
| ၁၀၀၀ | 13033.310.1.2.659 | CIT Int'l Trading Ltd | ၉ | ၅၂၄,၀၀၀.၀၀ |
| ၁၀၀၁ | 13033.310.2.2.161 | မြကျောက်ဟိုတယ် | ၇ | ၁၅၃,၆၀၀.၀၀ |
| ၁၀၀၂ | 13033.310.4.2.117 | F@x Trading Co.,Ltd | ၄ | ၂၆၂,၀၀၀.၀၀ |
| ၁၀၀၃ | 13033.310.4.2.167 | Moe Yan Omoto | ၂၅ | ၁,၆၆၂,၄၀၀.၀၀ |
| ၁၀၀၄ | 13033.310.5.2.25 | Moon Princess Co.,Ltd | ၂၀ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၀၀၅ | 13037.39.1.2.143 | Eugenia Cafe' | ၁၄ | ၇၀၀,၀၀၀.၀၀ |
| ၁၀၀၆ | 13037.39.1.2.253 | ဟိုတယ်ဝင်ဆာ | ၅ | ၇၆,၀၀၀.၀၀ |
| ၁၀၀၇ | 13037.39.2.2.163 | Happy Cafe' & Noddles | ၈ | ၇၃၂,၀၀၀.၀၀ |
| ၁၀၀၈ | 13037.39.6.2.8 | Love Diory Wedding Professional | ၃ | ၂၆၀,၀၀၀.၀၀ |
| ၁၀၀၉ | 13037.39.6.2.99 | Cloud Source Myanmar | ၅ | ၅၄၀,၀၀၀.၀၀ |
| ၁၀၁၀ | 13037.39.7.2.94 | Everfit Compamy Limited | ၂၆ | ၁,၈၆၈,၀၀၀.၀၀ |
| ၁၀၁၁ | 13037.39.1.2.507 | ရှမ်းရိုးမပုံနှိပ်တိုက် | ၁၀ | ၃၂၀,၀၀၀.၀၀ |
| ၁၀၁၂ | 13041.33.3.2.137 | Hitachi Elevator Co., Ltd. | ၄၁ | ၄,၆၅၆,၈၀၀.၀၀ |
| ၁၀၁၃ | 13041.33.7.2.20 | Myanmar Automoblie Group Holding Co,Ltd (6%) | ၂၃ | ၂,၂၃၁,၂၀၀.၀၀ |
| ၁၀၁၄ | 13041.33.8.2.6 | Four Paws Intetnational Myanmar Co,Ltd | ၁၁ | ၁,၃၂၀,၀၀၀.၀၀ |
| ၁၀၁၅ | 13041.38.1.2.370 | Happy Cafe'&Noodles | ၃၂ | ၃,၀၅၈,၄၀၀.၀၀ |
| ၁၀၁၆ | 13041.38.2.2.298 | Minn International Co.Ltd | ၂ | ၉၆,၀၀၀.၀၀ |
| ၁၀၁၇ | 13041.38.7.2.186 | May Kyi Food Production Co.Ltd | ၁၃ | ၁,၂၀၈,၀၀၀.၀၀ |
| ၁၀၁၈ | 17001.31.1.2.157 | ရွှေဝဒီသစ်ခွဲစက် | ၃ | ၉၆,၀၀၀.၀၀ |
| ၁၀၁၉ | 17001.31.1.2.354 | ရောဝတီရေလုပ်ငန်း(အစာတောင့်) | ၂၅ | ၁,၅၈၆,၄၀၀.၀၀ |
| ၁၀၂၀ | 17001.31.6.2.7 | K Resort Ngwe Saung | ၅၉ | ၄,၂၂၈,၀၀၀.၀၀ |
| ၁၀၂၁ | 10002.32.1.2.1490 | Jaguco Myanmar | ၂၂ | ၁,၃၁၂,၀၀၀.၀၀ |
| ၁၀၂၂ | 10002.32.6.2.9 | Seezar Food Group | ၇ | ၅၀၈,၀၀၀.၀၀ |
| ၁၀၂၃ | 10006.37.6.2.19 | Grand Royal Group International Coltd | ၃၇ | ၃,၉၀၁,၂၄၀.၀၀ |
| ၁၀၂၄ | 11001.31.1.2.3 | ဆွမ်းအုပ်ပုံ(ပရိဘောဂ) | ၁ | ၂၀,၀၀၀.၀၀ |
| ၁၀၂၅ | 11001.31.1.2.5 | lion king Co,ltd | ၂ | ၈၈,၀၀၀.၀၀ |
| ၁၀၂၆ | 11001.31.1.2.33 | ပေါက်ကျိုင်း (ပရိဘောဂ) | ၂ | ၄၀,၀၀၀.၀၀ |
| ၁၀၂၇ | 11001.31.1.2.48 | ဦးလှငွေး (ပလတ်စတစ်) | ၄ | ၁၆၀,၀၀၀.၀၀ |
| ၁၀၂၈ | 11001.31.1.2.63 | သားလူချော (သံရည်ကျို) | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၀၂၉ | 11001.31.1.2.80 | အောင်ဘုန်းပြည့် (ဘက္ထရီ) | ၆ | ၁၂၀,၀၀၀.၀၀ |
| ၁၀၃၀ | 11001.31.1.2.84 | လေညှင်းသာ (တည်းခိုခန်း) | ၂ | ၆၀,၀၀၀.၀၀ |
| ၁၀၃၁ | 11001.31.1.2.99 | ထိုက်သူစံ (ပလပ်စတစ်) | ၅ | ၁၀၈,၀၀၀.၀၀ |
| ၁၀၃၂ | 11001.31.1.2.107 | ဦးစိန်ဝင်း(ဒိုင်နမို) | ၃ | ၆၀,၀၀၀.၀၀ |
| ၁၀၃၃ | 11001.31.1.2.139 | Grand Royal Group | ၃၉ | ၄,၂၈၂,၄၆၁.၆၀ |
| ၁၀၃၄ | 11001.31.1.2.243 | တိုးရစ် (TV) | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၀၃၅ | 11001.31.1.2.245 | Sony ဦးတင်ဝင်း | ၄ | ၉၆,၀၀၀.၀၀ |
| ၁၀၃၆ | 11001.31.1.2.271 | ပိတောက်စက္ကူ | ၂ | ၄၀,၀၀၀.၀၀ |
| ၁၀၃၇ | 11001.31.1.2.278 | Amazing Co,ltd | ၅ | ၁၆၀,၀၀၀.၀၀ |
| ၁၀၃၈ | 11001.31.1.2.286 | သပြေညို တည်းခိုခန်း | ၅ | ၁၅၀,၀၀၀.၀၀ |
| ၁၀၃၉ | 11001.31.1.2.296 | ဦးစိန်မြင့် (ဘိုးရိမ်း) | ၁ | ၂၀,၀၀၀.၀၀ |
| ၁၀၄၀ | 11001.31.1.2.303 | Oriental Leaf International Co;ltd | ၁၇ | ၁,၃၀၄,၁၆၀.၀၀ |
| ၁၀၄၁ | 11001.31.1.2.319 | ဂျပန်(တည်ခိုးခန်း) | ၃ | ၁၄၄,၀၀၀.၀၀ |
| ၁၀၄၂ | 11001.31.1.2.339 | နတ်မော်(ဆေးလိပ်) | ၄ | ၈၀,၀၀၀.၀၀ |
| ၁၀၄၃ | 11001.31.1.2.343 | Comfeed(ကြက်စာဆိုင်) | ၄ | ၁၆၀,၀၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*

# ကိုလိုနီခေတ် မီးခြစ်စက်ရုံများ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**မြန်မာတို့သည် ရှေးသမိုင်းဦးခေတ်ကပင် အုတ်ဖုတ်တတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ အရပ်ရပ်ရှိ စေတီပုထိုးများ၊ မြို့ရိုးတံတိုင်းများက မြန်မာ့လက်လုပ်အုတ်၏ စွမ်းပကားကို အထင်အရှားပြဆိုလျက်ရှိနေကြသည်။ ကိုလိုနီခေတ် သက်တမ်းတစ်လျှောက်တွင်လည်း မြန်မာ့လက်လုပ်အုတ်များကပင် နေရာရခဲ့သည်။ ၁၉၂၆ ခုနှစ်ခန့်တွင်မှ အစိုးရကတည်ထောင်သော အုတ်စက်နှစ်စက် ပေါ်လာခဲ့သည်။ အစိုးရက ထိုကဲ့သို့ အုတ်စက် တည်ထောင်ရခြင်းမှာ အစိုးရ၏ အဆောက်အအုံများကို ဆောက်လုပ်ရာတွင် အရပ်သားများထံမှ အုတ်ဝယ်ယူရခြင်းမှာ မဖြစ်သင့်ဟု ထင်မြင်ယူဆသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ထိုကြောင့်ပင် အစိုးရ၏ Public Works ဌာနသည် ကံဘဲ့တွင် အုတ်စက်တစ်ခုနှင့် မင်္ဂလာဒုံတွင် အုတ်စက်တစ်ခုကို တည်ထောင်ခဲ့သည်။**

ထိုအုတ်စက်နှစ်စက်မှ ထုတ်လုပ်သောအုတ်များဖြင့် ရန်ကုန်မြို့တွင် အစိုးရအဆောက်အအုံများကို ဆောက်လုပ်ခဲ့ရာ ဆေးကောလိပ်၊ ရန်ကုန်ယူနီဗာစတီ အဆောက်အအုံများနှင့် မင်္ဂလာဒုံ ကန်တိုမင်အဆောက်အအုံများလည်း အပါအဝင်ဖြစ်ခဲ့သည်။ သို့ရာတွင် ထိုအုတ်စက်တို့၏သက်တမ်းက မရှည်ကြာခဲ့ပေ။ ထုတ်လုပ်မှုစရိတ်စက ကြီးမြင့်ခြင်း၊ လုပ်ငန်းစီမံအုပ်ချုပ်မှုနှင့် ထုတ်လုပ်ရေးအတွေ့အကြုံမရှိခြင်း၊ လုပ်ငန်းခွင်လစ်ဟင်းခြင်းတို့ကြောင့် နောက်ပိုင်းတွင် လုပ်ငန်းများရပ်ဆိုင်းသွားခဲ့သည်။

ကိုလိုနီခေတ်တွင် ၁၉၂၀ ပြည့်နှစ် နောက်ပိုင်း၌ သုံးကုန်ပစ္စည်း ထုတ်လုပ်သောစက်များလည်း ပေါ်ထွန်းလာခဲ့သည်။ အမျိုးအမည်က မများလှသလို စက်ရုံအရေအတွက်ကလည်း နည်းပါးလှသည်။ မီးခြစ်စက်၊ ဆပ်ပြာစက်၊ ပန်းကန်စက်၊ ဒန်အိုးစက်၊ ကြိုးစက်၊ ကော်စက်စသည်တို့ ဖြစ်ကြသည်။

၁၉၂၀ ပြည့်နှစ်မတိုင်မီက သစ်သားမီးခြစ်များကို နိုင်ငံခြားမှတင်သွင်းခဲ့သည်။ ထိုစဉ်က သစ်သားမီးခြစ်များကို ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ရသည်။ ထိုလုပ်ငန်းကို ဆွီဒင်နိုင်ငံသားအချို့က ဆွီဒင်မီးခြစ်ကုမ္ပဏီ အမည်ဖြင့် ကြည့်မြင်တိုင်၌ လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် စီးပွားရေး အမြင်ရှိသူများက သစ်သားမီးခြစ်စက်များ တည်ဆောက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ၁၉၂၁ နှင့် ၁၉၂၂ ခုနှစ်များတွင် မီးခြစ်စက်ရုံနှစ်ရုံရှိလာပြီး၊ ၁၉၂၄ ခုနှစ်တွင် စက်ရုံနှစ်ရုံကို ထပ်မံတည်ဆောက်သဖြင့် လေးရုံအထိ ဖြစ်လာခဲ့သည်။ ၁၉၂၅ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိကာလအတွင်း ငါးရုံရှိပြီး ၁၉၂၉ မှ ၁၉၃၀ ပြည့်နှစ်အတွင်း နှစ်ရုံ၊ ၁၉၃၁ ခုနှစ်တွင် မီးခြစ်စက်ရုံ ခြောက်ရုံ ဖြစ်လာသည်။ နောက်ပိုင်း ၁၉၃၂ ခုနှစ်တွင် စက်ရုံ နှစ်ရုံက လုပ်ငန်းရပ်နားလိုက်သဖြင့် လေးရုံသာ လည်ပတ်တော့သည်။ ထိုသို့ အတိုးအလျော့ရှိခဲ့သဖြင့် ၁၉၃၆ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ကာလ အတွင်း မီးခြစ်စက်ရုံပေါင်း ငါး ရုံ လည်ပတ်လျက်ရှိခဲ့သည်။ ထင်ရှားသော မီးခြစ်စက်ရုံများမှာ အဒမ်ဂျီဟာဂျီဒါဝတ်စက်ရုံ၊ မြန်မာပြည် မီးခြစ် ကုမ္ပဏီ လီမိတက်၊ Eastern Match Factory၊ ကြည့်မြင်တိုင် မီးခြစ်ကုမ္ပဏီ၊ မူဆလင် မီးခြစ်စက်ရုံနှင့် ရန်ကုန်မီးခြစ်လုပ်ငန်းတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် သစ်သားမီးခြစ်စက်ကို တရုတ်အမျိုးသား မစ္စတာလင် ချင်ချောင်းက စတင်တည်ထောင်ခဲ့သည်ဟု ဆိုနိုင်သည်။ ကြည့်မြင်တိုင်ရှိ ဆွီဒင်မီးခြစ်ကုမ္ပဏီက သစ်သားမီးခြစ်များကို နိုင်ငံခြားမှ တင်သွင်းရောင်းချနေချိန်တွင် လင်ချင်ချောင်းသည် ရန်ကုန်တစ်ဖက်ကမ်းရှိ ကနောင်ရွာ၌ မီးခြစ်စက်တစ်ခုကို ၁၉၂၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည်။ သို့ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ရသဖြင့် နှစ်နှစ်ခန့်အကြာတွင် စက်ရုံကို ချစ်တီးထံ ပေါင်နှံခဲ့ရသည်။

ကြည့်မြင်တိုင်ရှိ သစ်သားမီးခြစ်ရောင်းချသော ဆွီဒင်မီးခြစ်ကုမ္ပဏီသည် ၁၉၂၅ ခုနှစ်က ကနောင်မီးခြစ်စက်နှင့် အစုရှယ်ယာများကိုဝယ်ယူပြီး ဆက်လက်လုပ်ကိုင်ခဲ့သည်။ လုပ်သားအမျိုးသား ၂၀၀ နှင့် အမျိုးသမီး ၁၀၀ တို့ဖြင့် ထိုစက်မှ တစ်ရက်လျှင် မီးခြစ်ကာတွန်း ၂၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ထို့နောက် ဆွီဒင်မီးခြစ်ကုမ္ပဏီသည် ၁၉၂၆ ခုနှစ်တွင် မန္တလေးမြို့ရှိ မစ္စတာဂျေဒဗလျူဒါဝတ်၏ မီးခြစ်စက်ကို ထပ်မံဝယ်ယူကာ ကျားမီးခြစ်ကုမ္ပဏီ အမည်ဖြင့် လည်ပတ်ထုတ်လုပ်ခဲ့ရာတွင် အောင်မြင်မှုမရှိသဖြင့် နှစ်နှစ်ခန့်အကြာတွင် စက်ရုံကိုပိတ်လိုက်ရသည်။

ကျားမီးခြစ်ကုမ္ပဏီပိုင်ရှင် ဆွီဒင်လူမျိုးများသည် ၁၉၂၉ ခုနှစ်တွင် အစုရှယ်ယာများကို အသစ်ထပ်မံ ခေါ်ယူ၍ ယခင်ပိတ်ထားခဲ့ရသော မီးခြစ်စက်ရုံကို ပြန်လည်ဖွင့်လှစ် လည်ပတ်ခဲ့သည်။ ရောဝတီမီးခြစ်ကုမ္ပဏီ အမည်ဖြင့် လုပ်သားအမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး ၇၅ ဦးတို့ဖြင့် သစ်သားမီးခြစ်များကို ထုတ်လုပ်ခဲ့ရာ တစ်ရက်လျှင် မီးခြစ်ကာတွန်း ၁၀၀ ထွက်ရှိခဲ့သည်။ တစ်ဖန် ၁၉၃၇ ခုနှစ်တွင် ကနောင်မီးခြစ်စက်ရုံနှင့် မန္တလေးရှိ မီးခြစ်စက်ရုံတို့ကို ပူးပေါင်း၍ မြန်မာပြည်မီးခြစ်ကုမ္ပဏီလီမိတက် အမည်သို့ ပြောင်းလဲခဲ့သည်။

ထိုကဲ့သို့ ကုမ္ပဏီအမည်သစ် ပြောင်းလိုက်ပြီးနောက် မတည်ရင်းနှီးငွေ ကျပ်သိန်း ၃၀ မြှုပ်နှံကာ စက်ရုံတွင် စက်ကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းနှင့် လုပ်သားများက ပိုမို ကျွမ်းကျင်လာခြင်းတို့ကြောင့် ကုန်ထုတ်စွမ်းအားက တိုးတက်လာခဲ့သည်။ ၁၉၄၀–၄၁ ခုနှစ်တွင် စက်အသီးသီး၏ တစ်ရက်တာ ထုတ်လုပ်မှုသည် ကာတွန်း ၃၀၀ မှ ၃၅၀ အထိ ရှိခဲ့သည်။ ၁၉၃၉ နှင့် ၁၉၄၀ ပြည့်နှစ်များအတွင်းက ထိုစက်ရုံမှ သစ်သားမီးခြစ်များကို အင်ဒိုနီးရှားနိုင်ငံသို့ တစ်နှစ်လျှင် ကာတွန်း ၁၀၀၀၀ တင်ပို့ရောင်းချခဲ့ရသည်။ ကျားတံဆိပ်၊ လှေတံဆိပ်၊ နတ်သမီးတံဆိပ်စသည့် တံဆိပ်များကိုသုံး၍ ထုတ်လုပ်ခဲ့ရာ "ဥတုသုံးပါးခံသည်"ဟူသော စာတန်းပါသည့် နတ်သမီးတံဆိပ်မီးခြစ်မှာ လူကြိုက်များ၍ ထင်ရှားခဲ့သည်။

သစ်သားမီးခြစ်လုပ်ငန်းသည် ကိုလိုနီခေတ်အတွင်းက သကြားလုပ်ငန်းကဲ့သို့ပင် အစိုးရက အကာအကွယ်ပေးထားသော Protected Industry ဖြစ်ခဲ့ပြီး လုပ်ငန်းတိုးတက်ခဲ့သည်။ ၁၉၂၀ ပြည့်လွန်နှစ်များသို့ ရောက်ရှိလာသောအခါ မီးခြစ်စက်ရုံများ တိုးပွားလာခဲ့ရာ၊ ထိုစက်ရုံများမှာ နိုင်ငံခြားသားပိုင်စက်ရုံများဖြစ်ကြပြီး အဒမ်ဂျီဟာဂျီ ဒါဝတ်၏ မီးခြစ်စက်ရုံက လူသိများ ထင်ရှားခဲ့သည်။

အဒမ်ဂျီဟာဂျီဒါဝတ်သည် မြန်မာနိုင်ငံတွင်နေထိုင်ကာ စီးပွားရှာနေသော အိန္ဒိယနိုင်ငံသား အရင်းရှင် တစ်ဦးဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်တွင် သစ်သားမီးခြစ်စက်ရုံကို တည်ထောင်ခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ပြီးစီး၍ ထိုနှစ်ဒီဇင်ဘာ ၂၃ ရက်က ထုတ်လုပ်မှုစတင်ခဲ့သည်။

အဒမ်ဂျီဟာဂျီဒါဝတ်အင် ကုမ္ပဏီလီမိတက်ကို အိန္ဒိယနိုင်ငံသား အစုရှယ်ယာရှင် ၁၂ ဦးတို့က မတည် ရင်းနှီးငွေကျပ် ၄၆.၄၄ သိန်းဖြင့် စတင် တည်ထောင်ခဲ့ပြီး မီးခြစ်စက်ရုံမှာ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း ပုသိမ်ညွန့်ရပ်ကွက်တွင် တည်ရှိခဲ့သည်။ ၁၉၂၉ ခုနှစ် ဇွန်လ ၂၃ ရက်က စက်ရုံ၌ မီးလောင်မှုအကြီးအကျယ် ဖြစ်ပွားခဲ့သဖြင့် ငွေကျပ် ၁၂ သိန်းဖိုးခန့် အကုန်အကျခံကာ ပြင်ဆင်ခြင်းနှင့် အသစ်ဝယ်ယူ တပ်ဆင်ခြင်းများပြုလုပ်ခဲ့ပြီး ၁၉၂၉ ခုနှစ် စက်တင်ဘာလတွင် ပြန်လည်စတင် ထုတ်လုပ်နိုင်ခဲ့သည်။ ထိုစက်ရုံမှ Adamjee's Tiger တံဆိပ်၊ Sailors Safety Matches တံဆိပ်၊ နွားခေါင်းတံဆိပ်နှင့် တယောတံဆိပ်မီးခြစ်များကို ထုတ်လုပ်ခဲ့သည်။

မီးခြစ်သည် တောရောမြို့ပါ အိမ်တိုင်းသုံး နေ့စဉ်သုံးပစ္စည်းတစ်ခုဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက ဓာတ်မီးခြစ်စသည်တို့မှာ ခေတ်မစားသေးပေ။ ယစ်မျိုးအက်ဥပဒေအရ ပြည်တွင်း၌ လုပ်ကိုင်ခွင့်မရနိုင်သည့်အပြင် နိုင်ငံခြားမှ တင်သွင်းခြင်းကလည်း နည်းပါးလှသည်။ ဓာတ်မီးခြစ်မှာ နိုင်ငံခြားသား သူဌေးသူကြွယ်များ၊ အစိုးရ ထိပ်တန်းအရာရှိကြီးများ၏ ပကာသန အသုံးအဆောင်မျှသာလျှင် ဖြစ်သောကြောင့် သစ်သားမီးခြစ်များက ပြည်တွင်းသုံးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် အကောက်ခွန် ဝင်ငွေကောင်းစေသော လုပ်ငန်းဖြစ်သလို အစိုးရက အကာအကွယ်ပေးထားသော စက်မှုလုပ်ငန်းလည်း ဖြစ်သည်။

အရေးပါသော သုံးကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ဆပ်ပြာကို ကိုလိုနီခေတ်က နိုင်ငံခြားတိုင်းပြည်များမှ တင်သွင်းခဲ့ရသည်။ ဆပ်ပြာချက်လုပ်သည့် စက်ရုံတစ်ရုံကို ၁၉၁၁ ခုနှစ်ခန့်က စူရတီမူဆလင်လူမျိုး မစ္စတာအီး၊ စီ၊ မဒါးနှင့် မစ္စတာအက်စ်မဒါး ညီအစ်ကိုနှစ်ဦးတို့ပေါင်းစပ်ကာ အီးစီမဒါး ဘရားသား ကုမ္ပဏီ အမည်ဖြင့် တည်ထောင်ခဲ့သည်။ မတည်ရင်းနှီးငွေမှာ ကျပ် ၃၀ ဒသမ ၃၆ သိန်းဖြစ်ပြီး ရန်ကုန်မြို့ အင်းစိန်လမ်းမပေါ်ရှိ ဆပ်ပြာစက်ရုံအမှတ် (၂) တည်ရှိသောနေရာတွင် တည်ထောင်ခဲ့သည်။ ထီးစက်နှင့်ဆပ်ပြာစက် နှစ်မျိုးစလုံးကို ၁၉၁၁ ခုနှစ်က တစ်ပြိုင်တည်း တည်ထောင်ခဲ့ရာ ၁၉၁၁ ခုနှစ်တွင် တည်ထောင်ပြီးစီး လည်ပတ်ခဲ့သည်။ ထိုစဉ်က ထုတ်လုပ်သောဆပ်ပြာမှာ ရွှေဒင်္ဂါးတံဆိပ် အဝတ်လျှော်ဆပ်ပြာတောင့်၊ ဘဲတံဆိပ်နှင့်ဆင်ချေးတုံး အဝတ်လျှော်ဆပ်ပြာခဲများ ဖြစ်ကြသည်။ စတင်တည်ထောင်စက ထုတ်လုပ်မှုနည်းစဉ်မှာ လက်မှုတစ်ဝက်၊ စက်မှုတစ်ပိုင်းလုပ်ရသည့် နည်းစဉ်မျိုးဖြစ်ပြီး လက်မှုအပိုင်းက ပိုများခဲ့သည်။ ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် ဆပ်ပြာထုတ်လုပ်ရေးအပိုင်း၌ အီးစီမဒါး၏စက်သည် ပထမဦးဆုံး တည်ထောင်သောစက်နှင့် အောင်မြင်ထင်ရှားမှု အရှိဆုံးစက်ဖြစ်သည်။ ၁၉၃၂ ခုနှစ်အထိ ထိုကုမ္ပဏီတစ်ခုတည်းက အများဆုံးထုတ်လုပ်ခဲ့သည်။

ဒုတိယမြောက်ဆပ်ပြာစက်မှာ မန္တလေးမြို့အရှေ့မြောက် လမ်း ၈၀ တွင် ၁၉၂၁ ခုနှစ်ကတည်ထောင်ခဲ့သော ရတနာပုံဆပ်ပြာစက်ရုံ ဖြစ်သည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်ခန့်တွင် ဆပ်ပြာလုပ်ငန်းလုပ်ကိုင်သူ နောက်ထပ်တစ်ဦး ပေါ်လာခဲ့သည်။ ၁၉၃၃ ခုနှစ်ခန့်မှစတင်၍ အထက်မြန်မာနိုင်ငံ မြင်းခြံမြို့၌ ဆရာကြီးဦးပစ်ဟုက ကိုယ်တိုင်အုပ်ချုပ်ကာ ရွှေထီးဆပ်ပြာစက်ကို တည်ထောင်ခဲ့သည်။ ၁၉၃၆ မှ ၁၉၃၉ ခုနှစ်အတွင်း ဆရာကြီးဦးပစ်ဟု၏ အမျိုးအနွယ်များက ဆပ်ပြာလုပ်ငန်းကို ရန်ကုန်၌ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ အမှတ် ၂၁၊ ပတ်လမ်း၊ ကုက္ကိုင်းတွင် ၁၉၃၀ ပြည့်နှစ်က တရုတ်လူမျိုးပိုင် ဘိန်ဂုံဆပ်ပြာစက်ရုံဟူ၍ ပေါ်ထွက်ခဲ့သေးသည်။ ဆပ်ပြာစက်များ၏ ပမာဏက မကြီးမားသည့်အပြင် ကိုလိုနီတစ်ခေတ်လုံးတွင် စုစုပေါင်း သုံးစက်ထက် မပိုခဲ့ပေ။

ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းတိုင်းလိုလို၌ ပါဝင်ပတ်သက်လျက်ရှိသော စတီးဘရားသား ကုမ္ပဏီကလည်း မြင်းခြံတွင် ဝါစေ့ဆီကြိတ်စက်များ တည်ထောင်ရာမှ ဘေးထွက်ပစ္စည်းများဖြင့် ဆပ်ပြာချက်လုပ်ခဲ့သည်။ အဝတ်လျှော် ဆပ်ပြာခဲအညိုများအပြင် ဆန်းလိုက် (Sun Light)၊ Life Buoy ဆပ်ပြာများနှင့် အလားတူ သော ဆပ်ပြာအကောင်းစားများကိုလည်း ထုတ်လုပ်ခဲ့ရာ စတီးဘရားသားဆပ်ပြာစက်မှ တစ်နှစ်လျှင် ဆပ်ပြာ အမျိုးမျိုး တန် ၁၀၀၀ ခန့် ထွက်ရှိခဲ့သည်။

အီးစီမဒါး ဘရားသားလီမိတက်သည် ၁၉၁၁ ခုနှစ်တွင် ဆပ်ပြာစက်ကို တည်ထောင်စဉ်က ထိုမတည်ရင်းနှီးငွေဖြင့်ပင် ထီးစက်တစ်ခုကိုပါ ပူးတွဲတည်ထောင်ခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် စက်စတင်လည်ပတ်ပြီး ဘဲတံဆိပ်အနက်ရောင်ဖဲထီးများကို ထုတ်လုပ်ခဲ့သည်။ ထီးစက်လုပ်ငန်းသည်လည်း ဆပ်ပြာစက်ရုံကဲ့သို့ပင် လက်မှုတစ်ဝက်၊ စက်မှုတစ်ပိုင်းလုပ်ငန်း ဖြစ်သည်။ ၁၉၃၄–၃၅ ခုနှစ်တွင် ဇာမဏီတံဆိပ်ပါ တရုတ်စက်ဟောင်းတစ်ခုကို တံဆိပ်အမှတ်အသားနှင့်တကွ လေလံဆွဲဝယ်ယူပြီး တံဆိပ်အမျိုးမျိုးဖြင့် မိန်းမဆောင်းနှင့် ယောကျ်ားဆောင်း ဖဲထီးများကို ထုတ်လုပ်ခဲ့သည်။ ဘဲတံဆိပ်၊ ဘဲဥတံဆိပ်၊ ဇာမဏီတံဆိပ်၊ ရွှေဒင်္ဂါးတံဆိပ်စသည်ဖြင့် ဖဲထီးအမျိုးမျိုး ထွက်ရှိခဲ့သည်။ ကိုလိုနီခေတ်တွင် အီးစီမဒါးသည် ဆပ်ပြာနှင့်ဖဲထီးလုပ်ငန်းတွင် အထင်ရှားဆုံးနှင့် အအောင်မြင်ဆုံးသော ကုမ္ပဏီ ဖြစ်ခဲ့သည်။

ကိုလိုနီခေတ်တွင် ကြွေထည်နှင့်ဖန်ထည် ပန်းကန်ခွက်ယောက်များမှာ မြို့ကြီးမြို့ငယ်များ၌ အိမ်တိုင်းစေ့ အသုံးပြုကြသော နေ့စဉ်သုံးပစ္စည်း ဖြစ်လာခဲ့သည်။ ကွဲလွယ်ပျက်စီးလွယ်သော ပစ္စည်းဖြစ်သောကြောင့် မကြာခဏ အစားထိုးကြရသည်။ ထို့ကြောင့်ပင် ကြွေထည်၊ ဖန်ထည် ပန်းကန်ခွက်ယောက်များကို အရင်းရှင်ကုန်သည်ကြီးများနှင့် ကုမ္ပဏီများက ပြည်ပမှ အများအပြားတင်သွင်းကာ ရောင်းချခဲ့ကြသည်။ ထိုစဉ်က တူးဖော်ရေးအရင်းရှင်များ အနေဖြင့် လွယ်ကူစွာဖြင့် အကျိုးအမြတ်ရရှိနိုင်ပြီး ပြည်ပသို့ အများအပြား တင်ပို့ရောင်းချနိုင်သော ဓာတ်သတ္တုများကိုသာ တူးဖော်ခဲ့ကြသည်။ စက်မှုကုန်ကြမ်း ဓာတ်သတ္တုများကိုမူ ရှာဖွေထုတ်လုပ်ခြင်းက အတော်ပင်နည်းပါးခဲ့သည်။ ပန်းကန်စက် တည်ထောင်ရန်ကိုလည်း စိတ်ဝင်စားမှု မပြခဲ့ကြပေ။ အရင်းအနှီးများပြီး လုပ်ငန်းခက်ခဲမည်ဟု မြင်သောကြောင့် အကျိုးအမြတ်ရလွယ်သော တင်သွင်းရောင်းချမှုကိုသာ အပြိုင်အဆိုင် လုပ်ကိုင်ခဲ့ကြသည်။ ထိုကြောင့်ပင် နိုင်ငံခြားသားအရင်းရှင်ပိုင် ပန်းကန်စက်ဟူ၍ လုံးဝမရှိခဲ့ပေ။

သို့ရာတွင် မြန်မာအမျိုးသားတစ်ဦးက စွန့်စွန့်စားစား တည်ထောင် လုပ်ကိုင်သော ပန်းကန်စက်တစ်ခုကမူ ပေါ်ထွန်းခဲ့သည်။ ထိုကဲ့သို့ စွန့်စားပြီး တည်ထောင်သော စက်မှုလုပ်ငန်းမှာ နိုင်ငံခြားသားများကပင် တည်ထောင်မှု မရှိကြသော စက်မှုလုပ်ငန်းတစ်ခု ဖြစ်နေခြင်းက ပို၍ပင် စိတ်ဝင်စားဖွယ်ကောင်းနေခဲ့သည်။ ထိုစက်ရုံမှာ မြန်မာလူမျိုး ဦးသော် တည်ထောင်သော ပန်းကန်စက်ရုံဖြစ်ပြီး ဦးသော်၏ပန်းကန်စက်ရုံမှာ ကိုလိုနီခေတ်တွင် Burma Pottery Works အမည်ဖြင့် ထင်ရှားခဲ့သည့် တစ်ခုတည်းသော ပန်းကန်စက်ရုံ ဖြစ်သည်။ ။

**"မြန်မာနိုင်ငံတွင် သစ်သားမီးခြစ်စက်ကို တရုတ်အမျိုးသား မစ္စတာလင် ချင်ချောင်းက စတင်တည်ထောင်ခဲ့သည်ဟု ဆိုနိုင်သည်။ ကြည့်မြင်တိုင်ရှိ ဆွီဒင်မီးခြစ်ကုမ္ပဏီက သစ်သားမီးခြစ်များကို နိုင်ငံခြားမှ တင်သွင်းရောင်းချနေချိန်တွင် လင်ချင်ချောင်းသည် ရန်ကုန်တစ်ဖက်ကမ်းရှိ ကနောင်ရွာ၌ မီးခြစ်စက်တစ်ခုကို ၁၉၂၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည်။ သို့ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ရသဖြင့် နှစ်နှစ်ခန့်အကြာတွင် စက်ရုံကို ချစ်တီးထံ ပေါင်နှံခဲ့ရသည်"**

# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောင်းဖြူကျေးရွာ ပတ်ဝန်းကျင်မှရရှိသော ရှေးဟောင်းရွှေထည်ပစ္စည်းများအတွက် ထိုက်တန်စွာ ဆုကြေးချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောင်းဖြူကျေးရွာနေ ဦးကျော်မိုးသည် ဒီဇင်ဘာ ၉ ရက်က ကျောင်းဖြူကျေးရွာ၏ အနောက်ဘက်ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းအတွင်း ရေခပ်ရန် သွားရောက်စဉ် ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျထားသည့် နေရာတွင် ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် အလေးချိန် တစ်ကျပ်သားခန့်ရှိ ရွှေထည်ပစ္စည်းတစ်ခုကို တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းဝေနှင့် ကျေးရွာသားအချို့အား ပြောပြကာ အဆိုပါနေရာသို့ ထပ်မံသွားရောက်၍ ရှာဖွေခဲ့ရာတွင် ချောင်းကမ်းစပ်ရှိရေထဲမှ အလေးချိန် ငါးမူးသားကျော်ခန့်ရှိ ရွှေထည်ပစ္စည်း သုံးခု ထပ်မံတွေ့ရှိခဲ့သည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ရှေးဟောင်း ရွှေထည်ပစ္စည်းများ တွေ့ရှိရာနေရာသို့ မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန စစ်ကိုင်းဌာနခွဲမှ အရာထမ်း၊ အမှုထမ်းများ ပါဝင်သည့် ကွင်းဆင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံအချို့အား တွေ့ဆုံ၍ ကြည့်ရှုစစ်ဆေးခဲ့ရာ



ရှေးဟောင်းပစ္စည်းများအား တရားမဝင် ရောင်းချခြင်းမပြုဘဲ နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာ ဆုချီးမြှင့်ကြောင်းနှင့် မိမိတို့ဒေသ၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံများက ဒီဇင်ဘာ ၉ ရက်က တွေ့ရှိရသော ရှေးဟောင်းရွှေထည်ပစ္စည်းများ အပါအဝင် ရွှေထည်ပစ္စည်းခြောက်ခုနှင့် ကြေးဟင်္သာအလေးတစ်ခုတို့ကိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီသို့ အပ်နှံခဲ့ရာ တာဝန်ရှိသူများက အဆိုပါ ရှေးဟောင်း ရွှေထည်ပစ္စည်းများကို ဒီဇင်ဘာ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးပို့အပ်နှံခဲ့ရာ ဝန်ကြီးချုပ်က ပစ္စည်းတွေ့ရှိသူ ဒေသခံများအတွက် ကြိုတင်ဆုကြေးငွေကျပ် ၅၁ သိန်း ချီးမြှင့်ပေးခဲ့သည်။ **(အပေါ်ပုံ)** ဝန်ကြီးချုပ်က တစ်ဆင့် အဆိုပါပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ ဦးစီးဌာနရှိ ပညာရှင်အဖွဲ့က ပစ္စည်းအမျိုးအစားနှင့် ခေတ်ကာလ သတ်မှတ်ချက်တို့ကို စစ်ဆေးပေးမည် ဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ပေးပို့၍ အရည်အသွေးနှင့် အလေးချိန်တို့ကို စစ်ဆေးမည်ဖြစ်ကာ မူလရွှေထည်တန်ဖိုးအပြင် ခေတ်ကာလတန်ဖိုးနှင့် အနုစိတ်လက်ရာတို့ကို ဖြည့်စွက်ပေါင်းထည့်၍ ထိုက်တန်စွာ ဆုချီးမြှင့်နိုင်ရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

**ထွန်းကိုကို(ပြန်/ဆက်)**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၆**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ၊ ဝတ္ထုရှည်တတိယဆု ရရှိသည့် စာရေးဆရာ မောင်နေခြည် (ပြည်)၏ "ပွင့်သောပန်းတို့ အလန်းဆုံးဝေ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ထင်လင်းအမည်ရှိ လူငယ်လေးတစ်ဦးသည် ငယ်စဉ်က စာညံ့သူတစ်ယောက် မဟုတ်ခဲ့သော်လည်း အပေါင်းအသင်းမှားမိသဖြင့် ကျောင်းသားဆိုး စာရင်းဝင်သွားပြီး စာမေးပွဲကျရာမှ မိဘများ၏ စီးပွားရေးမပြေလည်မှုကြောင့် ကျောင်းဆက်မနေရတော့ဘဲ အုတ်ဖိုလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ရသည်။ ထို့နောက် ဖိုထောင်တစ်ဦးနှင့် ပညာရေးမှူးတစ်ဦးတို့၏ ကူညီစောင်မမှုဖြင့် စက်မှုအထက်တန်းကျောင်း တက်ခွင့်ရပြီး ရည်မှန်းချက် အပျက်မခံဘဲ ကြိုးစားခဲ့သဖြင့် သူ၏ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားပုံကို ပညာပေးရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေးငွေကျပ် ၁၄၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း- ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါ က အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးဆီလုပ်ငန်းများ တိုးတက်လာစေရန် လိုအပ်သည့်အခန်းကဏ္ဍများ ပံ့ပိုးကူညီပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ထုတ်လုပ်မှုအားနည်းနေသည့် ပြည်တွင်းစားသုံးဆီလုပ်ငန်းများ တိုးတက်လာစေရန် လိုအပ်သည့် အခန်းကဏ္ဍများ၌ ပံ့ပိုးကူညီပေးမည်ဟု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်မှု တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ အသင်းအဖွဲ့အသီးသီးကို နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သော အခန်းကဏ္ဍများ၌ ပါဝင်ပူးပေါင်းကူညီပေးသွားမည်ဟု ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်တွင်း ဆီစားသုံးမှုပမာဏမှာ တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းခန့်ရှိပြီး ပြည်တွင်း ဆီထုတ်လုပ်မှုပမာဏမှာ တန်ချိန်လေးသိန်းခန့်သာရှိသည်။

သို့ဖြစ်၍ ပြည်တွင်းဆီ စားသုံးမှု ဖူလုံစေရန် နှစ်စဉ် စားသုံးဆီတန်ချိန်ခြောက်သိန်းမှ ခုနစ်သိန်းကြားကို မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းနေရခြင်း ဖြစ်သည်။

"ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အတွက် တင်သွင်းနေတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ နိုင်ငံခြားငွေ သုံးစွဲမှုပိုနေတာကို တွေ့ရပါတယ်။ ဒီလိုတင်သွင်းတာတွေကို လျှော့ချနိုင်ဖို့အတွက် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ နိုင်ငံ့အကြီးအကဲတွေ လမ်းညွှန်သွားသလို Supply Chain (ထုတ်လုပ်မှုကွင်းဆက်) တစ်ခုလုံး စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူမှသည် စားသုံးကုန်ထုတ်လုပ်တဲ့လုပ်ငန်းတွေ အားလုံးအထိကို ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုး ထုတ်လုပ်တဲ့ တောင်သူက မျိုးကောင်းမျိုးသန့်တွေကို ဘယ်လိုမျိုးရွေးချယ် စိုက်ပျိုးမလဲ။ ဒီထက်အထွက်နှုန်းကောင်းအောင် ဘယ်လိုစိုက်ပျိုးမလဲ။ တောင်သူတွေဆီက ထွက်ရှိလာတဲ့သီးနှံတွေကို သန့်စင်အောင် ဘယ်လိုကြိတ်ခွဲမလဲ။ အဲဒီကြိတ်ခွဲထားတာတွေကို စားသုံးသူတွေ ကျန်းမာရေးနဲ့ညီညွတ်အောင် ဘယ်လိုထုတ်လုပ်မလဲဆိုတဲ့ Supply Chain တစ်ခုလုံးကို အောင်မြင်အောင် ကျွန်တော်တို့အသင်းအနေနဲ့ ဆက်လက်ပြီးတော့ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောသည်။ ကိုဗစ်- ၁၉ ဒုတိယအကျော့ကာလအတွင်း၌ စားသုံးဆီဈေးနှုန်းများ မတည်ငြိမ်မှု မဖြစ်ပေါ်စေရန် အရန်ဆီတန်ချိန် ၁၂၀၀၀ ကျော် ဝယ်ယူထားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး အသီးသီးရှိ ဆီလှောင်ကန်များတွင် ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**



# ကသာတွင် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ကသာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း Type- 1 အုပ်စုဝင်ကျေးရွာဖြစ်သည့် လမ်းခွအုပ်စုလမ်းခွကျေးရွာတွင် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၀)ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကြက်လည်လိမ်ရောဂါကာကွယ်ရန်အတွက် ကြက်မျက်စဉ်းခတ်နည်း၊ ကျွဲနွားများအား ထောင့်သန်းရောဂါနှင့် လည်ချောင်းကွဲရောဂါ ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးနည်းများအား လက်တွေ့သင်ကြားပြသပေးခဲ့ ကြောင်း၊ သင်တန်းကာလမှာ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# လွိုင်ကော်မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ရှားပါးတောရိုင်းတိရစ္ဆာန် ဝံကြောင်တစ်ကောင် ထိန်းသိမ်းထား

**လွိုင်ကော် ဒီဇင်ဘာ ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကန္တာရဝတီတံတားအနီးလမ်းမပေါ်၌ တောရိုင်းတိရစ္ဆာန်ဝံကြောင်တစ်ကောင်ကို ဒီဇင်ဘာ ၁၃ ရက်က တွေ့ရှိခဲ့ပြီး လမ်းသွားလမ်းလာပြည်သူများအား ရန်မူသဖြင့် မြို့ဒေသခံများနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့က ဝိုင်းဝန်းဖမ်းဆီးကာ လွိုင်ကော်မြို့နယ် မီးသတ်ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည်။ **(ယာပုံ)**



အဆိုပါ ဖမ်းဆီးရမိသည့် ရှားပါးဝံကြောင်သည် အမဝံကြောင်တစ်ကောင်ဖြစ်ပြီး ပြည်သူများအား ရန်မူသောကြောင့် မြို့ဒေသခံများက ရိုက်နှက်ဖမ်းဆီးခဲ့ရာ မျက်လုံးတစ်ဖက်တွင် ဒဏ်ရာအနည်းငယ်ရရှိထားသဖြင့် မီးသတ်ဦးစီးဌာန၌ ထိန်းသိမ်းထားရှိကာ ဆေးကုသပေးလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ သစ်တောဦးစီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တိရစ္ဆာန်များထဲတွင် ဝံကြောင်အမျိုးအစားပါဝင်ကြောင်း ၂၀၂၀ ပြည့်နှစ် မတ် ၄ ရက်တွင် ထုတ်ပြန်ထားသည့် အမိန့်ကြေညာစာအရသိရှိရပြီး ရှားပါးတောရိုင်းတိရစ္ဆာန် ဝံကြောင်များကို အရှေ့တောင်အာရှနိုင်ငံများ၊ ဘင်္ဂလားဒေ့ရှ်၊တရုတ်၊ နီပေါ၊ အိန္ဒိယနိုင်ငံရှိ ရွက်အုပ် ပိတ်တောများတွင် မြင်တွေ့ရလေ့ရှိကြောင်း သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

# အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ပြန်လည်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားခဲ့ပြီး ကိုဗစ်- ၁၉ရောဂါကြောင့် ရက်ရွှေ့ဆိုင်းခဲ့သည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၁-၁-၂၀၂၁ နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသော ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ အမှုဆောင်အဖွဲ့က ပြုလုပ်မည်ဖြစ်သည်။

ကန်တော့မည့်အရေအတွက်မှာ ၂၂-၃-၂၀၂၀ ရက်နေ့ ကန်တော့ခံကြွရောက်ပါရန် ဖိတ်ကြားထားသည့်စာရင်းအတိုင်း သက်ကြီးဆရာသမား ၁၇ ဦးနှင့် သက်ကြီးအသင်းသား ၄၀ ဖြစ်သည်။ ကန်တော့ငွေများကို ဆရာသမားများထံ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမည်ဖြစ်ပြီး သက်ကြီးအသင်းသားကန်တော့ငွေများကို (၁/ ၂၀၂၁) ပင်စင်လစာထုတ်သည့်နေ့တွင်ဖြစ်စေ၊ wave money ဖြင့်ဖြစ်စေ လွှဲပေးရန် စီစဉ်ထားရှိထားသည်။

အသင်းသားများ၏ နှစ်စဉ်ကြေးများကိုလည်း ပေးသွင်းကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများနှင့် ဆက်သွယ်မေးမြန်းလိုသူများသည် အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း ၀၉၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း- ၀၉ ၄၄၀၃၇၇၆၃၆ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုဇော်**

# ပုဏ္ဏားကျွန်းမြို့၌ (၄၆) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းအမှိုက်ကောက်

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၁၆** - ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် (၄၆) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုဗစ် -၁၉ ကာလညွှန်ကြားချက်နှင့်အညီ ရခိုင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးသန်းမြင့် ဦးဆောင်ပြီး ရုံးဝန်ထမ်းများ၊ ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များအသင်း (P.D.Y.O) တို့နှင့် ပူးပေါင်းကာ ယမန်နေ့က ပုဏ္ဏားကျွန်းမြို့၏ ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သည့် ဦးရာဇ်တော်ဘုရားရင်ပြင်၊ ကြိုးတံတားအနီးနှင့် ဂူဝဘုရားရင်ပြင်နေရာများတွင် စုပေါင်းအမှိုက်ကောက်ကြပြီး ဦးရာဇ်တော်ဘုရားဂေါပကအဖွဲ့ထံသို့ အမှိုက်ပုံးများ လှူဒါန်းပေးကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

# လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း ရန်ကုန်မြို့နေပြည်သူများအတွက် နေ့စဉ် ရေဂါလန် သန်း ၄၀ ပေးဝေမည်



**ရန်ကုန် ဒီဇင်ဘာ ၁၆**
လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် သာကေတ၊ ဒေါပုံမြို့နယ်များသို့ ရေပေးဝေမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မြန်မာ၊ ဂျပန် နှစ်နိုင်ငံအစိုးရတို့မှ Exchange of Note နှင့် Loan Agreement များကို လက်မှတ်ရေးထိုးခဲ့သည်။ ချေးငွေပမာဏသည် ဂျပန်ယန်း ၂၃ ဒသမ ၆၈၃ ဘီလီယံဖြစ်ပြီး အတိုးနှုန်းမှာ ဝ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေပြန်ဆပ်ရမည့်ကာလမှာ နှစ် ၄၀ ဖြစ်သည်။

အဆိုပါ စီမံကိန်းအတွက် မြေပြင်ကွင်းဆင်းတိုင်းတာခြင်း၊ အသေးစိတ်ဒီဇိုင်းများ တွက်ချက်ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ပြီး တင်ဒါခေါ်ယူ၍ လုပ်ငန်းဆောင်ရွက်မည့် ကန်ထရိုက်တာများကို JICA Guideline နှင့်အညီ အဆင့်ဆင့် စိစစ်ရွေးချယ်စာချုပ်ချုပ်ဆိုခြင်းများကို နှစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည်။ ကန်ထရိုက်တာလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးမည်ဟု ခန့်မှန်းထားသည်။

လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းသည် နေ့စဉ် ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်ရာ ရေပေးဝေရေးဇုန် (၇)ဖြစ်သည့် ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ နေ့စဉ် ရေဂါလန် ၁၃ သန်း ၊ ဇုန် (၈)ဖြစ်သည့် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်သို့ နေ့စဉ် ရေဂါလန် ၁၄ သန်း၊ ဇုန် (၂) ဖြစ်သည့် သာကေတနှင့် ဒေါပုံသို့ နေ့စဉ် ရေဂါလန် သုံးသန်း၊ သီလဝါ အထူးစီးပွားရေးဇုန်သို့ ရေဂါလန် ၁၀ သန်း ပေးဝေသွားမည်ဖြစ်သည်။

ဇုန်အလိုက် ရေပေးဝေရေးစနစ်တွင် ရေဖြန့်ဖြူးပေးဝေရေး ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်သွားမည်ဖြစ်ပြီး ရေလှောင်ကန်များမှ ဇုန်အလိုက် ရေဖြန့်ဖြူးပေးဝေသွားမည်ဖြစ်သည်။ ဇုန်အတွင်းရှိ ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက်များကို ရေဖိအားညီမျှစွာ ပေးဝေနိုင်ရန်အတွက် Supervisory Control and Data Acquisition System ကို အသုံးပြုသွားမည်ဖြစ်သည်။

Service Reservoir နှင့် Pumpinng Station များကို ရေပေးဝေရေးဇုန် (၇)အတွက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ၁၃၁ ရပ်ကွက်တွင် တည်ဆောက်ထားသည်။ ရေဂါလန် ၄ ဒသမ ၆ သန်းဆံ့ပြီး တစ်နာရီလျှင် ရေဂါလန် ခုနစ်သိန်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ဇုန် (၈)အတွက် ဒဂုံမြို့သစ် (ဆိပ်ကမ်း ) မြို့နယ် ၆၉ ရပ်ကွက်တွင် တည်ဆောက်ထားသည်။ ရေဂါလန်ခြောက်သန်းဆံ့ပြီး တစ်နာရီလျှင်ရေဂါလန် ၁၁ သိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွက် တစ်နာရီလျှင်ရေဂါလန် ၃ ဒသမ ၈ သိန်း ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ရေတွန်းစက်များ လည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အားခွဲရုံများကို တည်ဆောက်ထားပြီးဖြစ်သည်။ YRSC မှ လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်၍ ရေတွန်းစက်များ စမ်းသပ်လည်ပတ်နိုင်မည်ဖြစ်သည်။

စီမံကိန်းတွင် ပါဝင်သည့် ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပြီး ယခုအခါ စမ်းသပ်လည်ပတ်နေပြီဖြစ်သည်။ အဆိုပါ ရေသန့်စင်စက်ရုံသည် အမှတ် ၂ လမ်းမကြီးနှင့် အမှတ် ၇ လမ်းမကြီးတို့၏ လမ်းဆုံအနီးတွင် တည်ရှိသည်။ ရေပိုက်လိုင်းအရှည်မှာ ၂၇ ဒသမ ၄ မိုင် ၊ ရေဖြန့်ဝေပိုက်လိုင်းအရှည်မှာ ၁၇၉ ဒသမ ၆ မိုင်ရှိသည်။ ရေပို့ပိုက်လိုင်းများ တည်ဆောက်ပြီးဖြစ်သည်။ ရေဖြန့်ဝေပိုက်လိုင်းနှင့် ရေဖြန့်ဖြူးပေးဝေရေး ပိုက်လိုင်းကွန်ရက် ၅၆ ခုတို့မှာ တည်ဆောက်ဆဲဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သို့ ရေပေးပို့မည့် ပဲခူးမြစ်အောက်ဖြတ်ရေပို့ပိုက်လိုင်း ဆက်သွယ်သောလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။ ရေပေးဝေရေးစီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ပြီးစီးသည့် ရေဖြန့်ဝေပေးနိုင်မည့်နေရာများကို စမ်းသပ်ပေးဝေလျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းတစ်ခုလုံး ပြီးစီးမည်ဖြစ်သည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ လဂွန်းပြင်ဆည်ရေကို ရယူသန့်စင်သည့်အတွက် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို JICA ODA LOAN ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ချေးငွေများပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သို့ နေ့စဉ် ရေဂါလန် ၁၀ သန်း ရောင်းချရငွေနှင့် ရေသုံးစွဲသူပြည်သူများထံမှ ရရှိမည့်ရေဖိုးရေခများဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်သည်။ **အောင်သူရ၊ ဓာတ်ပုံ – YCDC**

# ဟံသာဝတီအသင်း ကစားသမားသစ် စတင်ခေါ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၁၆**
မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီ ယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် ကစားသမားသစ် စတင်ခေါ်ယူခဲ့ပြီး လက်ရွေးစင်ဟောင်း ဂိုးသမား ပြည့်ဖြိုးအောင်ကို ခေါ်ယူလိုက်ပြီဖြစ်သည်။

ဟံသာဝတီအသင်းသည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သဖြင့် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများ အောင်မြင်မှုရရန်အပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ကစားသမားသစ်များ အင်အားဖြည့်တင်းနေခြင်း ဖြစ်သည်။ ဟံသာဝတီအသင်းသည် Southern အသင်းနှင့် လမ်းခွဲထားသည့် ဂိုးသမား ပြည့်ဖြိုးအောင်ကို ခေါ်ယူရန် သဘောတူညီမှုရခဲ့ပြီး ရက်ပိုင်းအတွင်း သုံးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် လက်ရွေးစင်အဆင့် ကစားသမားများ ခေါ်ယူအားဖြည့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြည့်ဖြိုးအောင်ကို စတင်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကာ ခံစစ်နှင့် ကွင်းလယ်ကစားသမားများ ထပ်မံအားဖြည့်သွားမည်ဖြစ်သည်။

ဟံသာဝတီအသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းက ဝါရင့်နည်းပြ ဦးဉာဏ်ဝင်းကို နည်းစနစ်အကြံပေးအဖြစ် ခန့်အပ်ပြီးနောက် ကစားသမားသစ်များ ခေါ်ယူအားဖြည့်နေခြင်း ဖြစ်သည်။

**ညီမြတ်သော်တာ**

◆*ကျောဖုံးမှ*

ရန်ကုန်၊ မြိတ်၊ စစ်တွေ၊ တာချီလိတ်၊ လွိုင်ကော်၊ ဟဲဟိုး၊ ကျိုင်းတုံမြို့များသို့ ပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက "အခုအချိန်က ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းနဲ့ ထိန်းထိန်းသိမ်းသိမ်း သွားလာကြရင်တော့ အန္တရာယ်ကင်းမယ်လို့ မြင်မိပါတယ်။ လေယာဉ်လက်မှတ်ကလည်း QR Code နဲ့ တုံကင်နံပါတ်ပေးပြီး ရောင်းပေးတာဆိုတော့ အဆင်ပြေပါတယ်" ဟု ပြောသည်။

ပြည်တွင်းလေကြောင်းဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များအနေဖြင့် ကျန်းမာရေးဆိုင်ရာ ကြေညာချက်စာရွက်ကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများထံ မပျက်မကွက် ပေးအပ်ရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်တွင်းလေကြောင်းခရီးစဉ်အလိုက် ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဓာတ်ခွဲစစ်ဆေးရမည့် နေရာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးထားကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး၌ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ တိုးရစ်ဘားမားအဆောက်အအုံနှင့် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ဒေသန္တရကျန်းမာရေးဌာနတို့တွင် စစ်ဆေးနိုင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရပ်တန့်ထားသည့် ပြည်တွင်းလေကြောင်းလိုင်းများကို ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ပြန်လည်ပြေးဆွဲခွင့်ပြုခြင်းဖြင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပြန်လည်အားကောင်းလာပြီး မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် လေယာဉ်စီးခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များကို ဒီဇင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

❂ *ကျောဖုံးမှ*

ရှုံးပွဲမကြာခဏ ကြုံတွေ့နေရသည့် အသင်းဖြစ်သည်။ ဗီလာအသင်းသည် ဝုဖ်အသင်းနှင့် ပွဲစဉ်မတိုင်မီ ဝက်စ်ဟမ်း၊ ဘရိုက်တန်၊ အာဆင်နယ်၊ ဆောက်သမ်တန်၊ လိဒ်စ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အာဆင်နယ်အသင်းကိုသာလျှင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကျန်လေးပွဲစလုံး ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ လက်ရှိတွင် ဘန်လေအသင်းက တန်းဆင်းဇုန်အထက်နားတွင် ရမှတ်ကိုးမှတ်ဖြင့် ရပ်တည်နေသည့်အတွက် ယခု ဗီလာအသင်းနှင့် ပွဲစဉ်ကို နိုင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ရှက်ဖီးလ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို သောကြာနေ့ နံနက် ၂ နာရီခွဲတွင် ရှက်ဖီးလ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ရှက်ဖီးလ်အသင်းသည် ပရီမီယာလိဂ် ၁၂ ပွဲ ကစားပြီးချိန်တွင် နိုင်ပွဲမရရှိသေးဘဲ တစ်မှတ်သာ ရရှိထားသည့်အတွက် အမှတ်ပေးဇယား အောက်ဆုံးနေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။ မန်ယူအသင်းက ၁၁ ပွဲကစားပြီး ရမှတ် ၂၀ အထိ စုဆောင်းထားနိုင်သည့် အသင်းဖြစ်သည်။ ရှက်ဖီးအသင်းသည် ဒီဇင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၁၂)တွင် ဆောက်သမ်တန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ထို့အပြင် နောက်ဆုံးငါးပွဲတွင်လည်း ငါးပွဲစလုံး ရှုံးနိမ့်ထားသည့်အသင်း ဖြစ်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၂)တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂိုးမရှိ သရေကျထားသည်။ မန်ယူအသင်းအနေဖြင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်ရန် ယခု ရှက်ဖီးလ်အသင်းနှင့် ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသလို ရှက်ဖီးလ်အသင်းအနေဖြင့်လည်း ယခုနှစ်ရာသီ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲကို မန်ယူအသင်းနှင့် ပွဲစဉ်တွင် ဖော်ဆောင်ရန် လိုအပ်နေသည်။ ရှက်ဖီးလ်အသင်းနှင့် မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်တွင် မန်ယူအသင်းက နှစ်ကြိမ်အနိုင်ရရှိပြီး တစ်ကြိမ် သရေကျထားသည်။ ထို့ကြောင့် ရှက်ဖီးလ်အသင်းအနေဖြင့် မန်ယူအသင်းကို အစဉ်အလာအရရော ခြေစွမ်းပိုင်းအရပါ မယှဉ်သာသော်လည်း လိုအပ်နေသည့် အနိုင်ရလဒ်ကို ဆောင်ကြဉ်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ မန်ယူအသင်းကလည်း ပရီမီယာလိဂ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် နောက်ဆုံးအဝေးကွင်းငါးပွဲတွင် ငါးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အတွက် ယခုပွဲစဉ်တွင် အဝေးကွင်းနိုင်ပွဲရလဒ်ဆက်လက်ဖော်ဆောင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

ရှက်ဖီးလ်အသင်းသည် ယခုပွဲစဉ်ပြီးလျှင် ပရီမီယာလိဂ်ပွဲစဉ် (၁၄) အဖြစ် လာမည့် ဒီဇင်ဘာ ၂၀ ရက်၌ ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်ယူအသင်းက လိဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# မိုးညှင်း၊ အင်းတော်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ကာဒူကျေးရွာအုပ်စု ခါနန်ကျေးရွာရှိ မျိုးဆော့(ခ)မာလ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၉၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၁၂၇ ကီလိုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ၇ နာရီ ၂၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ကသာ-အင်းတော်သွားကားလမ်း နဘားကျေးရွာလမ်းခွဲတွင် ဖြီးထွယ်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၆၆ ကီလိုကို လည်းကောင်း။




နေထက်လင်း၊ အောင်ကိုကိုမောင်၊ ထွန်းထွန်းဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီးရှိ ၁၆ မိုင်စစ်ဆေးရေးဂိတ်တွင် ထွန်းထွန်းဦး မောင်းနှင်ပြီး အောင်ကိုကိုမောင် လိုက်ပါလာသော AD VAN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၉၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီ ၄၅ မိနစ်တွင် ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၃) အနီးတွင် နေထက်လင်း ကို ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။**ရဲပြန်ကြား**

## မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**
မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် (၄)ရပ်ကွက် ကမ်းနားလမ်းနေ မဒလိတ် (ခ) မလှလှနွယ်(မိ)၊ မအေးအေးဝင်း (မိ)နှင့် မင်္ဂလာဒုံမြို့နယ် ကျူဆန်ရွာမရပ်ကွက်နေ မအေးအေးသန်း(ခ)မအေးသန်း (မိ)တို့က မှော်ဘီမြို့နယ် (၄)ရပ်ကွက်နေ မ---(၁၈)နှစ်အား တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မှော်ဘီမြို့မရဲစခန်း (ပ) ၁၂၃၉/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် တရားခံ မဒလိတ် (ခ)လှလှနွယ်၊ မအေးအေးဝင်း၊ မအေးအေးသန်း(ခ)မအေးသန်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက်(၈၄)နှစ်

မင်းဘူးမြို့နေ (ဦးလှသောင်း-ဒေါ်မြကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းသွယ်၊ အမှတ် (၁၈) နေ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ကျော်(ညွှန်ချုပ်၊ စစစ)-(ဒေါ်ချိုလဲ့ဦး)၊ဒေါ်ဖြူဖြူတင်ဦး၊ ဒေါက်တာ မြတ်နိုး- ဒေါ်ယဉ်မာဦး(ခေတ္တ-လန်ဒန်)၊ ဦးဇော်ထွန်းဦး(ဒုညွှန်ချုပ်၊ နိုင်ငံခြားရေး)-ဒေါ်ခင်သီတာ၊ ဦးနေထွန်းဦးတို့၏မိခင်၊ မောင်ဟိန်းထက်၊ မယဉ်မြတ်နိုး၊ ဒေါက်တာဖူးငုံကျော်၊ မောင်သန့်သီဟန်ဇော်(ဖိုးသီလ) တို့၏ ဘွားဘွားကြီးသည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက် (၈၄)နှစ်

မင်းဘူးမြို့နေ (ဦးလှသောင်း-ဒေါ်မြကြည်)တို့၏သမီးငယ်၊ (ဗိုလ်ကြီးဘုန်းဝင်း-ဒေါ်တင်တင်နု)တို့၏ညီမ၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ဇနီး၊ ဒေါ်သီတာဘုန်းဝင်း-ဦးတင်အောင်၊ ဦးခိုင်ဘုန်း-ဒေါ်နီနီခင်၊ ဒေါ်စန္ဒာဘုန်းဝင်း-ဦးတင်ဝင်း၊ ဒေါ်သန္တာဘုန်းဝင်း-ဗိုလ်မှူးဝေဠု(ငြိမ်း)၊ ဒေါက်တာအောင်ကျော့ဘုန်း-ဒေါ်ခင်မိုးမြင့်တို့၏အဒေါ်၊ မြေး ရှစ်ယောက်၊ မြစ် လေးယောက်တို့၏အဘွားလေးသည် ၁၆-၁၂-၂၀၂၀ရက် နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူ တူ၊ တူမ မိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄) နှစ်

သူငယ်ချင်း ဦးမောင်မောင်ကျော် (ညွှန်ကြားရေးမှူးချုပ်၊ စစစ)-(ဒေါ်ချိုလဲ့ဦး)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၅)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး၏ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဆန်း(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့(ခ)အမေနွဲ့
### အသက် (၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်သန်းနွဲ့(ခ)အမေနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ**
**သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လှစိန်
### အသက် (၇၈)နှစ်

သူငယ်ချင်း(ဗိုလ်မှူးစိန်ကိုကို)-ဒေါ်ခင်မိုးပြာတို့၏မိခင် ဒေါ်လှစိန်သည် ၁၅-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ် (၃၂)မှ သူငယ်ချင်းမိသားစုများ**

# ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
## အသက် (၈၄)နှစ်

(ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)နှင့် ဇနီး**
**ဒေါ်မာလာတင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့်ဇနီး (ဒေါ်ချိုလဲ့ဦး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်စောဝင်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
## ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက် (၈၄)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး-ဇနီး ဒေါ်ခင်သီတာတို့၏ ချစ်လှစွာသောမိခင်ကြီး မောင်သန့်သီဟန်ဇော်(ခ)ဖိုးသီလ၏ ချစ်လှစွာသောအဘွား ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၄:၃၀ နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံစစ်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံတမန်ရေးရာဦးစီးဌာနမှဝန်ထမ်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့်ဇနီး (ဒေါ်ချိုလဲ့ဦး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းနှင့်မိသားစုများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
## ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက် (၈၄)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး-ဒေါ်ခင်သီတာတို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

| | |
|---|---|
| **ဦးမင်းသိမ်း -** | **ဒေါ်မျိုးပပထွန်း** |
| **သံအမတ်ကြီး** | **သံမှူးကြီး** |
| **မြန်မာသံရုံး** | **မြန်မာသံရုံး** |
| **ဗီယင်နာမြို့** | **ဘရပ်ဆဲလ်မြို့** |

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းသွယ်၊ အမှတ် (၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့ အသက်(၈၄)နှစ်သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းနု မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာ အောင်ခင်
## ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
## ပြည်သူ့ရေနံလုပ်ငန်း၊ မြန်မာ့ရေနံကော်ပိုရေးရှင်း
## အချိန်ပိုင်းပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက်(၈၈)နှစ်

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ဂုဏ်ထူးဆောင်နာယကနှင့် မြန်မာ့ဘူမိသိပ္ပံ အုတ်မြစ်ချပညာရှင်ကြီးတစ်ဦး ဖြစ်သော ဒေါက်တာ အောင်ခင် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ပြည်သူ့ရေနံလုပ်ငန်း၊ မြန်မာ့ရေနံကော်ပိုရေးရှင်းနှင့် အချိန်ပိုင်းပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်သည် ၁၆-၁၂-၂၀၂၀ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄) နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့်ဇနီး (ဒေါ်ချိုလဲ့ဦး)တို့၏ ချစ်လှစွာသောမိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ**
**မီးသတ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်မှူးကြီးမောင်တိုး(ငြိမ်း)
### အသက် (၇၈)နှစ်

Daekasi Development Co.,Ltd. ဒါရိုက်တာဖြစ်သူ ဦးခိုင်-ဒေါ်သန္တာအိအိဝင်းတို့၏ဖခင် ဒုတိယရဲချုပ်(ငြိမ်း)၊ အခွန်အယူခံရုံး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗိုလ်မှူးကြီးမောင်တိုး(ငြိမ်း)သည် ၁၅-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ ဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု**
**Daekasi Development Co.,Ltd**

## ဘုရား၊ သိမ်၊ ကျောင်း၊ စာကြည့်တိုက် ဒါယိကာမကြီး
# ဒေါ်ခင်နှင်းယု(ခ)မကဲနီ(မြင်းခြံ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၁၂၃၈နေ (ဦးဘို-ဒေါ်ချိုချို)တို့၏ သမီး၊ ဗိုလ်မှူးလှမောင် (ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)-ဒေါ်သန့်စင်မြင့်၊ ဦးထိန်လင်း- ဒေါ်နှင်းနှင်းဝင်းတို့၏အစ်မ၊ မောင်တက်နေဝန်း၊ မောင်တိုးနေလင်း-မနှင်းဝေဝေနွယ်တို့၏ မိခင်သည် ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ည ၈:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၂-၂၀၂၀ရက် တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
## ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက် (၈၄)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး-ဒေါ်ခင်သီတာ တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၇ Batch လုပ်ဖော်ကိုင်ဖက်များ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**သစ်တောသစ်ပင် ဒွိချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် (၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် (၁၈) နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့် ဗိုလ်ချုပ်ဇော်လွင်ဦးနှင့် ဇနီး ဒေါ်ယုယုလွင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက်(၈၄)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး- ဒေါ်ခင်သီတာတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**
**နိုင်ငံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ဦးလှမြင့်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း (၁)အခန်း(၄)နေ (ဦးလှထွန်း-ဒေါ်ကျင်သိန်း)တို့၏ သား၊ (ဦးမောင်တင်-ဒေါ်သောင်းညွန့်)တို့၏ သားသမက်၊ ဦးဖြိုးကိုကို-ဒေါ်ဖြူဖြူခိုင်၊(မစုစုလှိုင်)၊ ဦးလပြည့်ဖြိုး-ဒေါ်အိအိသွယ်ခိုင် တို့၏ဖခင်၊ မဆုသီရိကြွယ်၊ မောင်စည်သူအောင်၊ မစံရတီထက်တို့၏ အဘိုး၊ဦးခင်စော- ဒေါ်ညွန့်တင်၊ ဦးမောင်မောင်သန်း(အခြေခံပညာ၊ ငြိမ်း)၊ ဦးတင့်ဆွေ (စခန်းမှူး၊ငြိမ်း)၊ ဒေါ်ဖြူဖြူ၊ ဦးမောင်မောင်အုန်း-ဒေါ်မေတင်(ကောင်းသန့်သစ်ဆိုင်)၊ ဒေါ်ညွန့်ညွန့်ရီ(JAT-ငြိမ်း)တို့၏အစ်ကို၊ (ဒေါ်ညွန့်ညွန့်စိန်)၏ခင်ပွန်းသည် ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ည ၁၁:၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ပါမောက္ခ ဒေါက်တာ ယဉ်ယဉ်ထွန်း
### B.E, M.E(Ph.D)(Mechnical Engineering)
### စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးထွန်းမြင့်)-ဒေါ်မြသန်းတို့၏ သမီး၊ ဒိုက်ဦးမြို့နယ်နေ (ဦးတင်ငွေ-ဒေါ်စန်းမြင့်)တို့၏ သမီးချွေးမ၊ ဦးတင်မောင်ကို(C/E, UNITEAM MARINE)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဥမ္မာထွန်း၊ ဒေါ်လွင်လွင်ထွန်း၊ ဒေါက်တာနေဝင်းဇော်-ဒေါက်တာသန္တာထွန်း၊ ဦးစိုးပိုင်-ဒေါ်ခင်နှင်းဝေ၊ ဦးကျော်သက်ဝေတို့၏ အစ်မ၊ စင်ကာပူနေ ကိုစိုးဝဏ္ဏ- မဆုမြတ်ပိုင်၊ ကိုဟိန်းထက်တို့၏ မိခင်၊ မထက်နဒီမောင်၏ အဘွားသည် ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)ည ၈:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၂၀ရက် တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးသက်စိုး
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကမာကြည်ကမ်းသာယာအိမ်ရာ၊ တိုက် ၁၊ အခန်း ၁၀၂နေ (ဦးစိုးမြင့်-ဒေါ်မြင့်မြင့်ကြည်)တို့၏သား၊ သန်လျင်မြို့နေ (ဦးရွှေကျော်)-ဒေါ်စုတို့၏ သားသမက်၊ ဦးမြတ်စိုး-ဒေါ်မိုးသီတာတို့၏ညီ၊ ဒေါ်မေစန္ဒာစိုး၊ ဦးစန်းလှိုင်-ဒေါ်ဝင်းသီတာစိုးတို့၏အစ်ကို၊ သန်လျင်မြို့ဟောင်းအနောက် ဗိုလ်ကုန်းခြံနေ ဒေါ်တင်တင်သော်၏ခင်ပွန်း၊ မောင်ပြည့်စုံ၊မောင်စိုးပိုင်၊ မမေဆုပန်တို့၏ဖခင်သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄) နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး-ဒေါ်ခင်သီတာ၏မိခင်ဖြစ်သူ ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်**
**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊နဝဒေးလမ်းသွယ်၊ အမှတ် (၁၈)နေ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့ သည် ၁၆-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်(ငြိမ်း)-ဒေါ်ခင်သန့်စင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့(မင်းဘူး)
### အသက် (၈၄)နှစ်

(ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်အောင်-ဒေါ်တင်ရွှေ**
**မိသားစု**
**နတ်မောက်မြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးညိမ်းမောင်
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် (၆၇၂)နေ (ဦးဖိုးသွယ်-ဒေါ်စိန်မြင့်)တို့၏သား၊ (ဦးချန်-ဒေါ်ငုတ်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်ကြည်)၏ခင်ပွန်း၊ ဦးမောင်မောင်ကျော်၊ ဒေါ်အေးအေးငြိမ်း၊ (ဦးမြင့်သိန်း)၊ ဒေါ်တင်တင်ငြိမ်း၊ (ဦးအောင်မျိုးငြိမ်း)၊ ဒေါ်ကြည်လှိုင်၊ (ဦးမျိုးအောင်)၊ ဒေါ်ဝါဝါငြိမ်း (ဦးစီးအရာရှိ-အကောက်ခွန်)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးဗိုလ်သန်း
### (တန့်ဆည်မြို့နယ်အသင်း)
### အသက် (၈၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံ(တောင်)ရွာနေ (ဦးဖိုးရှန်-ဒေါ်မိုးဆွေ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် (၆)၊ အမှတ် (၀၀၅)နေ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးအောင်မြင့်ဦး-ဒေါ်ကြည်တင်၊ ဦးဇော်လင်းအောင်-ဒေါ်တင်တင်သန်း၊ ဦးကျော်မိုးလွင်-ဒေါက်တာ ဇင်မာလတ်တို့၏ဖခင်ကြီး၊ မြေး ခြောက် ယောက်တို့၏ အဘိုးသည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်မြအေး
### တလိုင်းရပ်၊ ရွာသစ်
### အသက် (၇၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တလိုင်းရပ်ရွာသစ်နေ (ဦးထွန်းစိန်-ဒေါ်ငွေတုတ်)တို့၏သမီးကြီး၊ အေးရွာနေ (ဦးမြ-ဒေါ်ငွေမှီ)တို့၏သမီးချွေးမ၊ (ဦးအောင်ကြည်)၏ဇနီး၊ ဦးသန်းထိုက်အောင်-ဒေါ်နှင်းမြတ်စိုးတို့၏မိခင်၊ (ဦးတင်အောင်)-ဒေါ်သန်းမြင့်၊ ဦးအောင်မြင့်-ဒေါ်ဝင်းတင်တို့၏ညီမ၊ ဦးအောင်ဝင်း၊ ဦးစိုးမင်း-ဒေါ်ခင်စန်းဝေ၊ ဦးဇော်ဦး-ဒေါ်မြထွေး၊ ဦးတင်ဝမ်း-(ဒေါ်သိန်းနု)တို့၏အစ်မ၊ တူ၊ တူမများ၏အဒေါ်သည် ၁၅-၁၂-၂၀၂၀ရက် မွန်းလွဲ ၁:၄၅နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၂၀ရက် (တနင်္လာနေ့)တွင် စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ အရှေ့ကုန်း လမ်း၊ အမှတ် (4) (3-B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဆရာဦးဆင့်
### အမက(၈)၊ အမက(၁၃)ငြိမ်း မ/ဥက္ကလာ
### မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကောင်စီဝင်(EC)(ငြိမ်း) ၁၉၇၄/၇၈
### အသက်(၉၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာနေ (ဦးဖိုးပျို- ဒေါ်အုန်းမြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးညွန့်တင်- ဒေါ်မြင့်မြင့်စန်း၊ (ဦးလှသိန်း)-ဒေါ်ငွေးမြ တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုမ္မာလမ်း၊ အမှတ် ၈၅၈နေ ဒေါ်ခင်သန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးထင်ကျော်-ဒေါ်မေမေစီ၊ ဦးထင်ပေါ်-ဒေါ်ခင်သန်းညွန့်၊(ဦးအောင်မြင်)၊ဦးအောင်ခင်- ဒေါ်စန်းစန်းဝေ၊ ဦးဝင်းမြင့်ထွန်း (ဒုညွှန်မှူး-မြေစာရင်းဦးစီးဌာန)-ဒေါ်သီတာဝင်းမောင် တို့၏မိခင်၊ မြေး ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)ညနေ၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၂၀ ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်-(ဒေါ်ချိုလဲ့ဦး)တို့၏ မိခင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊နဝဒေးလမ်းသွယ်၊အမှတ်(၁၈)နေဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်သန်းနွဲ့
### အသက် (၈၄)နှစ်

(ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)၏ဇနီး မမနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့်**
**မိသားစု**

# ဗိုလ်မှူးကြီးမောင်တိုး(ငြိမ်း) OTS-31
### ဒုတိယရဲချုပ်(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အခွန်အယူခံရုံး
### (ဘိုကလေးမြို့နယ်အသင်းဝင်)
### အသက် (၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးတွတ်-ဒေါ်စိန်တင်)တို့၏သားငယ်၊ (ဦးအေးမောင်-ဒေါ်သိန်း)တို့၏သားသမက်၊ (ဦးသန်းရီ-ဒေါ်စန်း)၊ (ဦးဆေးမောင်)-ဒေါ်ခင်မြိုင်တို့၏ ညီ/မောင်၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ သပြေလမ်း၊ အမှတ်-၃၁/၃၃နေ ဒေါ်မြမြဝင်း ၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်သူရ(ညွှန်ကြားရေးမှူး-ကကငွေ)-ဒေါ်နီနီခိုင်၊ ဦးခိုင် (Director-Daekasi Development Co.,Ltd.)-ဒေါ်သန္တာအိအိဝင်း၊ ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း) (City FM)-ဒေါ်သန္တာသတိုးနွယ်ဝင်း(ညွှန်ကြားရေးမှူး- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၊ ဦးကျော်သီဟ-ဒေါက်တာစန်းသန္တာ (ကလေးအထူးကုဆရာဝန်ကြီး- မန္တလေး)တို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄:၅၃ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးဖေသိန်း
### အသက် (၇၅)နှစ်

သူငယ်ချင်း ဗိုလ်မှူးသိန်းထွဋ်ဦး(ငြိမ်း)-ဒေါ်ဖြူဖြူအောင်တို့၏ ဖခင် ဦးဖေသိန်းသည် ၁၆-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ် (၃၂)မှ သူငယ်ချင်းမိသားစုများ**

## သင့်သွေး
## ဖြင့်
## အသက်
## ကယ်ပါ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၃၃ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၃,၁၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၃၃) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၆-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၃၁) ခု | (၁၉၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၇၁၅) ခု | (၃၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၄၂) ခု | (၇၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၈) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၆၄၅) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၆၅၂) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၅) ခု | (၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၆) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၃၄) ခု | (၂၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၈၀) ခု | (၅၇၂) ဦး |
| စုစုပေါင်း | (၂၃,၁၀၉) ဦး | (၁,၂၃၃) ဦး |


- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | ၇-၁၂-၂၀ | ၈-၁၂-၂၀ | ၉-၁၂-၂၀ | ၁၀-၁၂-၂၀ | ၁၁-၁၂-၂၀ | ၁၂-၁၂-၂၀ | ၁၃-၁၂-၂၀ | ၁၄-၁၂-၂၀ | ၁၅-၁၂-၂၀ | ၁၆-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၆.၆ | ၅.၆ | ၆.၉ | ၅.၉ | ၆.၆ | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၇-၁၂-၂၀၂၀) ရက်နေ့မှ (၁၆-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄)ခုမှ အများဆုံး(၂၄,၀၉၉) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၁,၅၄၈) ခု ဖြစ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ✳

# ပြည်တွင်းလေကြောင်းခရီးစဉ်များ ကျန်းမာရေး စံသတ်မှတ်ချက်များနှင့်အညီ ယနေ့ပြန်လည်ပြေးဆွဲ



ပြည်တွင်းလေကြောင်းစီး ခရီးသည်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ ဓာတ်ပုံ - လင်းညွန့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းထားသော ပြည်တွင်းလေကြောင်း ခရီးစဉ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ယနေ့ ပြန်လည်ပြေးဆွဲကြောင်း သိရသည်။

ပြည်တွင်းပြေးဆွဲသော လေကြောင်းလိုင်းများအနက် ယနေ့တွင် မြန်မာအမျိုးသားလေကြောင်း (MNA) နှင့် Air KBZ တို့ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI)မှာ Air KBZ နှင့် အကျိုးတူ ပူးပေါင်း၍ ဒီဇင်ဘာ ၂၁ ရက်တွင် ပြေးဆွဲမည်ဖြစ်ပြီး ရွှေမြန်မာလေကြောင်းလိုင်းမှာ ဒီဇင်ဘာ ၁၇ ရက်တွင် စစ်တွေ၊ ဟဲဟိုး၊ တာချီလိတ်မြို့များသို့ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ အဲသံလွင်လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့မှာ စတင်ပျံသန်းပြေးဆွဲမည့်ရက်ကို အသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ စတင်ပြေးဆွဲသော မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် Air KBZ လေကြောင်းလိုင်းတို့မှာ *စာမျက်နှာ ၂၃ ကော်လံ ၅* ◆

## ယနေ့ မာ တိ ကာ

### ရန်ကုန်တက္ကသိုလ်နှင့် ပထမဦးဆုံး စာပေပါရဂူဘွဲ့ရသူ လယ်တီဆရာတော်ဘုရားကြီး

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး

စာ ၆

### ဂျာမနီနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၂၇၇၂၈ ဦးရှိကြောင်း ဖော်ပြ

စာ ၁၃

### နိုင်ဂျီးရီးယားနိုင်ငံ၌ ကျောင်းသားကလေးငယ် ရာနှင့်ချီ ပျောက်ဆုံးလျက်ရှိ

စာ ၁၄

# ပရီမီယာလိဂ်ပွဲစဉ် (၁၃) မှ ဗီလာနှင့် ဘန်လေ၊ ရှက်ဖီးလ်နှင့် မန်ယူအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်



ပရီမီယာလိဂ်ပွဲစဉ် (၁၃) မှ ပွဲစဉ်နှစ်ပွဲဖြစ်သည့် အက်စ်တွန်ဗီလာနှင့် ဘန်လေ၊ ရှက်ဖီးလ်နှင့် မန်ယူအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို သောကြာနေ့ နံနက် ၀၁း၃၀ နာရီတွင် အက်စ်တွန်ဗီလာအသင်း အိမ်ကွင်းဖြစ်သည့် ဗီလာပတ်ခ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ဒီဇင်ဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ် (၁၂) တွင် ဝုဖ်အသင်းကို အယ်ဂါဇီ၏ ပယ်နယ်တီဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်တွင် ရမှတ် ၁၈ မှတ်အထိ ရရှိထားသည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် ဘန်လေအသင်းကလည်း ပွဲစဉ် (၁၂) တွင် အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ဘန်လေအသင်းအနေဖြင့် ယခုနှစ်ပရီမီယာလိဂ် ၁၁ ပွဲကစားပြီးချိန်တွင် ရမှတ်ကိုးမှတ်သာ စုဆောင်းရရှိထားသေးသည်။

အက်စ်တွန်ဗီလာအသင်းနှင့် ဘန်လေအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်တွင် ဗီလာအသင်းက နှစ်ကြိမ်အနိုင်ရရှိပြီး နှစ်ကြိမ်သရေကျထားကာ ဘန်လေအသင်းက တစ်ကြိမ်ပြန်လည်အနိုင်ရရှိထားသည်။ အက်စ်တွန်ဗီလာအသင်းသည် ယခုနှစ်ရာသီအစပွဲစဉ်များတွင် ခြေစွမ်းကောင်းများပြသပြီး နိုင်ပွဲများရယူထားနိုင်သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းကျဆင်းကာ *စာမျက်နှာ ၂၃ ကော်လံ ၁* ✪